www.burmeseclassic.com



www.burmeseclassic.com

ရွှန်းရမီမိုး

မိုခို

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

ရွှန်းရမီမိုး

မိုခို၊ ရွှန်းရမီမိုး (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၇

၂၄၀-စာ၊ ၅×၇

(၁) မိုခို၊



ဒေါ်ဖြူဖြူသစ်ရဲ့ မျက်နှာထားက တင်းထန်နေသည်။ သူမရှေ့မှာ ဒူးထောက်ထိုင်နေတဲ့ မျက်နှာနှစ်ခုကို တစ်လှည့်ဆီ စူးရဲစွာကြည့်ရင်း ယူကျုံးမရ နှမြောတသခြင်းနဲ့ ဒေါသတရားတွေ မကျေနပ်ခြင်းတွေကပါ အားပြိုင်နေ၏။

သေွးကြောတွေ ပေါက်ထွက်ခမန်း တင်းတင်းစေ့ထားရတဲ့ နှုတ်ခမ်းတွေက စကားပြောဖို့တောင် လှုပ်မရဘဲ ဆတ်ဆတ်တုန်နေသည်။

မျက်နှာလွှဲပစ်လိုက်သည်။ မကြည့်ချင်။ လောလောဆယ် ဒီမျက်နှာနှစ်ခုလုံးကို မကြည့်ချင်တော့။

"အမေကြီး စိတ်လျှော့ပါကွာ။ ကဲ ... သား၊ မင်းတို့လည်း အခန်းထဲသွားနားကြတော့"

"ဘယ်အခန်းကို သွားနားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားအခန်းပဲပေါ့ကွ"

"အဲဒီအခန်းက သူနဲ့ တန်လို့လား၊ နင်တို့နှစ်ယောက် ကားဂိုဒေါင်ထဲမှာ ဖြစ်သလို သွားနေကြ"

"အမေကြီး"

"ကိုထွန်းမောင် ဒါ ကျွန်မအတတ်နိုင်ဆုံး လက်ခံနိုင်တာပဲ။ သစ်မောင် ... မင်းပါ ကားဂိုဒေါင်မှာ သွားနေ။ သူ့ကို ငါ့အိမ်မကြီးပေါ် မလာစေနဲ့"

ပြောပြီးတာနဲ့ ထထွက်သွားတဲ့ ဒေါ်ဖြူဖြူသစ်ရဲ့ ခြေလှမ်းတွေမှာ ဒေါသတွေ ထပ်ဆင့်လို့ပေါ့။

"မင်းတို့အမေ စိတ်ဆိုးတုန်းမို့လို့ပါ။ သည်းခံကြ။ အခု သူ့စိတ်တိုင်းကျ သူနေခိုင်းသလို နေပေးလိုက်။ နောက်တော့ သူ စိတ်ဆိုးပြေသွားမှာပါ"

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

မဝံ့မရဲ ချောင်းကြည့်နေတဲ့ အိမ်တော်စိုးကြီးကို ဒယ်ဒီကပဲ ...

"ဒေါ်အေး ... သူတို့ကို ကားဂိုဒေါင်မှာ အခန်းပြင်ဆင်ထားပေးလိုက်"





"ဟုတ်ကဲ့ပါ ဆရာကြီး"

သစ်မောင်မောင် တစ်ယောက် လက်ထပ်ထားကာစ ဇနီးမယားအလှကို အသာလက်ဆွဲကာ ဒယ်ဒီရှေ့က ထွက်ခဲ့ရသည်။

သစ်မောင်မောင်က ဒယ်ဒီ့ကုမ္ပဏီက စာရင်းစစ်မလေး အိချိုကို ခိုးပြေးလို့ မာမီ ဒေါသထွက်နေတာပါ။

ဒေါသထွက်လည်း ထွက်ချင်စရာလေ။ သစ်မောင်မောင်က အင်္ဂလန်မှာ ကျောင်းတက်ပြီး ပြန်လာတာ မကြာသေး။ အိုင်တီခေတ်ကြီးမှာ အားလုံးက တွက်ချက်နေကြတာ။ နှလုံးသားနဲ့တည်ဆောက်တဲ့ အိမ်ထောင်ရေးထက် ကွန်ပျူတာနဲ့ ညှိမှုခြင်းချတဲ့ အိမ်ထောင်ရေးတွေက ပိုများနေခဲ့သည်။

တန်ရာ တန်ရာ တူရာ တူရာ အိမ်ထောင်ပြုကြတဲ့ခေတ်ကြီးမှာ အင်္ဂလန်မှာ ဘွဲ့ယူထားတဲ့ သူဌေးသားက ကုမ္ပဏီက သာမန်ဝန်ထမ်းမလေးကို ခိုးပြေးတော့ ပတ်ဝန်းကျင်ကလည်း ကဲ့ရဲ့။ မအေဖြစ်သူ ဆိုတာလည်း နာလိုက်တာ ဆတ်ဆတ်ခါနေသည်။

ရသလောက်လိုက်ဖျက်၊ ငွေရှိသူတို့ ထုံးစံအတိုင်း ပိုက်ဆံပေးပြီး လိုက်ဖျက်ပေမယ့် သားဖြစ်သူ သစ်မောင်မောင်ကပဲ

www.burmeseclassic.com



သူ့ကို သားအဖြစ်ကသာ စွန့်လွှတ်လိုက်ပါဟု ဆိုလာတော့လည်း ဒေါ်ဖြူဖြူသစ်မှာ မစွန့်နိုင်။ မွေးထားတာမှ ရှားရှားပါးပါး ဒီတစ်ယောက်တည်း။ တစ်ဦးတည်းသောသားကို ချစ်တာမှ တုန်နေသည်။

သားကို မစွန့်နိုင်တော့ မလိုလားတဲ့ ချွေးမကို လက်ခံလိုက်ရသည်။

ဒါပေမဲ့လည်း မင်္ဂလာလည်း မဆောင်ပေး။ လူသိရှင်ကြားလည်း မကြေညာပေးပါ။ ခိုးမပြေးခင်ကတည်းက လက်မှတ်ထိုးထားတာမို့ ထိုလက်ထပ်စာချုပ်နဲ့ပဲ စခန်းသိမ်းလိုက်ရသည်။

အိချိုကတော့ စိတ်တွေညစ်ရလွန်းလို့ တစ်ချိန်လုံး ခေါင်းတွေကိုက်သည်။

ကိုသစ်က တစ်မျိုး၊ သူ့အမေက တစ်မျိုး။ ကိုသစ်အမေ ဒေါ်ဖြူဖြူသစ်က နဂိုတည်းက မာနကြီးကြီး ခပ်ချေချေ။ ပြောစရာရှိရင် မျက်နှာကိုမကြည့် ပိုးဆိုးပက်ဆက် ပြောတတ်သည်။ ကိုသစ် ဒယ်ဒီကတော့ ဝန်ထမ်းတွေအပေါ် နည်းနည်းညှာသည်။ မိသားစုစိတ်ဓာတ် နည်းနည်းရှိသည်။





ဒေါ်ဖြူဖြူသစ်က စည်းကမ်းအတိုင်းပဲ ဆက်ဆံသည်။ လုံးဝမညှာ။ ထို့ကြောင့် အိချိုတို့က သူဌေးရော သူဌေးကတော်ကိုပါ ကြောက်ရသည်။

ကိုသစ် ပြန်လာတော့ ပိုဆိုးသည်။ ကိုသစ်ကိုပါ ကြောက်တာ။ အိချိုဆို ကိုသစ်ရှေ့ရောက်ရင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ကြောက်ပြီး ယောင်နေသည်။

ပြီးတော့ ကိုသစ်တို့ မိသားစုတွေက သူတို့ချင်း စကားပြောရင် အင်္ဂလိပ်လိုပြောကြတာ။ အိချိုတို့ရှေ့မှာ ပြောရင် နားလည်အောင် မနည်း နားထောင်နေရတာ။ အိချိုဆိုရင် သိပ်စိတ်ညစ်သည်။

သူဌေးမိသားစုဝင် တစ်ယောက်ယောက် ရုံးခန်းထဲ ဝင်လာတာနဲ့ ကိုယ့်ကို သတိမထားမိအောင် လျှိုကုပ်နေတာ။

သူများတွေက သူဌေးကို ဖားပြီး မျက်နှာပြနေချိန် အိချိုက မမြင်ရအောင် ရှောင်ပုန်းနေတာ။

အိချိုက အေးအေးဆေးဆေးသမား။ မျက်နှာလေးကလည်း ယဉ်ယဉ်လေးနဲ့ အေးချမ်းစွာလှတာ။ သူများတွေကို ကာလာတွေမခြယ်ဘဲ သနပ်ခါးလေးနဲ့ မှန်ဝင်းနေအောင်လှတာ။



www.burmeseclassic.com

www.burmeseclassic.com



ရုံးယူနီဖောင်းကလည်း ရင်ဖုံးနဲ့ လုံချည်ပဲ ဝတ်ရတာဆိုတော့ အိချိုက အမြဲ ဆံထုံးလေး ထုံးထားတာမို့ ကျက်သရေရှိရှိလေးလှ၏။ ရုံးက လုပ်ဖော်ကိုင်ဖက် ပုရိသတွေထဲက လွတ်လပ်သူတွေဆိုလည်း အိချိုကို သဘောကျကြသည်။

ချစ်ရေးဆိုထားသူတွေလည်း အများကြီး။ သို့သော် ထိုသူတွေထဲမှာ အင်္ဂလန်ပြန် သူဌေးသား ပါလာခဲ့သည်။

❖ ❋ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ ဝဏ္ဏ(ဂ)၊ ဧရာဝတီလမ်း၊ (ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





သစ်မောင်မောင်ကလည်း ဖြူနီပြာဝါ အရောင်စုံစွာ တွေ့ခဲ့ဖူးပါသည်။ သူ့ပတ်ဝန်းကျင်မှာ ရှိသမျှ ဖျတ်ဖျတ်လတ်လတ်၊ သွက်သွက်ကဲကဲတွေ များသည်။ တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိပြီး စူးရှထက်မြက်နေတဲ့ မိန်းမသားတွေလို့ ဆိုရမှာပေါ့။

သူနဲ့တန်းတူ ပညာတတ်သော၊ သူနဲ့တန်းတူ ပိုက်ဆံရှိသော မိန်းမတွေပေါ့။ အားလုံး ခြင်္သေ့မတွေချည်းပဲ။

ထို့ကြောင့် အိချိုကို တွေ့လိုက်ရတော့ သူ့အတွက် အသစ်အဆန်း ဖြစ်သွားသည်။ အမြဲကြောက်ရွံ့နေတဲ့ ယုန်သူငယ်မလေးကို သတိထားမိသွားသည်။ ထိုယုန်သူငယ်မလေးမှာ ဖြူနီပြာဝါ ကာလာတွေလည်း မရှိ။ ပကတိအေးချမ်းတဲ့ အလှတရားကလည်း သူ့ကို ရင်ခုန်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် အမြဲကျိုးနွံနေမယ့် မိန်းမမို့လို့ ပိုသဘော ကျသည်။

သူက သူနဲ့ ပခုံးချင်းယှဉ်ပြီး ရင်ဘောင်တန်းမယ့် မိန်းမမျိုးကို သဘောမကျ။

ထို့ကြောင့် သူ အိချိုအကြောင်း စုံစမ်းခဲ့သည်။

သာမန်မိသားစုလေးပဲ။ မိဘတွေက ဝန်ထမ်းတွေ။ အိချိုက တစ်ဦးတည်းသောသမီး။ ရှုပ်ရှုပ်ယှက်ယှက်မရှိ။ အေး အေးဆေးဆေးသမားတွေ။

ထိုမှလောက် သိရရုံနဲ့ သူ အိချိုကို ခိုးပြေးခဲ့တာပါ။ ဟုတ်ပါတယ်။ ချစ်ရေးမဆိုရသေးပါပဲ သူ အိချိုကို တစ်ခါတည်း ခေါ်သွားတာပါ။

အဲဒီနေ့က ...

"အိချို"

"ရှင်"

"မိုလ်ချုပ်ဈေးမှာ ဝယ်စရာရှိလို့။ ခဏ လိုက်ခဲ့ပါ"

"ရှင်"

"မြန်မြန်"





ထိုသို့ ခပ်တည်တည်ပဲ ကားပေါ်ခေါ်တင်လာတာ ပါ။ တစ်ဦးတည်းသော သား။ သူဌေးသားဆိုတဲ့ ဂုဏ်ထူးတွေက သူ့ကို လိုချင်တာရအောင် ယူတတ်တဲ့သူဖြစ်အောင် တွန်းပို့နေ သည်။

သူ့ရဲ့စတေကာ တပ်ထားတဲ့ ကားမှန်မည်းကြီးတွေ ကြောင့် ကားထဲကို ဖောက်ထွင်းမမြင်နိုင်ပါ။ အိချိုကို နောက်ခန်း ထဲထည့်ပြီး ကားကို လော့ခ်ချ မောင်းလာလိုက်တာ မိုလ်ချုပ် ဈေးနဲ့ ဆန့်ကျင်ဘက်အရပ်သို့။

"ဆရာ ဘယ်သွား ... ဘယ်သွားမလို့လဲဟင်"

"နတ်ပြည်"

"ရှင်"

ထိုတစ်ခွန်းကလွဲပြီး ဘာမှ ဆက်မမေးဘဲ မျက်လုံး ပြူးနဲ့ ပါလာတာ။

မာမီတို့ မသိအောင် သူဝယ်ထားတဲ့ခြံမှာ သူမှာ ထားလို့ သူ့တပည့်တွေက အရာရာ စီစဉ်ကာ အဆင်သင့်စောင့် ကြိုနေသည်။

သူ့ကားရပ်လိုက်တာနဲ့ ခြံတံခါးကို အဆင်သင့်ဖွင့် ပေးပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲရောက်တာနဲ့ ...

"ကဲ ... ဆင်း အိချို"

ဆင်းလာတဲ့ပုံစံက ကုပ်ဖေးဖေး။

"လာ"

အိမ်ထဲ ဝင်လာတာနဲ့ အေးစိမ့်နေတဲ့ air-con အငွေ့တွေက ဆီးကြိုနေသည်။ ကားပေါ်မှာလည်း အေးစက်နေသည်။ အိချိုက air-con အေးတဲ့ အအေးဒဏ်ကို မကြိုက်။

"အိချို"

"ရှင်"

"ကိုယ့်ကို လက်ထပ်နိုင်မလား"

"ရှင်"

"ကိုယ် အခု အိချိုကို ခိုးလာတာ"

"ရှင်"

အိချို မျက်လုံးထဲ ပြေးမြင်လိုက်တာက ဒေါ်ဖြူဖြူသစ် မျက်နှာကြီး။

"ဆရာ"

"ကိုယ် အိချိုကို ပြန်မလွှတ်ဘူးနော်"





"အိချို ပြန်ပါရစေ ဆရာ။ အိချို တောင်းပန်ပါတယ်။ အိချို မိကောင်းဖခင်သားသမီးပါ ဆရာ၊ အဲလိုမလုပ်ပါနဲ့"

"နိုး ... နိုး ... ကိုယ့်ကို အထင်မလွဲပါနဲ့။ ကိုယ် အိချိုကို အတည်လက်ထပ်မှာပါ။ ခဏနေ ရှေ့နေရောက်လာလိမ့်မယ်"

"ဆရာ့မှာမိ သဘောတူမှာ မဟုတ်ဘူး ဆရာ"

"အဲဒါ အရေးမကြီးပါဘူး။ အရေးကြီးတာက ခဏနေရင် အိချို လက်မှတ်ထိုးဖို့ပဲ"

"ရှင်"

"ကိုယ် အိချိုကို ချစ်တယ်။ တရားဝင် လက်ထပ်မှာပါ"

အိချိုမှာ သူဌေးသားကို ချစ်လား မချစ်လားတောင် ဝေခွဲမရပါပဲ။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမဆောင်ပေးသလို အိချိုတို့ဘက်ကို အသိအမှတ်ပြုတောင် လိုက်မပြောပေးပါ။

မေမေတို့ကို ကန်တော့ပွဲတစ်လုံးနဲ့ လိုက်အပ်ပေးတာ ကုမ္ပဏီက မန်နေဂျာတွေ။

သစ်မောင်မောင် မိဘဆွေမျိုးတွေမပါ။

အိချိုရဲ့မိဘတွေက မကျေနပ်ကြပေမယ့် ရှေ့ရေးနောက်ရေး မျှော်တွေးပြီး ဘာမှမပြောကြ။

အိချိုကိုလည်း မဆူပါ။ အိချို မိဘတွေ အေးလွန်းလို့ ကြားလူတွေတောင် မချင့်မရဲ ဖြစ်ကြသည်။

အဲဒီလိုနဲ့ အိချိုရဲ့မင်္ဂလာပွဲ ပြီးသွားပါသည်။





သစ်မောင်မောင်ရဲ့ မိဘတွေက သူတို့ဆီ ပြန်လာနေဖို့ခေါ်လို့ သွားကန်တော့တဲ့ အချိန်မှာ ခုလို ကားဂိုဒေါင်မှာ နေဖို့ပြောတာပါ။

ကားဂိုဒေါင်ဆိုပေမယ့် သူဌေးအိမ်က ကားဂိုဒေါင်က အိချိုတို့ရဲ့ တိုက်ခန်းအစုတ်ကလေးထက်တောင် သားနားနေပါသေးသည်။

အိချိုအတွက်တော့ အမည်သာမလှတာ နေလို့ဖြစ်ပါသည်။

မနေတတ်တာ သစ်မောင်မောင်။

"ကျွတ် ... နေရတာ အဆင်မပြေဘူး။ ကိုယ် မာမီ့ကို သွားပြောဦးမယ်"

"အိချိုကတော့ အဆင်ပြေတယ်နော် အစ်ကို"

ကိုကိုတွေ မောင်တွေခေါ်တာ မကြိုက်ဘူး။ အစ်ကိုလို့ ခေါ်ဆိုလို့ သူ့အကြိုက် လိုက်ခေါ်ရပါသည်။ သူ ထွက်သွားတာကိုကြည့်ပြီး အိချို သက်ပြင်းချမိသည်။ အိချိုကတော့ သူတို့တိုက်ကြီးပေါ်မှာ မနေချင်ပါ။ ခုလို ကားဂိုဒေါင်ဘက်မှာ နေရတာက ပိုအဆင်ပြေပါသည်။ ဒါပေမဲ့ သူတို့သားအမိကြားမှာ ဘာမှ မပြောချင်ပါ။ ပြောခွင့်မရှိသလိုလည်း ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသာ ရလိုက်တာ ဒီယောက်ျားကို ချစ်မိသလား၊ မချစ်သလားတောင် မသိ။ သေချာတာက ကြောက်တာပဲသိ၏။

ယောက်ျားကို ကြောက်သလို ယောက္ခမတွေကိုလည်း ကြောက်သည်။

အိချို အဖြစ်က မထင်မှတ်ဘဲ အိမ်ထောင်ကျရတာလေ။ ဒါပေမဲ့ သူဌေးသားကတော် ဖြစ်ရတာကို လုံးဝမပျော်ဘူး ဆိုတာ ကျိန်ပြောရဲပါသည်။

ခဏာနေတော့ အစ်ကို ပြန်ဝင်လာသည်။ ခုတင်ပေါ် လှဲကာ ဘာမှတော့ မပြောပါ။ သူမလည်း မမေးပါ။

သစ်မောင်မောင်ကလည်း အနေအေး စကားနည်းသော မယားအလိမ္မာလေးကို သဘောကျပါသည်။

သူ မေမေ့ဆီသွားတာ မေမေ့ဆီမရောက်ပဲ ဖေဖေနဲ့ပဲ တွေ့ခဲ့ရပါသည်။

"သား ခုချိန်မှာ မင်းမာမိ သွေးပူနေတယ်။ ထိပ်တိုက်သွားမတွေ့နဲ့။ မင်းလုပ်ချင်တာ လုပ်ပြီးပြီ။ မာမိ့ကို စိတ်ဒုက္ခထပ်မပေးနဲ့။ သူ ဘယ်လောက် စိတ်ထိခိုက်နေမလဲ





ဆိုတာ မင်းလည်း သိမှာပါ။ ခုချိန်မှာ သူ့အကြိုက်နေပေးလိုက်"

သူ့မိဘတွေ ခုချိန်ထိ အိချိုကို ဘာလို့ယူတာလဲ ဆိုတာ မမေးကြပါ။ အိချိုကို လက်မခံနိုင်ဘူးဟု ပြောခဲ့တုန်းက သူကလည်း အိချိုကို လက်မခံရင် သူ့ကိုပါ စွန့်လွှတ်လိုက်ပါဟု ပြောခဲ့၍ သူနဲ့ အိချိုကို လက်ခံပေးခဲ့တာပါ။

သူ့မာမိရဲ့ ယူကျုံးမရခြင်းကို သိလို့ ဒယ်ဒီကလည်း ထိန်းနေတာပါ။ တကယ်တော့ ဒယ်ဒီလည်း နှစ်မြို့မှာ မဟုတ်။

တကယ်တော့ အိချိုခမျာလည်း သူ့နောက်ကို ဘုမသိ ဗမသိ ပါလာရတာပါလေ။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



ကားဂိုဒေါင်မှာနေတယ် ဆိုတာ သူမတစ်ယောက်တည်း နေရသလိုပါပဲ။ သစ်မောင်မောင်နဲ့ ယူကတည်းက သူမကိုအလုပ်မလုပ်ခိုင်းတော့။ ရုံးကို လုံးဝမလိုက်ရဟု ဒေါ်ဖြူဖြူသင်က အမိန့်ပေးထားသည်။

သစ်မောင်မောင်ကတော့ အလုပ် လုပ်ရ၏။ မနက်ဆိုလည်း အစောကြီးထကာ Golf သွားရိုက်သည်။ ပြန်လာရင် ရေချိုး အဝတ်အစားလဲပြီး မနက်စာကို အိမ်မကြီးပေါ်မှာ သူ့မိဘတွေနဲ့ သွားစားရသည်။ အိချိုကတော့ အိမ်မကြီးပေါ်တက်ခွင့်မရှိ။ အိချိုကို လာပို့သည်။ နေ့လယ်ကျတော့လည်း သူတို့ထရုံးမှာ။ ထမင်းချိုင့် ပို့ပေးရသည်။

အိချို တစ်ယောက်တည်း စားရသည်။ ညကျတော့လည်း သူတို့မှာ ဒင်နာပေါင်းစုံ မလွတ်ရအောင် ပတ်သွားနေရ





တာနဲ့ အိချို တစ်ယောက်တည်း စားရသည်။ ဘယ်ဒင်နာ ဘယ်ပွဲမှ တွဲမလိုက်ရ။ ယောက္ခမက သဘောမကျသလို သစ်မောင်မောင်ကိုယ်တိုင်ကလည်း တခုတ်တရ တစ်ခါမှ မခေါ်ဘူး။

ညဆို ဆယ့်နှစ်နာရီ တစ်ချက်မှ ပြန်လာ။ မနက်ဆို ငါးနာရီလောက်ဆို ထွက်ပြီ။

အိချို ဘဝက အိမ်ပေါ်လုံးဝတက်ခွင့်မရှိသလို သူတို့မရှိမှ ခြံထဲဆင်းရဲသည်။

သူမ ဘဝက အလုပ်သမားတွေလောက်တောင် မလွတ်လပ်။

အလုပ်သမားတွေ လာပို့တဲ့ ထမင်းချိုင့်လေးဖွင့်စား။ စားပြီးရင် ဆေးစရာမလိုဘဲ ဒီတိုင်းထားလိုက်ရုံပဲ။

ပျင်းလို့ အမေတို့အိမ် သွားဖို့ကြတော့လည်း အမေနဲ့အဖေက ဝန်ထမ်းတွေဆိုတော့ အိမ်မှာမရှိ။

သူငယ်ချင်းတွေဆီ ကျတော့လည်း မသွားချင်။ ကိုယ့်အဖြစ်က လူကြားလို့တောင် မကောင်းဘူးလေ။ မေးလို့တောင် ဖြေချင်စရာ မကောင်းတဲ့ ဘဝဆိုတော့ အိချိုလည်း ဒီလိုပဲ အဆင်ပြေသလို နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်မောင်မောင် တစ်ယောက် သူမကို ချစ်တယ် ဆိုတာ ဟုတ်မှဟုတ်ရဲ့လားဟုတောင် ထင်ရသည်။ ဒါပေမဲ့ ဖြစ်သမျှအကြောင်း အကောင်းပဲမှတ်ကာ ဘာမှမပြောချင်တော့။

အိချို့ တိတ်ဆိတ်လွန်းတာကို အိမ်ဖော်တွေတောင် အံ့ဩသည်။ အိမ်ဖော်တွေက အိချို့ကို သနားသလို အိချို့ ဘယ်တော့ ပြန်ပြေးမလဲဟု တွက်နေသူတွေလည်းရှိသည်။ သစ်မောင်မောင်နဲ့ အိချို့တို့ရဲ့ အကွဲအပြဲနဲ့ ဇာတ်သိမ်းကို သေချာပေါက် ကွဲမှာပဲဟု သဘောထား ယုံကြည်ချက်တွေနဲ့ စောင့်ကြည့်နေကြသူတွေလည်းရှိသည်။

အိမ်မှာရော ရုံးမှာရော ရှိသမျှလူတွေက ဒေါ်ဖြူဖြူသစ် အနုနည်းနဲ့ ပညာပြနေတာကို သိသည်။

ထို့ကြောင့်လည်း အားလုံးက စောင့်ကြည့်နေပေမယ့် အိချို့က ပျော့ပျောင်းလွန်းနေတာမို့ သည်းခံလွန်းနေတာမို့ ဇာတ်မျောကြီး ဖြစ်နေ၏။

ဦးထွန်းမောင်ကလည်း သူ့မိန်းမသဘောကျ လွှတ်ထားကာ ဘာမှမပြော။ မပြောတာက သူလည်း အစာမကြေလို့လေ။





အဓိကတော့ သစ်မောင်မောင်ပါ။ ချစ်လို့ယူတယ် ပြောပေမယ့် အိချို့ကို ပစ်ထားသလိုပဲ။ ဒေါ်ဖြူဖြူသစ် ရက်စက်တာထက် သစ်မောင်မောင် ရက်စက်တာက ပိုဆိုးသည်။

မခမ်းနားတဲ့ ကားဂိုဒေါင်အပေါ်ထပ်မှာ T.V, air-cond, ရေခဲသေတ္တာ စသဖြင့် အဆင်းတန်ဆာတွေတော့ ရှိပါသည်။ ဒါပေမဲ့ မှန်တင်ခုံမရှိ။ အလှအပ အဆင်တန်ဆာရယ်လို့ ဘာတစ်ခုမှ ဝယ်ပေးရကောင်းမှန်း မသိသော သစ်မောင်မောင်ပါ။ ဗီရိုထဲမှာ ပိုက်ဆံတော့ရှိသည်။

"ဒီမှာ ပိုက်ဆံရှိတယ်၊ သုံးစရာရှိရင် ယူသုံးနော်"

ပြောထားပေမယ့် သူမ တစ်ခါမှ ယူမသုံးတာ သူသိတောင် သိရဲ့လားမသိ။ ဘာမှလဲ သုံးစရာမရှိ။ စားစရာ လာပို့သည်။

ဝတ်စရာ ပါလာတာတွေပဲ ဝတ်သည်။ အပြင်လည်း မထွက်။ ဒီတော့ ဘာများသုံးစရာရှိမှာလဲ။

ဒီကိုလိုက်လာတည်းက ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးတွေ သယ်လာကာ သနပ်ခါး ခြေဆုံး ခေါင်းဆုံးလူးပြီး နေလိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရုံးမှာ လုပ်နေတဲ့သူဆိုတော့ ပထမတော့ နေရထိုင်ရတာ အသားမကျပေမယ့် အိချိုက အစကတည်းက ခပ်အေးအေးမို့ အဆင်ပြေသွားတာပါပဲ။

တကယ်တော့ အိချိုက လောကကြီးကို စိတ်ကုန်သွားတာပါ။ ဘာလို့ သစ်မောင်ကို လက်ထပ်မိလဲ။ သူ့ဒွေးနဲ့ ဝန်ထမ်းကို ဒီလောက်တောင် ကြောက်ရလားဟု ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရ ဖြစ်မိပေမယ့် သူမ ဖြစ်လာသမျှကို ခါးစည်းခံနေသည်။ ခုထိ သစ်မောင်မောင်ကို ဘာတစ်ခွန်းမှ သိပ်မပြောဖြစ်သေးပါ။

❖ ❋ ❖





ကားဂိုဒေါင် ခေါင်မိုးပေါ်ပဲ အိချို ကိုယ်ဝန်ရှိပါသည်။

ထိုနေ့က သူ Golf ကွင်းသွားဖို့အတွက် အဝတ်အစား ထထုတ်ပေးရင်း မိုက်ခနဲဖြစ်ကာ မူးလဲသွားသည်။ အရင်ရက်ကတည်းက မူးနေတာပါ။ ခဏ ခဏလည်း ပျို့နေတာ။ လေတွေလည်းအန်။ ဒါပေမဲ့ သူမ သူ့ကို မပြောခဲ့ဘူး။ ရောဂါဆိုရင်လည်း မကုဘူးဟု စိတ်ဆုံးဖြတ်မိတဲ့အထိ စိတ်ဓာတ်ကျနေခဲ့တာပါ။ ကိုယ်ဝန်ရှိခြင်းဆိုတဲ့ အရာကို သတိတောင်မရခဲ့ဘူး။

အဲဒီနေ့က မူးလဲတာကို သူ တွေ့သွား၏။

"အိချို ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး"

www.burmeseclassic.com



"ထစမ်း"

မူးနေတဲ့ကြားထဲက ကြိုးစားပြီး ထရ၏။ ထမရဘဲ လူက ချာချာလည်နေသလို ခံစားရသည်။

"မထနိုင်ဘူးလား"

သူ့ကို ဘာမှပြန်မပြောနိုင်။ သူက သူမကို သေချာလာကြည့်သည်။

"မျက်နှာတွေလည်း ချောင်ကျနေပါလား။ နှုတ်ခမ်းတွေလည်း ဖြူနေတယ်။ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ချွေးတွေနစ်နေတာပဲ။ လာ ... ကိုယ် ခုတင်ပေါ်ပွေ့တင်ပေးမယ်"

"ဟင်း ... ရပါတယ်။ ထူပဲ ထူပေးပါနော်"

"လာပါ"

သူမကို ပွေ့ကာ ခုတင်ပေါ် တင်ပေးလိုက်သည်။

"ခဏလေး ကိုယ်အဝတ်အစား ပြန်လဲလိုက်ဦးမယ်၊ Golf ကွင်း မသွားတော့ဘူး၊ ဆရာဝန်ပင့်ဖို့က စောနေသေးတယ်"





"ရပါတယ် မပင့်ပါနဲ့"

"ကိစ္စမရှိပါဘူး၊ ကိုယ်နဲ့ Golf ရိုက်နေတဲ့ ပါတနာထဲမှာ ဆရာဝန်ပါတယ်၊ သူ့ပဲ လှမ်းဖုန်းဆက်ရမှာပဲ"

"အဲလောက် မဟုတ်ပါဘူး၊ ရပါတယ်"

သစ်မောင်မောင်က သူမကို ဘာမှမပြောတော့ဘဲ ဆရာဝန်ကို ဖုန်းလှမ်းဆက်နေပြီ။

သူမလည်း တော်တော်မူးနေတာမို့လို့ ဘာမှမပြောတော့ပါ။

နာရီဝက်လောက်နေတော့ သူ့ပါတနာ ဆရာဝန် ရောက်လာသည်။ Golf သွားရိုက်မယ့် ဝတ်စုံနဲ့။

"ကိုယ့်လူ ထိပေါက်ပြီဗျာ"

"ကိုယ်ဝန်ရှိတာလား"

"ဟုတ်ပ"

"ကျေးဇူးပဲ ကိုဇော်သိန်းရေ"

"ရပါတယ်ဗျာ၊ ဒါထက် အန်တီ စိတ်ဆိုးတုန်းထင်တယ်"

"အဟွန်း ... မေမေ စိတ်ပျော့လာအောင် နေပေးနေရတယ် ပြောပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တတ်ပါတယ်၊ ခဏပါ၊ နောက်တော့ အဆင်ပြေသွားမှာပါ၊ ခင်ဗျားမိန်းအတွက် OG ရွေးလိုက်ဦး။ ကဲ ... ကျွန်တော် အချိန်ရှိတုန်းလေး ကျန်းမာရေး ပြေးလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးနော် ကိုဇော်သိန်း၊ ဒီနေ့ ချိန်းပွဲတော့ လွတ်ပြီ"

"မင်္ဂလာတိုးတာပါဗျာ၊ ကဲ ... သွားပြီဗျို့၊ မစ်(စ်)သစ်မောင်မောင် သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ပါရှင်"

အနှိမ်ခံဘဝထဲကို ရောက်လာမယ့် ရင်သွေးလေးကို သနားနေမိတယ်။ သူမ ကိုယ်ဝန်ရှိတာကို ဒေါ်ဖြူဖြူသစ် သဘောကျပါ့မလား။

❖ ✱ ❖





သူမ ကိုယ်ဝန်ရှိတာကို ဒေါ်ဖြူဖြူသစ်တို့ဘက်က ဘာတစ်ခုမှ ဂရုတစိုက်မရှိ။ သစ်မောင်မောင်ကတော့ သူမကို နာမည်ကြီး OG တစ်ယောက်ဆီမှာ အပ်ပေးထားသည်။

မလိုပါဘူးဟု အတင်းငြင်းနေရက်က စပါယ်ရှယ်နာ့စ် ငှားပေးထားသည်။

ဆေးခန်းသွားပြတဲ့ရက်ဆို သူမအတွက် ကားစီစဉ်ပေးသည်။ နာ့စ်နဲ့ပဲ သွားရသည်။ သစ်မောင်မောင် လိုက်ပြပေးတယ်ဆိုတာ တစ်ခါမှမရှိ။

သူမကတော့ ကိုယ်ဝန်ရှိချိန် အမေ့အိမ် ပြန်ချင်သည်။

ဒါပေမဲ့ သစ်မောင်မောင်က ခွင့်မပြု။

"မာမီ ပိုပြီးစိတ်ဆိုးသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမကိုသာ ယူခဲ့တာ။ သူ့အမေ တစ်ချက်နှာပဲ ကြည့်သောယောက်ျား ဖြစ်နေခဲ့သည်။ ကာကွယ်ပေးမှု မရှိသော ဟာလာဟင်းလင်း ရင်ခွင်ကို ဘယ်လို အားကိုးရမလဲ။

နှစ်မလေးကတောင် သူမကို သနားသည်။ ရှိစေတော့။ စိတ်တွေ တော်တော်လျှော့တော့ လူက ကျလာသည်။ စားချင်သောက်ချင်စိတ် မရှိ။ နှစ်မလေးက အတင်းကျွေးလို့သာ အစားတွေ ဝင်နေပေမယ့် အရသာမရှိ။ ဘာမဆို ဘာမှလဲ ချဉ်ခြင်းမတပ်ပါ။

ကိုယ်ဝန်ဆောင်သည်ရယ်လို့ နှစ်မလေးကပဲ ဂရုတစိုက်ရှိသည်။ အိမ်မကြီးပေါ်က တစ်နေ့သုံးချိန် စားစရာလာပို့ စမြဲပဲ။ ဘာစားချင်လဲ၊ ဘာချက်ပေးရမလဲတော့ တစ်ယောက်မှ မမေးကြ။

နှစ်မလေးကပဲ သူမ စားချင်မယ် ထင်တာလေးတွေ၊ သူမနဲ့ တည့်မယ်ထင်တာလေးတွေ ဝယ်လာပေး၊ ချက်လာပေးသည်။

သစ်မောင်မောင် ဆိုတာ အိမ်မကပ်သလောက်ပဲ နေကောင်းလား။ ဘာလိုသေးလဲ ဒီလောက်ပဲ မေးတာပါ။





တစ်ခါတလေ နိုင်ငံခြားကို ခရီးထွက်သွားတာ သူမတောင် မသိလိုက်ရတာမျိုး ရှိသေး။

သူ သူမဆီ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ သူမ ဘာမှမပြောခဲ့။ ပြောချင်စိတ်ကိုမရှိ။ ကြောက်လို့လည်း မဟုတ်တော့ဘဲ သူမရင်ထဲမှာ အေးစက်နေခဲ့တာပါ။

ဒီလိုနဲ့ပဲ သူမရဲ့ ကိုယ်ဝန်ဆောင်ဘဝကို ဖြတ်သန်းခဲ့ရသည်။

သစ်မောင်မောင်ရဲ့ အေးစက်မှုက ရေတောင်ခဲနိုင်၏။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့သားဦးလေးကို ဆေးရုံမှာမွေးဖို့ သွားနေပါပြီ။ ရန်ကုန်မှာရှိတဲ့ အကောင်းဆုံး ပုဂ္ဂလိကဆေးရုံကြီးမှာ မွေးရမှာပါ။ သူမ ရင်မခုန်ပါ။ မွေးဖို့ ခန့်မှန်းရက် နီးလာလို့ ဆရာဝန်က ဆေးရုံတက်ခိုင်းလို့ ဆေးရုံသွားတာတောင် သူမနဲ့နာ့စ်မလေးနဲ့ နှစ်ယောက်တည်းပါ။ သူမမိခင်ကလည်း ဝန်ထမ်းအကြီးတစ်ယောက် ဖြစ်နေတော့ အကြောင်းမကြားတော့ပါ။ အမေ ဖုန်းဆက်ရင်တောင် အိမ်မှာပဲ ရှိသလိုလို ပြောလိုက်မည်ဟု။

သူမ ဆေးရုံတက်တာကို သစ်မောင်မောင် သိပါသည်။ ဒါပေမဲ့ အစည်းအဝေးရှိလို့တဲ့။ ရောက်မလာပါ။ ညရမှ လာနိုင်မတဲ့။

တကယ်လည်း ညဆယ့်နှစ်နာရီလောက်မှ ရောက်လာပါသည်။ သူ့ဘက်က ဥပေက္ခာ၊ သူမဘက်ကတော့ ရေခဲတုံးဆက်ဆံရေးပေါ့။





ဖြစ်ချင်တော့ သူ ရောက်လာမှပဲ ဗိုက်ထဲက ရစ်ကာ သီကာနဲ့။ သူကတော့ ဆိုဖာပေါ် အိပ်နေပြီ။ နာ့စ်မလေးကလည်း ငိုက်လို့။

"အား ... ကျွတ် ကျွတ်"

သူမ ညည်းသံကြောင့် နာ့စ်မလေး နိုးလာသည်။

"မမ ဘာဖြစ်လို့လဲ။ ဗိုက်နာပြီလား"

"နာပြီထင်တယ်"

"ဟုတ်ကဲ့ မမ၊ ခဏလေးနော်၊ ဆရာဝန်တွေကို အကြောင်းကြားလိုက်ဦးမယ်"

အကြောင်းသိနေသော နာ့စ်မလေးကလည်း သူ့ကို မနိုးပါ။ သူမဘာသာ ဆရာဝန်ပြေးခေါ်သည်။ ဆရာဝန်တွေ ဆေးရုံက သူနာပြုတွေ ရောက်လာတော့မှ အသံတွေကြားပြီး သူ နိုးလာသည်။

ရိုးရိုးမွေးတာမို့ ဗိုက်က လိမ့်နေအောင် နာပါသည်။ အသည်းခိုက်အောင် နာတာပါ။ ဒါပေမဲ့ သူမ သူ့ကို တစ်ချက်မှ မတမ်းတမိ။ သစ်မောင်မောင်က သူမနဖူးက ချွေးတွေကို wet tissue လေးနဲ့ တို့ကာ သုတ်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းနာနေလား"

"နာတယ်"

"OG က ရိုးရိုးမွေးတာ ပိုကောင်းတယ် ဆိုလို့သာ။ မဟုတ်ရင် ထုံဆေးပေးပြီး ခွဲမွေးလိုက်ရင် ခုလောက် နာချင်မှနာမှာ"

မိချို ဘာမှပြန်မပြောမိပါ။ ပြန်ကို မပြောနိုင်အောင် နာနေတာလေ။ သူ့လက်တွေကို အားကိုးတကြီး ဆုပ်ကိုင်ထားမိတယ်။

ဒီအချိန်မှာ ရေခဲတုံး မလုပ်နိုင်တော့သလို သူလည်း ဥပေက္ခာမပြုနိုင်တော့။

"လူနာက သွေးအားနည်းနေတယ်၊ သွေးလိုတယ်"

"ကျွန်တော်နဲ့သူ သွေးတူပါတယ် အိုသွေးပါပဲ။ ကျွန်တော့်ဆီက ယူပါ"

"အိုခေ ... ဒါဆို ရှင့်သွေးကို တစ်ချက် စစ်ကြည့်မယ်၊ လိုက်ခဲ့ပါ"

"ဟုတ်ကဲ့။ အိချို ဘာမှမဖြစ်ဘူးနော်၊ အခု ကိုသစ် သွေးသွားထုတ်လိုက်ဦးမယ်၊ ဆရာမ သူ့ကို ဂရုစိုက်ပါနော်"





သူမ သွေးလိုတယ်ဆိုမှ သူ မျက်နှာပျက်သွားသည်။ တကယ်တော့ သူ အိချိုကို တကယ်ချစ်ပါသည်။ နိုင်စားလို့ရလို့ နိုင်စားမိတဲ့ သဘောပါ။ သူ့ပုံစံက နိုင်စားလို့ရလို့ နိုင်နေတဲ့ သဘောပါ။

နားအေးပါးအေးနဲ့ သူ့ကို တစ်ခွန်းတစ်ပါဒမှ ခွန်းတုံ့မပြန်တတ်သော မိန်းကလေးကို တမင် ယူထားတာပါ။ သူ တရားဝင်ယူထားသော မိန်းမကို ချစ်ပါသည်။ အဆုံးရှုံးလည်း မခံနိုင်ပါဘူး။

"ဖေဖေ အိချိုက သွေးလိုလို့ သားထုတ်ပေးနေရတယ်"

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



သားလေး မွေးပါသည်။ အိချိုကတော့ သွေးအားနည်းလို့ ဆေးတွေ ချိတ်နေရသည်။ သားလေးကတော့ ကျန်းမာပါသည်။

"အိချို ... ဒီမှာ ကြည့်စမ်း၊ သားလေးက ချစ်စရာလေး။ သားလေးအတွက် အားတင်းထားနော် အိချို"

"ဟုတ်ကဲ့ပါ"

သူ ပြောသိုပါပဲ။ သားလေးအတွက် အိချိုရှိမှ ဖြစ်မှာပေါ့။

မဟုတ်ရင် အိချို သားလေးကို ဘယ်သူစောင့်ရှောက်မှာလဲ။ ဘယ်သူ ပြုစုမှာလဲ။

သားဆိုတဲ့အားကြောင့် အိချို အစားတွေလည်းစား၊ စိတ်ဓာတ်တွေပါ ပြန်လည်တက်ကြွလာကာ ကျန်းမာလာပါတော့





သည်။ သားလေး ... အိချိုရဲ့မျိုးဆက်ကလေးကြောင့် အိချိုဘဝမှာ အဓိပ္ပာယ် ပြန်ရှိလာခဲ့သည်။ မွေးကာစ သားလေးကို ဘာဖြစ်လို့ ဒီလောက် ချစ်မိနေမှန်း မသိတော့။

သစ်မောင်မောင်ကတော့ သားလေးကို ဓာတ်ပုံရိုက်ပြီး သူ့မိဘတွေကို သွားပြသည်။

"မာမီနဲ့ ဒယ်ဒီ၊ ဒီမှာ သားရဲ့ သားလေးလေ"

"ဟာ ... ငါ့မြေးက ငါ့သား မွေးကာစက ရုပ်အတိုင်းပါလားကွ။ မင်းငယ်ငယ် မွေးကာစကလည်း ဒယ်ဒီ ဓာတ်ပုံရိုက်ထားတယ်၊ ဒီပုံနဲ့ တစ်ပုံတည်းပဲ"

ဒယ်ဒီ့စကားကြောင့် မာမီကပါ ယူကြည့်သည်။ သားအချစ် ချွေးမအပြစ် မြေးအနှစ်လေ။

"ပြန်လာရင် အိမ်ပေါ်က မင်းအခန်းမှာ ပြန်နေ။ မင်းတို့ကို ထားချင်လို့တော့ မဟုတ်ဘူး။ ကလေးကြောင့်။ ကလေးရဲ့ဘဝအစကို ကားဂိုဒေါင်မှာ မစစေချင်လို့"

"ကျေးဇူးတင်ပါတယ် မာမီ"

ဒယ်ဒီကတော့ ဖြူသည် မည်းသည် ဘာမှဝင်မပြောပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သားကြောင် အိချို ယောက္ခမရဲ့တိုက်ကြီးပေါ် တက်ခွင့်ရသည်။

ကလေးအတွက် ပစ္စည်းအသုံးအဆောင်တွေလည်း အလျှံပယ် ဝယ်ပေးသည်။ အကောင်းစားတွေချည်းပဲ။

နာ့စ်မလေးကိုလည်း ဆက်ခေါ်ထားသည်။ ကလေးအတွက်။

အိချို ကျေနပ်ပါသည်။ သူမအပေါ် မကောင်းရင်နေပါ။ သူမသားလေးအပေါ် ခုလို လက်ခံပေးတာကိုပဲ ပီတိဖြစ်ရပါသည်။ ဒါပေမဲ့ ယောက္ခမကြီးက ခုထိ အိချိုကို စကားမပြောပါ။ ယောက္ခထီးကြီးနဲ့ တစ်ခွန်းစ နှစ်ခွန်းစ ပြောဖြစ်ပါသည်။

သစ်မောင်မောင်က လူငယ်ဆိုတော့ သူ့မိဘတွေထက်တောင် အလုပ်ရှုပ်နေပါသေး၏။ နေရာတကာ သူ့ခြေ သူ့လက်ချည်းပဲမို့ သားမယားမျက်နှာတောင် မနည်းအချိန်ယူကြည့်နေရသည်။

အိမ်ပေါ်တက်နေရပေမယ့် ကိုယ့်ကလေး ကိုယ်ကြည့်ပြီး နေရုံပါပဲ။





စနေ တနင်္ဂနွေ ဆိုရင်တော့ မေမေတို့အိမ် တစ်ရက်သွားဖြစ်သည်။ သူတို့မြေးကို သွားပြတာပါ။ ထို့အတွက်လည်း သစ်မောင်မောင်က ခွင့်ပြုပါသည်။

သားလေးကတော့ ကျန်းမာရေးကောင်းကာ တစ်နေ့တခြား ဖွံ့ထွားလာသည်။ ပြီးတော့ သားမွေးပြီးမှ လုပ်ငန်းကိုင်ငန်းတွေ ပိုကောင်းလာတယ်ဆိုလား။ သဲ့သဲ့ကြားတာပါ။ အိချိုကို ဘယ်သူမှ အဖက်လုပ်ပြီး ပြောပြကြတာ မဟုတ်။

ဘယ်လိုပဲဖြစ်ဖြစ် သားလေးမွေးပြီးမှ အခြေအနေတွေ တိုးတက်လာတာ အမှန်ပဲ။

အိချိုက နေတတ်တာကြောင့်လည်း ပါမှာပေါ့။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



သားလေးနာမည်ကို ဒေါ်ဖြူဖြူသစ်ကိုပဲ ပေးခိုင်းမည်ဟု သစ်မောင်မောင်က သူမကို ပြောလာသည်။ ဒါပေမဲ့ အသိပေးရုံ ပေးတာပါ။ တိုင်ပင်တာ မဟုတ်သလို ခွင့်ပြုချက်တောင်းတာလည်း မဟုတ်ပါ။ အသိပေးတယ် ဆိုတာတောင် တိုးတက်လာတဲ့ အခြေအနေပါ။

“မာမီ … မာမို့မြေးလေးကို ချစ်ပါဦး မာမီရဲ့၊ ကြည့်ပါဦး။”

ကလေးကို ဒေါ်ဖြူဖြူသစ်က လုံးဝမကြည့်ပါ။ အိမ်ပေါ်ခေါ်တင်တာပဲရှိတာ ငဲ့လို့တောင်မကြည့်။ ကလေးငိုသံကြားလည်း ရှောင်ထွက်သွားတာပါ။ လှည့်လို့တောင်မကြည့်။

ခုတော့ သစ်မောင်မောင် ကိုယ်တိုင် ကလေးကိုချီပြီး သွားပြပါပြီ။ သားလေးလည်း တစ်လပြည့်လို့ ပြောင်ပြောင်





ကလေးနဲ့ ရုပ်ကလေးထင်းလာပါပြီ။ ပြီးတော့ သားလေးက မျက်နှာချိုပြီး ပြုံးယောင်သမ်းနေသည်။ မြင်တာနဲ့ ချစ်စရာကောင်းနေသည်။

သစ်မောင်မောင်ရဲ့ ဖေဖေကတော့ မြေးကိုအသည်းစွဲဖြစ်နေပြီ။ အားတာနဲ့ လာငုံ့ကြည့်နေသည်။

သားဖြစ်သူက မြေးကို ရင်ခွင်ထဲ လာထိုးထည့်နေပြီ။ မြေး …။

သားအချစ်က မွေးတဲ့ မြေးအနှစ်။ လှည့်မကြည့်ချင်ခဲ့ပေမယ့် ရင်ခွင်ထဲ တိုးဝင်လာတာကိုတော့ တွန်းမထုတ်သင့်ဘူးလေ။

အပြစ်မြင်နေမိတဲ့ ချွေးမကြောင့် ဒီမြေးကို လက်မခံချင်ခဲ့။

သားကယူလာလို့ မဖြစ်လို့ လက်ခံလိုက်ရတာ။ မြေးပါရလာပြီဆိုတော့ အိမ်ပေါ်ပါ ခေါ်တင်လိုက်ရသည်။

ရင်ထဲမှာလည်း လက်မခံနိုင်ပေမယ့် ခုချိန်ထိ ချွေးမအပေါ် တိုက်ရိုက်အပြစ်မဆိုခဲ့သလို သားရဲ့အိမ်ထောင်ရေးကို ဘာဆို ဘာမှ မစွက်ဖက်ခဲ့။ ဥပေက္ခာပြုထားတာပါ။ မဖြစ်မနေ



www.burmeseclassic.com

www.burmeseclassic.com



အောင့်သက်သက်နဲ့ လက်ခံခဲ့ရတာမို့ လှည့်ကိုမကြည့်ခဲ့။ တစ်အိမ်တည်းသာ နေတာပါ ချွေးမကလည်း ရှောင်တာမို့ တကယ်ကို မတွေ့ရပါ။ ကလေးကိုပဲ အသံကြားရတာ။

ကိုယ့်သားလေး ဘာမဟုတ်တဲ့ မိန်းကလေးကို ယူလို့ ရင်ထဲမကောင်းပေမယ့် ကိုယ့်သားကို တားမရတော့ လက်ခံလိုက်ရတာပဲ။

ချွေးမကို မချစ်သလို အောင့်ကာလည်း မနမ်းနိုင်ပါ။ ဒါပေမဲ့ တခြားယောက္ခမတွေလို ပညာလည်း မပြချင်ပါ။ သားအိမ်ထောင်ရေးကို ဝင်ကိုမစွက်ဖက်တာပါ။ ဒါပေမဲ့ ချွေးမကိုလည်း တစ်သက်လုံး စကားပြောဖြစ်မည် မထင်ပါ။ ခုက္ခမပေးချင်သလို မျက်နှာတောင် မမြင်ချင်ပါ။

ဘယ်လိုမှ ချပြချင်စရာ မရှိသော ချွေးမရဲ့အဆင့်အတန်းကို စိတ်ကုန်ပေမယ့် သားကို အရမ်းချစ်တာမို့ သားစိတ်ဆင်းရဲအောင် မလုပ်ချင်ပါ။

အခု သားရဲ့ကိုယ်ပွားလေးက သူမရင်ခွင်ထဲမှာ။ ရင်ထဲမှာ နာကျင်နေပေမယ့် ...

"ဟင်"





သားရဲ့မျှော်လင့်နေတဲ့ မျက်နှာကြောင့် ငုံ့ကြည့်လိုက်တော့ လူက အနှစ်နှစ်ဆယ်ကျော် ပြန်ငယ်သွားသလို ခံစားရသည်။

သားမှသား။ သားငယ်ငယ်ကနဲ့ တစ်ရုပ်တည်းပါ။ သူမရင်ထဲ ကျင်သွားသည်။ မျက်ရည်တွေလည်း ဝဲချင်သည်။ ဒါပေမဲ့ ဖြူဖြူသစ်လေ။ မျက်နှာပေါ်မှာ ဘာခံစားချက်မှ မပေါ်စေရ။

"မာမီ့မြေးကို နာမည်ပေးပေးပါဦး"

အေးစက်စက် မျက်နှာနဲ့ ကလေးမျက်နှာလေးကို ကြည့်လိုက်ပေမယ့် ရင်ထဲမှာ ခံစားချက်ပေါင်းများစွာ။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်စုံသစ်မောင်"ရဲ့ ရက်တစ်ရာပြည့် မွေးနေ့နဲ့ အမည်ပေး ကင်ပွန်းတပ်ပွဲကို ဆီဒိုးနားဟိုတယ်မှာ ခြိမ့်ခြိမ့်သဲ ကျင်းပပေးသည်။

ဒါပေမဲ့ အပြင်လူတွေကို ဖိတ်မှာမို့ ထိုပွဲကို အိချို လိုက်ခွင့်မရှိ။

ဧည့်သည်တွေကိုတော့ အိချို နေမကောင်းဟု ပြောထားသည်။ ကလေးအမေ နေမကောင်းဟု ပြောထားပေမယ့် ပရိသတ်တွေကတော့ နားလည်ပါသည်။

အနေအထားကို သိနေတဲ့ ခပ်ကဲကဲ ကောင်မလေး တွေကလည်း သစ်မောင်မောင်နား ကပ်နေကြသည်။

ဒေါ်ဖြူဖြူသစ်ကိုလည်း အန်တီသစ် ... အန်တီသစ် နဲ့။





ထိုပွဲကို အိချိုသာ မလိုက်ရတာ။ နှစ်မလေးက တော့ လိုက်ရသည်။

အိချိုသာမက အိချိုမိဘတွေပါ ပွဲတက်ခွင့်မရှိ။ အိချိုမှာ ဝမ်းနည်းရလွန်းလို့ ငိုနေရပါသည်။

နှစ်မလေးတောင် စိတ်မကောင်း ဖြစ်သည်။

"မမအိချိုမို့လို့ ငြိမ်နေတာ။ ကျွန်မသာဆို ခံနိုင်မှာမဟုတ် ဘူး"

ဟုလည်း ခဏ ခဏ ပြောမိသည်။ အခုလည်း မိန်းမကို ထားခဲ့ပြီး ပွဲမှာ တခြားကောင်မလေးတွေ တရှန်းရှန်းနဲ့ ကိုသစ်မောင်မောင်ကို မုန်းလိုက်တာ။ မမအိချိုကိုလည်း ပြန်မ ပြောရက်ပါ။

ဒေါ်ဖြူဖြူသစ်က မြေးကိုတော့ လက်ခံသည်။ ချွေးမကို လက်မခံ။

"သား ... မင်းရဲ့သားလေးကို မွေးနေ့ပွဲ လုပ်ပေးမယ်။ အိချို ပွဲတက်မယ် ဆိုရင်တော့ မာမီ မလာဘူး"

အိချိုကိုတော့ ...

"အိချို ... မေမေက သားကိုမွေးနေ့လုပ်ပေးမယ်၊ ဒါပေမဲ့ သူတော့ မလာဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ကိုသစ် ဘာကို ဆိုလိုချင်တာလဲ"

အိချိုလည်း ခပ်အအမှ မဟုတ်တာ။ ယောကျ်ား မျက်နှာ ကြည့်လိုက်ရင် တစ်ခုခုပဲဆိုတာ သိနေပြီ။

"အိချိုကို သူ လက်မခံနိုင်သေးဘူး ထင်တယ်။ မေမေ လက်ခံလာအောင် ကိုယ်ကြိုးစားပေးပါ့မယ်"

"ကိုသစ်က ပြောစရာရှိရင် ဒဲ့ပဲပြောတာပါ။ ဒီနေ့ကျမှ ဘာလို့ ဝေ့နေတာလဲ။ အိချိုကို သားမွေးနေ့ပွဲကို မလိုက်စေချင်တာမို့လား"

"မေမေ မလာဘူး ဆိုတာက သိပ်အဆင်မပြေဘူးလားလို့ပါ"

"ကျွန်မ မလိုက်ပါဘူး ကိုသစ်"

ကိုသစ်က ဘာမှဆက်မပြောတော့ပါ။ တကယ်ဆို နှစ်သိမ့်စကားလေးပဲဖြစ်ဖြစ် မပြောသင့်ဘူးလား။

သူမတောင် မလိုက်ရတဲ့ပွဲမို့ သူမမိဘတွေကိုလည်း ဘယ်လိုအသိပေးရမလဲ။ သားလေးကို အိချိုမိဘတွေ နာမည်ပေးထားတာ ရှိပါတယ်။ "သားချို"တဲ့။ ဒါပေမဲ့ သူတို့ရှေ့မှာမခေါ်ရဲပါဘူး။





တကယ်ပါ။ သားကို ကင်ပွန်းတပ်တဲ့ပွဲမှာ သား မိခင်မရှိ။ အိချိုအဖြစ်က ဘယ်လောက် ဆိုးပါသလဲ။ ဘယ်သူမှ အဖက်လုပ်ပြီး မခေါ်ကြပါ။ အားနာပါးနာတောင် မနှစ်သိမ့်ကြပါ။

မြေးကို ဂုဏ်သရေမြင့်ပေးပေမယ့် သူမကိုတော့ ထားပါလေ။ သူမသားလေးကို ချစ်ခင်ပေးရင် ကျေနပ်ပြီ။ သူမ သားလေးကို သူတို့အသိုင်းအဝိုင်းမှာ အသိအမှတ် ပြုပေးရင် ရပြီ။

အလုပ်သမားတွေကအစ မတန်မရာယူတာ ခံပေါ့ ဆိုတဲ့ အပေါက်မျိုးတွေနဲ့ အိမ်ကြီးရှင် သခင်တွေဘက်က နာနေကြတော့လည်း ...။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



အိချို့မိဘတွေ ဆိုတာကလည်း လူအေးတွေပါ။ ဒါပေမဲ့ ဘယ်လောက်ပဲ အေး,အေးပါလေ။ ကိုယ့်သားသမီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရင်တော့ ဘယ်မိဘက ကြည့်နေရက်မှာလဲ။

ဒါပေမဲ့ အိချို့ မိဘတွေက အိချို့အကြောင်း မသိကြ။ ဘယ်လိုနေရတယ် ဘယ်လိုဆက်ဆံခံရတယ် ဆိုတာ မသိကြလို့သာပါ။ သိရင်တော့ ပြောမှာ။ အိချို့က မိဘတွေကို စိတ်မဆင်းရဲစေချင်လို့ ဘာမှမပြောဘဲ တစ်ယောက်တည်း ကြိတ်မှိတ်မျိုသိပ်ထားတာပါ။

ဘယ်သူငယ်ချင်းကိုမှလဲ ရင်မဖွင့်ရဲပါ။

တစ်ခါတလေ နှာစ်မလေးနဲ့ပဲ နည်းနည်းပါးပါး ပြောဖြစ်ပါသည်။





နှာစ်မလေးကတော့ သူမဘက်ကပါ။ တော်ပါသေးရဲ့။ လောကမှာ သူမကို နားလည်ပေးမယ့် လူသားတစ်ယောက် ရှိနေသေးလို့။

နှာစ်မလေးက ...

"မမရယ် ... ကျွန်မ အပျိုပါ။ ဒါပေမဲ့ ကျွန်မကြားဖူးတာ မယားပြောတော့ တစ်ညဆို။ မမယောကျ်ား မမဘက် ပါလာအောင် ဆွဲဆောင်စည်းရုံး ချော့မော့ကြည့်ပါလား မမရယ်"

"ချစ်လို့ ယူကြတာမှ မဟုတ်ဘဲ ဆရာမရယ်၊ ကျွန်မတို့ကြားမှာ ကြည်နူးစရာနဲ့ သနားကရုဏာဆိုတာ ရှိလာပါ့မလား။ မချစ်ဘဲ ယူထားရတော့ စိမ်းတယ်။ အိချို့ ချော့လည်း မချော့ချင်ဘူး။ ကိုယ့်ကို သနားအောင် အသနားခံပြဖို့ အိချို့မာနက ခွင့်မပြုဘူး။ အိချို့ အားရင် ဘုရားတရားလုပ်ပြီး နေတတ်အောင်နေဖို့၊ သည်းခံနိုင်သလောက် သည်းခံဖို့ပဲ ဆုံးဖြတ်ထားတယ်"

"မမ ကိုသစ်မောင်မောင်ကို သံယောဇဉ် မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သံယောဇဉ်နဲ့ တည်ဆောက်ခဲ့တာ မဟုတ်သလို သံယောဇဉ်ဆိုတာ တစ်ဖက်သတ်ရှိလို့ ရတာလည်း မဟုတ်ဘူး။ ကျွန်မက သံယောဇဉ်ကို တွယ်တာခြင်းလို့ သတ်မှတ်တယ်။ တွယ်တာဖို့အတွက် တွယ်တာစရာရှိမှ တွယ်တာလို့ရမှာ။ အခု သူ ကျွန်မကို ဘာတစ်ခုများ ငဲ့ညှာခဲ့ဖူးလို့လဲ။ ဘာမှ တွယ်တာစရာ မရှိတော့ သံယောဇဉ်ဆိုတာ ဖြစ်လာနိုင်ပါ့မလား။ ကျွန်မ ဘက်မှာတော့ နာကြည်းစရာတွေချည်းပဲလေ ဆရာမရဲ့"

"ကလေးကိုတော့ သည်းသည်းလှုပ်ပဲ မမရဲ့"

"အဲလောက်နဲ့ပဲ ကျွန်မ ကျေနပ်ပါတယ် ဆရာမရယ်"

တကယ်ပါ။ ကလေးကိုလည်း နို့တိုက်ပေးရတာလောက်ပဲ ရှိတာပါ။ ကလေးဝေယျာဝစ္စ တော်တော်များများကို ဆရာမကပဲ လုပ်ပေးပါသည်။

ထမင်းဆိုလည်း ထမင်းစားခန်းမှာ ဆင်းစားစရာ မလိုပါ။ အခန်းထဲအထိ လာပို့ပေးပါသည်။

အိပ်ခန်းထဲမှာ ရေခဲသေတ္တာ၊ တီဗီ အစရှိသဖြင့် အားလုံး ပြည့်စုံပါသည်။ အဝတ်လျှော်စက်ပဲ မရှိတာ။ အဝတ်လျှော်တာကလည်း လျှော်ချင်တဲ့အဝတ် ခြင်းထဲထည့်ရုံသာ။ အချိန်တန်ရင် အိမ်ဖော်တွေ လာယူပြီးလျှော်။ မီးပူတိုက်ပြီး လာပြန်ပို့ပါသည်။ ကဲ ... သူမမှာ ဘာလုပ်စရာရှိမှာလဲ။





အားရင် ဘုရားစာရွတ်၊ ဘုရားရှိခိုးရုံကလွဲလို့ ဘာများ လုပ်စရာရှိမှာလဲ။

သူမအတွက် ဗီရိုထဲမှာ ပိုက်ဆံထည့်ပေးထားပါသည်။ သူမ ယူမသုံးပါ။ ဘာမှသုံးစရာမရှိတာလေ။ သူမ သုံးတာစိုလို့ သူမ တစ်ကိုယ်ရေသုံး ပစ္စည်းလေးတွေ ဝယ်တာလောက်ပဲ ကုန်ပါသည်။ သူမ မိဘကိုလည်း မထောက်ပံ့ပါ။ သူဌေးသားနဲ့ညားလို့ သူဌေးချေးမ ဖြစ်ရပေမယ့် ကိုယ်တိုင် သူဌေးဖြစ်သွားတာမှ မဟုတ်တာ။

သူမမိဘတွေ သူတို့လစာနဲ့သူတို့ စားလောက်နေတာပဲ။ သူမ သိပ်ကို မာနကြီးပါသည်။ ငြိမ်သက်စွာ အေးခဲနေတဲ့ မာနမျိုးပါ။

နှစ်မလေးက ...

"မမရယ် အမြင်ကတ်ကတ်နဲ့ အပြင်သွား၊ ရှော့ပင်ထွက်၊ ဗြူတီဆလွန်းသွား အလှတွေ ပြင်ပစ်ပါလား။ မမက



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်လှတာ မပြင်မဆင်ဘဲ နေတာတောင် လှတာ။ ရှိုင်းလိုက်လို့ကတော့ မမယောက်ျား ပြာပြာလူးသွားမှာ”

သူ့ပိုက်ဆံတွေ မသုံးချင်သလို သူ့ကိုဆွဲဆောင်ဖို့ အတွက် မပြင်ချင်တာလည်း ကျွန်မမှာနပါပဲ။

သူ ကျွန်မကို ဝယ်ခဲ့တာ မဟုတ်ဘူး။

သိမ်းပိုက်ခဲ့တာ။ ကျွန်မဆန္ဒကို မမေးဘဲ သိမ်းပိုက်ခဲ့တာ။ ပြီးတော့ သူထားရာနေ သူစေရာသွား။ ဟင့်အင်း ... ကျွန်မက ခလုတ်နှိပ်ပြီး ခိုင်းလို့ရတဲ့ စက်ရုပ်မဟုတ်ဘူး။

❖ ❋ ❖





အိမ်ထဲက အိမ်ပြင်မထွက်၊ အိမ်ပေါ်က အိမ်အောက် ဆောင်းတဲ့ အိချိုအတွက် အိချိုတို့ အခန်းလေးမှာ ဝရန်တာလေး ပါတာကကို မဟာဆုလာဘ်ဖြစ်နေပါပြီ။

အခန်းထဲမှာ သိပ်မွန်းကျပ်လာတဲ့အခါ ဝရန်တာ ဘက် ခဏထွက်ထိုင်။

ခုလည်း ကလေးအိပ်နေတာမို့ အိချို ဝရန်တာဘက် ထွက်ထိုင်နေတာပါ။ သစ်မောင်မောင် ကားဝင်လာတာ တွေ့ပေ ယ့် တကူးတက ကြိုစရာ မလိုတာမို့ ထိုင်ရာက မထမိ။

တစ်ခါတလေ သူ ပြန်လာတာတောင် မသိလိုက် ဘဲ ပြန်ထွက်သွားတဲ့ အခါတွေလည်း ရှိတာပဲလေ။

အဝေးကို ငေးမျှော်ကြည့်တော့လည်း တိုက်အိမ် တွေခံနေလို့ ငေးလောက်စရာမရှိ။ ကောင်းကင်ကို မော့ကြည့် တော့လည်း မွန်းလွဲနေက ပူနေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးစုံမှိတ်ကာ ခပ်နွေးနွေးလေကို တစ်ချက်ချင်း ရှူကြည့်နေမိသည်။

"အိချို ... မင်း ဒါဘာလုပ်တာလဲ"

သူ့အသံ မာထန်ထန်ကြောင့် သူမ ရုတ်တရက် တုန်သွားသည်။ သူ့လက်ထဲမှာ ဆေးကတ်တစ်ခု။

"ဘာဖြစ်လို့လဲ ကိုသစ်"

"ဟင်း ... မင်း ဒါတွေသုံးနေတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့ခွင့်ပြုချက်နဲ့ ဒါတွေသုံးနေတာလဲ"

"မသုံးလို့ ကျွန်မက ကလေးတစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်မွေးနေရမှာလား"

"မွေးရမယ်"

အိချို သူ့ကို ခပ်စူးစူး ပြန်ကြည့်ပစ်လိုက်သည်။

"ငါက တစ်ဦးတည်းသောသားမို့လို့ ညီအစ်ကိုမောင်နှမ သိပ်ကို လိုချင်ခဲ့တယ်။ ငါ အိမ်ထောင်ပြုတဲ့အခါ ကလေး သုံးယောက် ယူမယ်လို့ ဆုံးဖြတ်ထားတယ်။ အဲ့ဒါကြောင့် မင်း ဒီဆေးတွေ သုံးစရာမလိုဘူး"





"ကျွန်မဆန္ဒကို မမေးတော့ဘူးလား"

"မေးစရာ မလိုဘူး၊ မင်းက ဝမ်းနဲ့လွယ်ပြီး မွေးရုံပဲ။ အခု ကလေးတစ်ယောက် မွေးထားတာရော မင်းအတွက် ဘာ ပင်ပန်းစရာ ရှိလို့လဲ။ ကလေးမွေးဖို့အတွက် မင်းမှာ ဘာ အဆင်မပြေတာရှိလဲ။ ဘာလိုအပ်လဲပြော၊ ငါ ဖြည့်ဆည်း ပေးလို့ရတယ်"

အိချို ရင်ထဲမှာ သိပ်ကို ခါးသက်သွား၏။ အတ္တ ဆန်လိုက်တဲ့ ယောက်ျား။ အကြင်နာတရား ခေါင်းပါး မေတ္တာ တရား ခန်းခြောက်လိုက်တဲ့ ယောက်ျား။ ဘဝကို ပုံသေကားချ ပြီး သူ့တစ်သဘောတည်းနဲ့ စိတ်ကြိုက်ပုံဖော်ချင်တဲ့ယောက်ျား။

"ငါ ပြောပြီးပြီနော်"

သူက ဆေးကတ်ကို ချိုးဖဲ့ကာ အမှိုက်ပုံးထဲ ပစ် ထည့်လိုက်သည်။

အိချို ရင်ထဲမှာ ခါးတူးသွားသည်။ အိချို သူ့ကို မုန်းလိုက်တာလေ။ တစ်ခါမှ မမုန်းမိတဲ့ အမုန်းမျိုးနဲ့ကိုမုန်းတာ။ အိချို ဘာလုပ်ရမလဲ။ သူနဲ့ဆက်နေပြီး သူထားရာနေ စေရာသွား နေမလား။ ထွက်သွားရမလား။ ထွက်သွားချင်သည်။ သိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပစ်ချင်သည်။ ဒါပေမဲ့ သူမ ထွက်သွားရင် သူမသား လေးကို ထားခဲ့ရမှာ သေချာသည်။

သူနဲ့ ကွာရှင်းပစ်ချင်သည်။

သားလေးကို လုံးဝမခွဲနိုင်။

အပြစ်ကင်းစွာ အိပ်ပျော်နေသော သားလေးကို ကြည့်ကာ မျက်ရည်စို့လာသည်။

သူမ ဘာလုပ်ရမလဲ။

❖ ❋ ❖





အိချိုမှာ မိဘအိမ်က ပါလာတဲ့ အဝတ်အစားတွေပဲ ပြန်ကာ လှန်ကာ ဝတ်နေမိသည်။

သူဌေးနဲ့သာ ဗြောတာ။ အိချိုမှာ အဝတ်အစား ကောင်းကောင်းကန်းကန်း မရှိပါ။ ခုချိန်ထိ အပျိုဘဝက အဝတ်အစားတွေပဲ ဝတ်နေရသည်။ ဝယ်မိတာဆိုလို့ သား ကိုယ်ဝန်ရှိတုန်းက မိုက်ဖုံးအင်္ကျီလေးတွေပဲ ဝယ်မိပါသည်။

ကလေးမွေးပြီးတော့လည်း ဝမလာတဲ့အပြင် အပျိုတုန်းကထက်တောင် ပိန်သွားသေးတာမို့ ရှိတဲ့အဝတ်အစားလေးတွေပဲ ဝတ်နေမိသည်။

အိချို အဝတ်အစားက အိမ်ဖော်တွေလောက်တောင် မပြောင်ရောင်ချင်။ ဝတ်ရလွန်းလို့ နွမ်းလာပြီလေ။

www.burmeseclassic.com



နာ့စ်မလေးက ကြားထဲက အသည်းတွေ ယားနေသည်။ နှိပ်စက်နေသူနဲ့ ပေတေပြီး အနှိပ်စက်ခံနေသူကို မြင်နေရတာ ဘယ်လိုများ စိတ်ချမ်းသာစရာ ကောင်းမှာလဲ။

တစ်ခါတလေ အလုပ်တော င် ထွက်ပစ်ချင်ပေမယ့် မအိချိုကို သနားပြီး မထွက်ရက်။

အခု အိချိုမှာ နောက်ထပ် ကိုယ်ဝန်ရှိတော့ အိချိုက ပထမကိုယ်ဝန်နဲ့တုန်းကဝတ်တဲ့ ဗိုက်ဖုံးအင်္ကျီလေးတွေပဲ ပြန်ဝတ်သည်။ ပိုပြီးတော့လည်း တိတ်ဆိတ်သွားသည်။

အားရင် သူ့သားလေးပဲ အရိပ်တကြည့်ကြည့်။ ဒါတောင် ဒေါ်ဖြူဖြူသစ် အိမ်မှာရှိတဲ့အချိန်ဆို ဒေါ်ဖြူဖြူသစ်က ကလေးကို ခေါ်ထားသေးတာ။

အားတာနဲ့ ဘုရားရှိခိုး ပုတီးစိပ်ပဲ လုပ်နေတဲ့ မအိချိုကိုကြည့်ကာ အားမရ။

မနေနိုင်တဲ့ သူမကပဲ အစားအသောက်ဝင်အောင် ဂရုစိုက် ကျွေးနေရသည်။ အားဆေးတွေတိုက်။ OG ဆီမှာ အချိန်မှန်သွားပြပေးနဲ့။





မအိချိုက ပိုပြီး စက်ရုပ်ဆန်လာ၏။ သူမကျွေးရင် စားလိုက်သည်။ ဆေးတိုက်ရင် သောက်သည်။ လမ်းလျှောက်နိုင်းရင် လျှောက်သည်။ ဆေးခန်းသွားခိုင်းရင် သွားသည်။

"အစ်မ ... အစ်မမိဘတွေဆီ သွားလည်မလား"

"အဆင်ပြေလားလို့ မေးတိုင်း ပြေပါတယ်လို့ ဟန်ဆောင်ပြနေရတာ ပင်ပန်းတယ်။ သူဌေးနဲ့ညားပြီး အဆင်တန်ဆာပောင်းလောင်းနဲ့ မိဘအိမ်ပြန်ရတာ အဆင်မပြေဘူး၊ မိဘတွေကို သနားတယ်"

"သနားရမှာက မမကိုယ်မမ သနားရမှာ"

"ဝဋ်ရှိလို့ ခံရတာပါ၊ တို့ နေတတ်သွားပါပြီ။ နောက်ကျသွားပြီ။ တို့သားလေးကို မခွဲနိုင်လို့ ရုန်းမထွက်နိုင်တော့ဘူးလေ"

"တရားဥပဒေဆိုတာ ရှိပါတယ် မမရယ်"

"ဆင်းရဲတဲ့ သူတွေအတွက်တော့ မတရားဥပဒေပဲ ရှိလိမ့်မယ် ဆရာမရဲ့"

"မမရယ်။ မမကို ကြည့်ရတာ ကျွန်မ အားမရဘူးနော်။ ကိုယ်ဝန်ကြီးနဲ့ သိပ်လည်း စိတ်ဓာတ်မကျပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာမှမဖြစ်ပါဘူး ဆရာမရယ်၊ ကျွန်မ တတ်နိုင်သလောက် အားတင်းနေပါတယ်။ ကျွန်မ သားလေးအတွက်"

ဆရာမလေး ရင်ထဲမှာတော့ သစ်မောင်မောင်တို့ မိသားစုတွေကို စွဲရှာမုန်းတီးနေမိသည်။ ပိုက်ဆံရှိတယ်ဆိုပြီး အနိုင်ကျင့်တာ။ အိမ်ထောင်တစ်ခု တည်ဆောက်ဖို့ ပိုက်ဆံတစ်ခုတည်းနဲ့ မလုံလောက်တာ သင်းတို့ မသိသေးဘူး ထင်ပါ့။

❖ ❋ ❖





သစ်မောင်မောင်ရဲ့ ငယ်သူငယ်ချင်းတစ်ယောက်ရဲ့ ဒင်နာကို ရောက်နေသည်။

"ဟေး ... ကိုသစ်၊ တို့မင်းသားက အမြဲလန်းဆန်းနေတာပဲ၊ married သာဆိုတာ အမြဲ တစ်ယောက်တည်းပဲ တွေ့နေရတယ်။ miss သစ်မောင်မောင်နဲ့ မိတ်ဆက်ပေးပါဦးဗျ"

"မလိုပါဘူးဗျာ၊ ခေါ်က်ထားတယ်"

"ဟုတ်တယ် ကိုသစ်၊ မင်းလေဒီကို မြင်တောင်မမြင်ဖူးဘူး၊ ငါတို့မဒီတွေကတော့ မရဘူး မောင်ရေ။ ဘောင်းဘီစ ဆွဲပြီးတော့ကို လိုက်နေတာ"

"ကိုယ်က ခေါ်က်လို့ရတဲ့မိန်းမ ယူထားတာလေ"

"ငါတို့ သတိထားမိတယ်၊ မင်းသားလေး မွေးနေ့လုပ်တာတောင် မင်းမဒီကို ပွဲမထုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မားသားကြီးက မကြည်လို့ကွာ"

"ကလေးမွေးနေ့တောင် ကလေးအမေ ပွဲမထုတ်ဘူးဆို တော့ မင်းလေဒီ မသောင်းကျန်းဘူးလား"

"မသောင်းကျန်းရဲပါဘူး ... ဟား ဟား"

"ဘာမှမပြောဘူးလား"

"မပြောပါဘူး"

"ကိုသစ်လေဒီက ကိုသစ်တို့ ဝန်ထမ်းလို့တော့ ကြားတယ်"

"ဟုတ်တယ်၊ ကိုယ်လိုချင်တာ ပွဲတက်မယား မဟုတ်ဘူး၊ ကိုယ့်ကို ပူညံ ပူညံ မလုပ်မယ့် မိန်းမမျိုးပဲ လိုချင်တာ"

"လေဒီက ကြောက်တယ်ပေါ့"

"ကြောက်လား မကြောက်လား မသိဘူး။ ခုထိ ဘာမှကို မပြောတာ။ ကိုယ့်စကား တစ်ခွန်းပဲ"

"ဟုတ်လား"

"အေးဆေးပဲ တစ်ခါတလေ ကိုယ် နိုင်ငံခြားရောက်နေ တာတောင် သူ မသိဘူး"

"ပျင်းစရာကြီး"

"ဟင်း"





"ဟုတ်တယ်လေ၊ ကိုသစ် ပြောပုံဆို ရေခဲတုံးကြီးပဲ"

"ကိုယ်က ရေခဲတုံးကြိုက်တာလေ"

"ပျော်စရာ မကောင်းဘူးပေါ့ဗျာ။ မယားအလှရဲ့ ခယာ တာတာ အပြုအစုလေးတွေရော"

"အဲဒါတွေက အပြင်မှာပုံလို့။ တစ်နေ့ တစ်နေ့ နားကိုစိမ့် နေတာပဲ။ အိမ်ရောက်ရင် နားအေးပါးအေးပဲ ကောင်းပါ တယ်ဗျာ"

"ကိုယ့်လူ ... ခင်ဗျားတို့ ပေါင်းတော့ ပေါင်းပါတယ်နော်"

"ပေါင်း မပေါင်းတော့ မသိဘူး၊ ခုနောက်တစ်မိုက်နဲ့၊ ဟား ဟား ... သုံးယောက် ဆက်တိုက်မွေးမလို့ဗျို့"

"တစ်ခါတလေ ခေါ်လာစမ်းပါဗျာ၊ မြင်ဖူးချင်လို့"

"အကျင့်ပါတယ် သက်ရင်းတို့ရေ။ ကိုယ့်ဒုက္ခ ကိုယ်ရှာ မိသလို ဖြစ်မှာစိုးလို့ လမ်းကိုမကြောင်းတာ"

"စံပါပဲဗျာ။ ဒါဆို အိမ်လာလည်မယ်ဗျာ"

"အင်း ... သိပ်ဆန္ဒရှိနေရင်တော့ ကြိုဆိုပါတယ်"

"မြင်ဖူးချင်လို့ ငါးယောက်မြောက် တော်ဝင်မိန်းမကို"

"သူက တော်ဝင်မိန်းမတော့ မဟုတ်လောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ကျွန်တော့်ကို မေတ္တာရှိပုံမရဘူး ... ဟား ဟား"

"ဟာ ... ခင်ဗျားဟာကြီးကလည်း"

ဘာပဲဖြစ်ဖြစ် သစ်မောင်မောင် ဇနီးချောကို အားလုံး တွေ့ချင်နေကြသည်။

❖ ❋ ❖

စေတနာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ လွှာ(၇)၊ ဈေးဟူ ဝတ်လမ်း (ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





ထိုနေ့က သစ်မောင်မောင် သူငယ်ချင်းတွေနဲ့အိမ်မှာသောက်ကြသည်။

အမြည်းနဲ့ အရက်တွေ အားလုံး အိမ်ဖော်တွေက စီစဉ်ပေးပြီးသား။

မိုးကလည်း စိမ့်စိမ့်ကလေး ရွာနေတာမို့ ခြံထဲမဆင်းတော့ဘဲ အိမ်ထဲမှာရှိတဲ့ mini bar လေးမှာပဲ သောက်ဖြစ်သည်။

"ကဲ ... ဇနီးချောကို ပွဲထုတ်တော့ဗျို့"

အိမ်မှာ သောက်တာမို့ အားလုံးက ထိန်းထိမ်းသိမ်းသိမ်းနဲ့ လူကြီးလူကောင်းဆန်ဆန်ပဲ သောက်ကြပါသည်။

ဒီနေ့ လာသောက်ကြတဲ့ ရည်ရွယ်ချက်ကိုက သစ်မောင်မောင် မိန်းမကို မြင်ဖူးချင်လို့ လာသောက်တဲ့ပွဲ။



www.burmeseclassic.com

www.burmeseclassic.com



သစ်မောင်မောင်က အိမ်ဖော်တစ်ယောက်ကို ခေါ်နိုင်းလိုက်သည်။

ခဏနေတော့ ဗိုက်ဖုံးအင်္ကျီအပေါ်စားဖြင့် ခပ်နွမ်းနွမ်း မိန်းမတစ်ယောက် ဆင်းလာသည်။ သနပ်ခါး ခပ်ပါးပါး သာ လိမ်းထားတဲ့ မျက်နှာလေးက တော်တော်လေးကို လှပေမယ့် မျက်လုံးတွေက အရောင်မဲ့နေသလိုပဲ။

သူမကို ကြည့်ရတာ ပသာဒကို မဖြစ်ပါ။ သိပ်ကို လှပနေပါရက် နွမ်းဖတ်ဖျော့တော့နေသလိုပဲ။ သစ်မောင်မောင်က သူတို့နဲ့ မိတ်ဆက်မပေးပါ။ ကလေး အိပ်နေလားဟု လှမ်းမေးလိုက်သည်။

"မအိပ်သေးဘူး ဆရာမ သိပ်နေတယ်"

သစ်မောင်မောင်ကို မကြည့်ဘဲ ဖြေ၏။

"ပြီးရော ... အဲဒါ ခေါ်မေးတာ၊ သား နေကောင်းသွားပြီလား"

"အင်း"

"သွားတော့"

သစ်မောင်မောင် စကားဆုံးတာနဲ့ သူမ ထွက်သွား၏။ သူတို့ တစ်ဝိုင်းလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။





"ဟော့ ... လူတွေ၊ ဘာငြိမ်နေတာလဲ"

"အဲဒါ ခင်ဗျားမိန်းမလား"

"ဟုတ်တယ်လေ"

"ခင်ဗျားဗျာ"

"ဘာဖြစ်လို့လဲ။ ဟက် ဟက် ... သူက ကျွန်တော်တို့ လည်ပယ်ကမိန်းကလေးတွေလိုတော့ မတောက်ကြွားဘူး ပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားတို့ မြင်တဲ့အတိုင်း မီးသေတယ် ဗျာ"

"အဲဒါ မီးသေတာ မဟုတ်ဘူး၊ ခင်ဗျားမိန်းမ ရှင်လျက်နဲ့ သေနေတာ"

"ဘာ"

"ဟုတ်တယ်။ ခင်ဗျားမိန်းမက ခင်ဗျားအိမ်က အိမ်ဖော် တွေလောက်တောင် မသားနားဘူး။ စုတ်ပြတ်နေတာပဲ။ ခင်ဗျား အဆင့်အတန်းနဲ့ဗျာ။ ဘယ်လိုမိန်းမကို ယူထားတာလဲ"

အရက်ကလေးကလည်း နည်းနည်းဝင်၊ သူငယ်ချင်း အရင်းကြီးတွေလည်း ဖြစ်နေကြတော့ ပြောကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ကိုယ့်လူတို့၊ ကျုပ်မိန်းမက ကျုပ်တို့ကုမ္ပဏီက စာရင်းကိုင်ပါဗျာ။ ကျုပ်အဆင့်နဲ့အိမ်ဖော်တော့ မယူပါဘူး ခင်ဗျားတို့ကလည်း၊ လက်နက်ကြီးနဲ့ ပစ်ပြီ"

"သိပါတယ်၊ ခင်ဗျားမိန်းမ အဲလောက်၊ အဆင့်မနိမ့်ဘူး ဆိုတာ၊ ကိုယ်ပြောတာ လက်ရှိအခြေအနေကို ပြောတာ၊ လက်ရှိမှာ ခင်ဗျားမိန်းမ အနေအထားက ခင်ဗျားအိမ်က အိမ်ဖော်တွေလောက်တောင် မတောက်ပ မသားနားဘူး။ အဲဒါကို ပြောတာ။ ခင်ဗျားကတော့ ထားချင်သလိုထားပြီး တစ်သွေး တစ်သံ တစ်မိန့် နာခံနေတာကို ကျေနပ်နေပုံပဲ။ သူကတော့ ပျော်ပုံမရပါဘူး"

"ကျုပ် သူ့ခံစားချက်ကို ဘယ်တုန်းမှ ထည့်မတွက်ခဲ့ဘူး။ သူ့အပေါ် တမင်ရက်စက်နေတာလည်း မဟုတ်ဘူးဗျ။ သူ့အပေါ် ဂရုစိုက်ပြရင် မာမီ ပိုပြီးသွေးတွေတိုးနေမှာစိုးလို့ ဒီလိုနေရတာပဲ"

"ကိုယ့်ကိုယ်ကိုယ်သာ ဖုံးခွဲလိုက်တော့ သစ်မောင်မောင်။ ခင်ဗျားမာမီ ကျေနပ်ဖို့ဆိုရင် သူ့ကို ဘာလို့ ယူခဲ့သေးလဲ။ ခုတော့ တစ်ဖက်သား မိန်းကလေးက သနားပါတယ်ဗျာ။





ခင်ဗျား ဒီလောက် သဘောကျရင် သူ့ကို စပွန်ဆာပေးတဲ့ သဘောမျိုးကမှ သူ့အတွက် သက်သာဦးမယ်။ ခင်ဗျားမာမီလည်း စိတ်မဆင်းရဲတော့ဘူးပေါ့"

"ကျုပ် သူ့ကို တကယ်ချစ်လို့ မဟေသီ မြှောက်ခဲ့တာ"

"မဟေသီ ... ဘယ်မှာ ပွဲတက် မဟေသီ ဖြစ်ခွင့်ရလို့လဲ။ ဘိသိက်ရော သွန်းခဲ့လို့လားဗျ။ အပြင်တောင် အတူတွဲထွက်ဖူးလို့လားဗျာ"

"သူ့ကို အိမ်ထဲမှာ ထားပေမယ့် ကိုယ်အပြင်မှာ ပွေးနေတာမှ မဟုတ်တာ"

"သူ့အတွက်တော့ ခင်ဗျားနဲ့အတူ ထွက်ချင်မှာပေါ့ဗျာ။ သနားစရာပါဗျာ။ ခမျာ သူ့သားလေး မွေးနေ့ပွဲတောင် မတက်ရတဲ့ဘ၀"

"ကျွတ် ... တော်တော့ဗျာ။ ခင်ဗျားတို့ကို ပြမိတာမှားပြီ"

"မမှားပါဘူး။ ကိုယ်တို့က ဖြစ်သင့်တာကို ထောက်ပြနေတာ။ ကိုယ့်လူ အိမ်ထောင်ရေး ဘယ်လိုလုပ် သာယာမှာလဲ။ သားနဲ့ မယားနဲ့ ရယ်မော စိုပြည်တာလည်း ရှိပုံမရဘူး။ ခင်ဗျားအမေကြီးနဲ့ မနေဘဲ အိမ်ခွဲနေလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး။ မာမိ ပိုခံစားရလိမ့်မယ်"

"ခင်ဗျားက တစ်ဘို့တည်းသမားပဲဗျ။ ခင်ဗျားအမေကို စိတ်ချမ်းသာအောင်ထားဖို့ပဲသိတယ်။ အဟွန်း ... ခင်ဗျားမှာ ယောက္ခမတွေ ရှိသေးလား"

"ဗျာ"

"ဟား ဟား ... ခင်ဗျားကိုလေ၊ လူရင်းတွေမို့လို့ ဒီလောက်ပြောနေတာ၊ ခင်ဗျား တော်တော်ကြောင်တဲ့လူပဲဗျာ"

သူ့အပေါင်းအသင်းတွေ တစ်ယောက် တစ်ပေါက် ပြောတာကို နားထောင်ရင်း မာမိနဲ့ အိချို မျက်နှာတို့ကို တစ်လှည့်စီ မြင်ယောင်နေမိသည်။

❖ ❋ ❖





သိပ်မသောက်ထားလို့ သူ မမူးပါ။ သူ့မိတ်ဆွေတွေလည်း ဆက်မသောက်ချင်တော့ဟုဆိုကာ ထပြန်ကုန်ပြီ။ သူ အရှက်ကွဲသွားသည်။ ဘယ်သူက သူ့ကို အရှက်ခွဲသွားတာလဲ။ အိချိုလား။

ဒါမှမဟုတ် သူ့ကိုယ်သူပြန်ပြီး အရှက်ခွဲမိတာလား။

သူ အိပ်ခန်းထဲ တက်လာသည်။ အိချိုက ဝရန်တာမှာ ပုတီးတချောက်ချောက်နဲ့။

သူ အဝတ်ဗီရိုတွေ လိုက်ဖွင့်ကြည့်လိုက်သည်။ သူ့ဗီရိုထဲမှာတော့ သူ နိုင်ငံခြားသွားတိုင်း၊ ကြုံတိုင်း ဝယ်ဖြစ်သလို မာမိကလည်း ခုထိ သူ့အတွက် အဝတ်အစားတွေ ဝယ်ဆးနေတာမို့ ပြည့်နေသည်။ အားလုံးဟာ တန်ဖိုးနည်းနည်းအစ်ထည်မှ မပါ။



www.burmeseclassic.com

www.burmeseclassic.com



သားဗီရိုကို ဖွင့်ကြည့်လိုက်သည်။ အပြည့်။ သူ့အဘွားဝယ်ပေးထားတာတွေ။ သူလည်း သားအတွက် ဝယ်ပေးဖြစ်သည်။

အိချို့ ဗီရိုကို ဖွင့်လိုက်သည်။

"ဟင်"

ထောင့်ကပ်နေသော အပုံလေးတစ်ပုံ။ ရေတွက်ကြည့်ရင် ဆယ်စုံတောင် ပြည့်ရဲ့လားမသိ။ အားလုံး နွမ်းဖတ်နေပြီ။

မိုက်ဖုံးအင်္ကျီ ဆိုတာလည်း အပေါ်စားတွေချည်းပဲ။ ဟောင်းနွမ်းနေပြီ။

တကယ်ပါ။ အိမ်ဖော်တွေကတောင် သူမထက် ပိုဝတ်နိုင်ဦးမည်။

သူ နိုင်ငံခြားကို အခေါက်ခေါက် အခါခါ သွားတိုင်း သူ့ဖို့နဲ့ သားဖို့ပဲပါသည်။ အိချို့အတွက် ဘာလက်ဆောင်မှမဝယ်လာမိ။

အိချို့သုံးဖို့ ပိုက်ဆံပေးထားသည်။ ဒါပေမဲ့ သူမ ယူမသုံး။





သူမ သူ့ကို စိတ်နာနေလောက်သည်။

သူမကို ဂရုစိုက်ရင် မာမီ နာကျင်မှာစိုးလို့ ပစ်ထားခဲ့တာ သူမ သိပ်ကို နာကျင်နေလောက်ပြီ။

သူပေးထားတဲ့ ပိုက်ဆံတွေကို မသုံးကတည်းက သူမ သဘောထားကို ခန့်မှန်းမိပါသည်။

သူမ မိဘတွေရော ဘယ်လောက်တောင် နာကျင်ရှာမလဲ။

ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ သူ့ကို ဘာတစ်ခွန်းမှ မပြောဘဲ တိတ်ဆိတ်ငြိမ်သက်လွန်းတာကိုလည်း အံ့ဩမိပါသည်။

သူမ အနေအထားက သူလိုချင်တာထက်ကို ပိုပြီး အေးခဲနေခဲ့တာပဲ။

သားက သူ့အိပ်ရာလေးထက်မှာ ပုံ့ပုံ့လေးကလေး အိပ်ပျော်နေပြီ။ ချစ်စရာ ကောင်းလိုက်တဲ့ သားလေး။

ဒီသားလေးဟာ သူ့မာမီရဲ့မြေးဦး ဖြစ်သလို အိချို့ မိဘတွေအတွက်လည်း မြေးဦးပဲလေ။

"ဟား"

www.burmeseclassic.com



သူ သက်ပြင်းကို ကြမ်းရှစွာ ချမိသည်။ သူ တော်တော်ရိုင်းစိုင်းခဲ့တာပဲ။ သူ့ဟာသူ ခံစားချက်နဲ့ မာမီ့ခံစားချက် နှစ်ခုကိုပဲ ကွက်ကွက်ကလေး ကြည့်ခဲ့တာ။

သူ ဝရန်တာကိုထွက်ကာ အိချိုကို စိုက်ကြည့်နေမိသည်။

ပိန်သွယ်ချောင်ကျနေတဲ့ မျက်နှာကလေးထက်မှာ စိတ်မချမ်းမြေ့သော အရိပ်တွေ လွှမ်းမိုးနေပါလား။

မျက်လုံးမှိတ်ပြီး ပုတီးစိပ်နေပေမယ့် သူ ရောက်နေတာ သိမှာပါ။ ပြီးတော့ သူမရဲ့ နေ့စေ့ လစေ့ ဖြစ်နေတဲ့ဗိုက်။

နွမ်းဖတ်နေတဲ့ ဒီမိန်းမဟာ သူ့မိန်းမတဲ့လား။

ရင်ထဲမှာ စိတ်မကောင်းခြင်းတွေ၊ နောင်တရခြင်းတွေ။

"အိချို"

သူ ခေါ်တော့ မျက်လွှာဖွင့်ကြည့်သည်။

"အပြင်မှာ လေအရမ်းတိုက်တယ်၊ အထဲဝင် ... လာ"

သူ ကြင်နာစွာ တွဲထူမိတယ်။ နဖူးလေး အသာစမ်းကာ ...





"နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ဒိတ်ရပြီလား"

အိချိုက ရက်စွဲတစ်ခု ရွတ်ပြတယ်။ အိပ်ရာထက်သက်သောင့်သက်သာဖြစ်အောင် အသာလေး လှဲပေးလိုက်တယ်။ နဖူးကို ခပ်ဖွဖွနမ်းရင်း ...

"မနက်ဖြန် ရုံးသွားချိန်လောက် အပြင်သွားဖို့ အဆင်သင့်ပြင်ထား"

"ဘာလုပ်မလို့လဲ"

"အိချိုအတွက် လိုအပ်တာလေးတွေ လိုက်ဝယ်ပေးမလို့"

"ရပါတယ် ဘာမှမလိုဘူး"

"စကားမများနဲ့။ ကိုယ်က လိုက်ဆိုလိုက်ခဲ့ပေါ့"

သူမ ဘာမှဆက်မပြောတော့။ သူ့ကိုတော့ အံ့ဩသလို ကြည့်နေသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ...

နောက်နေ့မနက်မှာ သူ့အလုပ်ရှိလို့ဆိုပြီး ထွက်သွားလိုက်တာ မိုးချုပ်တဲ့အထိ ပြန်မလာ။

အိချို့ အတွက်တော့ ခံစားချက်တွေက သိပ်မထူးဆန်းတော့။

အိချို့ ဗိုက်ထဲရစ်ရစ်ပြီး နာလာသည်။ ပထမတစ်ယောက် မွေးထားပြီးသားမို့ နာပုံနာနည်းကို သိနေပါပြီ။

ညကလည်း တော်တော်မိုးချုပ်နေပြီ။ သူကလည်း ပြန်မလာသေး။ မွေးရမယ့်ရက မရောက်သေးဘဲနဲ့ နာလာတာပါ။

"ဆရာမ ကျွန်မ ဗိုက်နာတယ်"

"မွေးချင်လို့လား"





"ဟုတ်တယ် ထင်တယ်"

"ဒါဆို ဆေးရုံသွားရအောင်လေ။ ခဏလေး၊ ကျွန်မ အန်တီတို့ကို သွားပြောလိုက်ဦးမယ်။ သားကြီးကို အပ်ထားခဲ့မလို့။ ရလား"

"ဟုတ်ကဲ့။ မြန်မြန်သွားနော် ဆရာမ"

ဆရာမ လှစ်ခနဲ ထွက်သွားသည်။ သားကြီးက အိပ်နေပြီ။ ဆရာမ ပြန်ရောက်လာတော့ ထုံးစံအတိုင်းပေါ့။ ဆရာမနဲ့ ဒရိုင်ဘာကပဲ ဆေးရုံလိုက်ပို့သည်။

ချွေးတွေ ပြန်လာသည်။ အနာကလည်း စိပ်လာပြီ။ ဆရာမက အားပေးသလို ကြည့်နေသည်။

"ဦးလေး မြန်မြန်မောင်းပါ"

"ကားတွေက ပိတ်နေတာ ဘယ်လို မြန်မြန်မောင်းရမလဲ"

"မွေးလူနာ ပါလာတယ်လေရှင်။ ပြီးတော့ ဒါ ကိုသစ်မောင်မောင်ရဲ့မိန်းမနော်။ မအိချို့ တစ်ခုခုဖြစ်ရင် ဦးလေး တာဝန်ပဲ"

ဒရိုင်ဘာက ဆရာမကို မကြည်သလို ကြည့်ကာ လမ်းရှင်းတဲ့ဘက်က ရွေးမောင်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ မွေးခန်းထဲ တန်းသွင်းသည်။

"လူနာရှင် ဘယ်မှာလဲ"

"ကျွန်မပါ"

"လူနာက နှလုံးအားနည်းနေတယ်။ သွေးလည်းလိုတယ်"

"ဟုတ်ကဲ့"

ထိုခဏမှာပဲ သစ်မောင်မောင် ရောက်လာခဲ့သည်။ တော်ပါသေးရဲ့။

သစ်မောင်မောင်ကပဲ သွေးလှူသည်။ ယောကျ်ား လေးပါပဲ။ ဒုတိယမြောက် သားရတနာလေးက ကျန်းမာပေမယ့် မိခင်ဖြစ်သူကတော့ အသည်းအသန်ပါပဲ။ နှလုံးအား အရမ်းကို နည်းနေခဲ့ကာ သတိလစ်ချင်ချင် ဖြစ်နေ၍ ဆရာဝန်တွေမှာ အသည်းအသန် ဆွဲယူနေကြရသည်။ အောက်ဆီဂျင်လည်း ပေး ထားရသည်။

ဆရာဝန် ထွက်လာတော့ ...

"ဆရာ ... ကျွန်တော့်အမျိုးသမီး အခြေအနေ"

"ကောင်းသွားပါပြီ။ ဒါပေမဲ့ ကိုသစ်မောင်မောင်ရဲ့ အမျိုး သမီး နှလုံးအားနည်းတယ်။ သူ့ကို စိတ်ချမ်းသာအောင် ထားပေးပါဗျာ"





"ဟုတ်ကဲ့ပါ"

"ဪ ... သူ့အနေနဲ့ နောက်ထပ် ကလေးထပ်ယူဖို့ လည်း အဆင်မပြေတော့ဘူးဗျ။ သူ့ကျန်းမာရေးက နောက် ထပ်ရင်သွေးယူဖို့ မလုံလောက်ဘူး"

"ဟုတ်ကဲ့ပါ ဆရာ"

သူ့မျှော်လင့်ချက်တွေ ပြိုကျသွားသလို ခံစားရသည်။ သူက သားသမီးသုံးယောက် လိုချင်ခဲ့တာ။ ဒါပေမဲ့ ခုလည်း သားနှစ်ယောက်ဆိုတော့ မဆိုးပါဘူး။ သူ စိတ်မကောင်းတာက အိချိုအတွက်ပဲ။ သူ့ကြောင့် အိချို နှလုံးအားနည်းခဲ့ရပြီ ထင်သည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသားလေးက အိချိုနဲ့ တစ်ထေရာတည်းတူနေခဲ့သည်။

အထူးသဖြင့် မျက်လုံးနဲ့ နှုတ်ခမ်းတွေက တစ်ထပ်တည်း တူနေခဲ့သည်။

အကြီးလေးတုန်းက သူနဲ့ တစ်ရုပ်တည်းမို့ မာမီက တုန်နေအောင် ချစ်ခဲ့သည်။ အိချိုနဲ့ တူနေတဲ့ မြေးငယ်ကို မာမီ ဘယ်လို သဘောထားမှာပါလိမ့်။

မာမီ့သဘောထားထက် အိချို စိတ်ချမ်းသာဖို့အရေးကြီးတာပါ။

ဆေးရုံက ဆင်းတော့ မာမီက ဆရာမကို ကလေးခေါ်ခိုင်းသဖြင့် ဆရာမက သွားပြသည်။ အိချို ပေါက်စလေးကို ကြည့်ကာ မာမီ့မျက်နှာ တစ်ချက်မဲ့သွားပြီး ...





"ဒီကလေးကို ငါ့မျက်စိရှေ့မှာ ဘယ်တော့မှ ပေါ်မလာစေနဲ့"

"မာ်မီ ... ဒါ သားရဲ့သား၊ မာမီ့မြေးပဲလေ"

"ငါ့သားကမွေးတဲ့ ငါ့မြေး တစ်ယောက်ပဲရှိတယ်။ အဲဒါ ပြည့်စုံသစ်မောင်ပဲ"

"မာမီ ... မာမီ ဘယ်လောက်ပဲ အိချိုကို မုန်းမုန်း၊ သားငယ်လေးက သားရဲ့သားလေးပါ မာမီ"

"မသိဘူး။ ငါ့မှာ မြေးတစ်ယောက်ပဲရှိတယ်လို့ မင်းကို ပြောပြီးပြီ"

"ဒယ်ဒီ ပြောပေးပါဦး ဒယ်ဒီရယ်"

ဒယ်ဒီက သူ့ကိုရော မာမီ့ကိုပါ ဘာမှမပြောဘဲ မြေးအငယ်လေးကို ကြည့်နေခဲ့၏။

မြေးကြီးကို သားနဲ့တူလို့ သည်းသည်းလှုပ်ချစ်တဲ့ မာမီဟာ အိချိုနဲ့တူတဲ့ မြေးငယ်ကိုတော့ တော်တော်လေးကိုမုန်းခဲ့၏။

သစ်မောင်က အိချို စိတ်မကောင်းဖြစ်မှစိုးလို့ ပြန်မပြောခဲ့ပေမယ့် သခင်အားရ ကျွန်ပါးဝစေတဲ့ အိမ်ဖော်တွေရဲ့ ကောင်းမှုကြောင့် အိချို သိသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုတည်းက စိတ်ထောင်းလို့ ကိုယ်ကြေနေရှာတဲ့ အိချိုက သားလေးကို ယောက္ခမတွေ မမြင်အောင် အခန်းထဲမှာပဲ ထားတော့၏။

အဖြစ်အပျက်တွေကို သိနေတော့ သစ်ဖမောင်မောင် စိတ်မကောင်း ဖြစ်မိသည်။ မာမီနဲ့ သေချာဆွေးနွေးဖို့ လိုအပ်လာပြီဟု သူ ထင်မိသည်။

သူ အိချိုကို ဥပေက္ခာပြုခဲ့တာ များပြီလေ။ ဒီတစ်ခါတော့ အိချိုနဲ့ သားငယ်ဘက်က သူ ရပ်တည်ရတော့မည်။ အထူးသဖြင့် အခုမှ လူ့လောကထဲကို ရောက်ရှိလာခဲ့တဲ့ သားငယ်လေးအတွက် သူ့ဖခင်နေရာကနေ လုပ်သင့်လုပ်ထိုက်တာ လုပ်ပေးရမည်။ သူ့ရင်ထဲမှာတော့ သူနဲ့တူတဲ့ သားကြီးကိုရော အိချိုနဲ့တူတဲ့ သားငယ်လေးကိုပါ အတူတူ ချစ်ရပါ၏။

သူ့မာမီဘက်ကို ကြည့်ပေးခဲ့ပေါင်း များပြီ။ မာမီ့ကို စာနာနားလည်မှုတွေ ပေးခဲ့သည်။ မာမီ စိတ်ချမ်းသာအောင် နေပေးခဲ့သည်။

ဒါပေမဲ့ မာမီ့ဘက်က နည်းနည်းမှ မလျှော့ခဲ့။ မာမီက ဂုဏ်မြင့်သူပါ။ နိမ့်ကျတဲ့ အိချိုဘဝကိုနင်းပြီး မာမီ့





အလို မလိုက်ချင်တော့။ သားငယ်လေးကိုပါ အိချိုနဲ့တူရကောင်းလားဆိုပြီး မာမီ အပြစ်မြင်ပြန်ပြီ။ အိချိုမှာ ရောဂါလည်း ရနေပြီ။

သူ ဘယ်ကို အလေးသာသင့်သလဲ ဆိုတာကို ကောင်းကောင်း သဘောပေါက်နေပြီ။

သူ မာမီနဲ့ စကားပြောရတော့မည်။ မာမီ အခုလိုဖြစ်နေတာ သူ့ကို သိပ်ချစ်လို့ဆိုတာ သူ နားလည်သည်။ ဒါပေမဲ့ သူ့ကိုချစ်တဲ့အထဲမှာ မာမီရဲ့အတ္တတွေ၊ မာမီရဲ့မာနတွေကလည်း တော်တော်လေးကို ပျော်ဝင်နေသည်။ သူ မာမီ့ကိုချစ်လို့ မာမီ စိတ်ချမ်းသာအောင် ငုံ့ညွှာနေထိုင်ပေးခဲ့ပေမယ့် မာမီ့ဘက်ကတော့ သူ့ကို ...။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



“ဘာ … ဘာပြောတယ်၊ အိမ်ခွဲနေချင်လို့ ဟုတ်လား”

“ဟုတ်ကဲ့ မာမီ၊ ဒါ အကောင်းဆုံးနည်းလမ်းပါ”

“ဘာဖြစ်လို့လဲ”

“မာမီ အိချိုကို မုန်းနေတယ်လေ။ မုန်းတဲ့သူနဲ့ တစ်အိမ်တည်းနေရတာ မာမီရော သူပါ စိတ်ပင်ပန်းနေကြတယ်လေ။ ခွဲနေတာ အကောင်းဆုံးပဲ”

“မင်းက မာမ့်ကို ခြေစုံကန်ပြီပေါ့”

“မာမီနဲ့ သား ရုံးမှာတွေ့မှာပဲလေ မာမီ”

“မသွားရဘူး”

“ဒီပုံစံအတိုင်း ဆက်နေလို့တော့ မဖြစ်ဘူး မာမီ။ ခုဆို သားငယ်ကိုပါ မာမီ မတွေ့ချင်ဘူးလေ”

“မင်းက သူ့ဘက်ပါတာပေါ့”





“မာမ့်အတွက် သားက အရေးကြီးသလို သူတို့သားအမိကလည်း သားကိုပဲ အားကိုးနေရတာလေ မာမီ။ သားက မာမီ စိတ်ချမ်းသာအောင် နေပေးခဲ့တယ်။ မာမီကတော့ မြေးနှစ်ယောက် ရတဲ့အချိန်ထိ မလျှော့သေးဘူးလေ။ ဒီတော့ သားတို့အိမ်ခွဲနေတာက ပိုအဆင်ပြေမှာပါ”

“ဒီအိမ်မှာ ဘာတွေများ မလွတ်လပ်လို့လဲ၊ မာမီကရော ဘယ်သူ့ကို ဘာတွေပြောမိလို့လဲ။ မာမီ ဘာမှားလဲ”

“မာမီ ဘာမှမပြောပါဘူး။ ဒါပေမဲ့ မာမီ သူ့ကို လက်မခံတော့ သူလည်း နေရခက်တာပေါ့။ သားတို့အိမ်ထောင်ရေးလည်း မသာယာဘူး။ ခုဆို သူ့မှာ နှလုံးအားနည်းတဲ့ရောဂါဖြစ်နေပြီ မာမီ”

“ဩော်”

“အဲဒါကြောင့် မာမီရော သူပါ အဆင်ပြေအောင် သားတို့ အိမ်ခွဲနေပါရစေ”

“ကောင်းပြီလေ။ မင်းတို့ သွားရင်သွား။ ငါ့မြေးကို ထားခဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ မာမီ။ သားတို့မိသားစုကို တကွဲတပြား နေနိုင်းနေတာလား။ ဒီအရွယ်ကလေးက မိခင်ရင်ခွင်ထဲမှာပဲ ရှိသင့်သလို မိသားစု တကွဲတပြားနေတယ်ဆို ဆိုတာလည်း မသင့်တော်ပါဘူး"

"တော်တော့။ မင်း သွားတော့။ မင်း လုပ်ချင်တာလုပ်။ ထွက်သွား"

သူ မာမိစိတ်ကို နားလည်နေတာကြောင့် ထွက်ခဲ့လိုက်သည်။ မာမီက အရမ်းကို စိတ်ကြီးသည်။ မာမိဒေါသကို မဆွချင်လို့ ထွက်လာခဲ့တာပါ။

အခန်းထဲမှာတော့ မျက်ရည်တွေကျနေသော ဒေါ်ဖြူဖြူသစ်ကို ...

"မဖြူရယ် ... မင်းလည်း စိတ်လျှော့စမ်း။ မင်းသား ပြောသွားတာတွေက အမှန်တွေပဲ။ မင်းက ချွေးမတင် မဟုတ်ဘူး ချွေးမနဲ့တူတဲ့ မြေးကိုပါ အပြစ်မြင်တော့ သူတို့လည်း ဘယ်နေချင်တော့မလဲ။ မြေးကြီးကို ခေါ်တားဖို့ကလည်း ဘယ်ဖြစ်မလဲ။ မင်းက မင်းသားကို ချစ်သလို သူတို့လည်း သူတို့သားကို ချစ်မှာပေါ့"





"ဒါဆို ဖြူက ... ဖြူက သင်းကို အရှုံးပေးလိုက်ရမှာလား"

"ချွေးမကို သမီးလို သဘောမထားနိုင်ရင်တောင် သူစိမ်းလို သဘောထားလိုက်စမ်းပါကွယ်။ ရန်သူကြီးကို တွေးနေရင် မင်းပဲ ပင်ပန်းနေမှာ"

"ကျွန်မသားနဲ့မြေးကို မသွားစေချင်ဘူး။ သင်း မျက်နှာလည်း မမြင်ချင်ဘူး"

ဒေါ်ဖြူဖြူသစ်ရဲ့ မာနမျက်ရည်တွေ။

"မင်း မြေးကိုလွမ်းရင် ခေါ်တွေ့လို့ ရတာပဲကွာ"

နောက်ဆုံးတော့ သစ်မောင်နဲ့ အိချိုတို့ အိမ်ခွဲလိုက်ကြသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ပွဲလမ်းသဘင်တွေကို လိုက်မတက်ရပေမယ့် အရင်ကထက်စာရင် သူမအပေါ် အများကြီး သက်ညှာလာသော လင်တော်မောင်ကြောင့် အိချို တစ်ယောက် စိတ်ချမ်းသာစပြု လာပါပြီ။

လက်ရှိနေသော အိမ်နဲ့ခြံကို အိချိုနာမည် ပြောင်း ပေးသလို မီးခံသေတ္တာထဲမှာလည်း ပိုက်ဆံအပြည့်။ အိချိုအတွက် အဝတ်အစားတွေလည်း ဝယ်ပေးသလို လက်ဝတ်ရတနာတွေ လည်း ခပ်ပါးပါး ဝယ်ပေးသဖြင့် ခုဆို အိချို တစ်ယောက် အရောင်လက်လာပါပြီ။

အိချို မိဘတွေလည်း အိချိုဆီ အချိန်မရွေး လာခွင့် ပေးသလို အလုပ်သမားအသစ်တွေကလည်း အိချိုကို အလုပ်ရှင် အဖြစ် ရိုသေလေးစားသဖြင့် ကျေနပ်စရာပါ။





သစ်မောင်မောင်က သားငယ်အတွက် နှစ်ထပ်ခေါ် နိုင်းပေမယ့် အိချိုက မခေါ်ဘဲ ရှိပြီးသားနှစ်နဲ့ အိချိုပဲ သားနှစ် ယောက်ကို မွေထိန်းပါသည်။

အိမ်ခွဲနေလိုက်မှပဲ အိချို ကမ္ဘာလေး သာယာလှပကာ အသက်ဝင်လာတော့သည်။

နှစ်မလေးမှာလည်း အိချို အတွက် ဝမ်းသာနေ သည်။

“မမ သည်းခံခြင်းရဲ့ အကျိုးကျေးဇူးကို ခံစားရတာ”

“အိချိုက ဘာမှမမျှော်လင့်ခဲ့တာ။ သားငယ်ကတော့ အိချို ဘဝအတွက် လပ်ကီးပဲ။ အဲလိုပြောလို့ သားကြီးကိုမချစ် ဘူး မထင်ပါနဲ့နော်။ သားနှစ်ယောက်လုံးကို ငုံထားမတတ် ချစ်ရတာပါ”

သားငယ်ကို အမည်ပေးကင်ပွန်းတပ်ပွဲ လုပ်ပေးပါ သည်။ ဆိုဒိုးနားမှာပါပဲ။ ဒီတစ်ခါတော့ အိချို ပွဲတက်ခွင့် ရပါ သည်။

ဒေါ်ဖြူဖြူသစ်ကတော့ မလာပါ။ ဦးထွန်းမောင်တော့ လာပါသည်။ အိချိုမိဘတွေလည်း လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သားကြီးကို ပြည့်စုံသစ်မောင်ဟု ပေးတာက ဒေါ်ဖြူဖြူသစ်ပါ။ ဒီတစ်ခါတော့ အငယ်လေးကို ဦးထွန်းမောင်က နာမည်ပေးပါသည်။ ချမ်းသာသစ်မောင်တဲ့။

အိချိုကတော့ သားကြီးကို သားချို။ သားငယ်ကို သားချစ်ဟုပဲ အိမ်အမည် ကျိတ်ပေးထားသည်။

အိချိုရော သားတွေပါ တောက်ပသားနားနေသည်။ အိချိုမိဘတွေကတော့ သမီးလေးကိုကြည့်ကာ တပြုံးပြုံးနဲ့။ အိချိုရဲ့ဆွေမျိုးသားချင်းတွေနဲ့ သူငယ်ချင်းတွေကိုပါ ဖိတ်ခွင့်ရတာမို့ အိချို ကျေနပ်မဆုံးပေါ့လေ။

သစ်မောင်မောင် သူငယ်ချင်းတွေကလည်း သစ်မောင်မောင်ကို ချီးကျူးနေကြ၏။

❖ ❋ ❖





သားငယ်ရဲ့တဝါးဝါး ငိုသံကြောင့် အိချို အမြန်ပြေးကြည့်တော့ ညီအစ်ကိုနှစ်ယောက် ကစားစရာအရုပ်တစ်ခုကို အတင်းလုနေကြတာ။

"သားကြီး ညီလေးကို ပေးဆော့လိုက်ပါ သားရယ်၊ သားက ကိုယ့်ညီလေးကို ညှာရမယ်လေ"

"ဒီအရုပ်က ပေးလို့မရဘူး မေမေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"ဒါက ဘွားဘွား ဝယ်ပေးထားတာ။ ဘွားဘွားကပြောတယ် ညီလေးကို မပေးရဘူးတဲ့"

"ဘာ"

အိချို စိတ်တိုသွားသည်။ ညီအစ်ကိုချင်း သွေးခွဲတာတော့ မကောင်းပါဘူး။ မိမိကို နှိပ်စက်ရင်သာ သည်းခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာ။ သားသမီးနဲ့ပတ်သက်တော့ ဒေါ်သက ထောင်းခနဲ။ သားကြီးကို သေချာကြည့်ကာ ...

"ဒီမှာ သားကြီး။ သားကြီးနဲ့ ညီလေးက ညီအစ်ကို အရင်းလေ။ သား ညီလေးကို မချစ်ဘူးလား"

"ချစ်တယ်"

"ချစ်ရင် အရုပ်ကို အတူတူဆော့။ ဘယ်သူ ဘာပြောပြော သားတို့က ညီအစ်ကိုအရင်းတွေလေ သားရဲ့။ အတူတူ ဆော့ရမယ်။ အတူတူ နေရမယ်။ ညီအစ်ကိုနှစ်ယောက် ချစ်ချစ်ခင်ခင် နေရမယ်နော်။ သားကဆော့တော့ ညီလေးကလည်း ဆော့ချင်မှာပေါ့ သားရဲ့။ ညီလေးနဲ့ တစ်ယောက်တစ်လှည့် ဆော့နော်။ သား စိတ်ထဲမှာ မှတ်ထား။ ညီလေးနဲ့ သားက အမြဲချစ်ခင်ရမယ်။ ဘယ်သူ ဘာပြောပြော ကိုယ့်ထက်ငယ်တဲ့ ညီလေးကို အပြစ်မမြင်ရဘူး သားရဲ့။ ချစ်ရမယ်။ ညှာရမယ်။ စာနာရမယ်နော်"

"ဟုတ်ကဲ့ပါ မေမေ"

ဘာမှ မသိနားမလည်သေးတဲ့ သားကြီးကို ခုလို ရှင်းပြနေရတာ စိတ်မောလှမောပါပဲ။





ဒါပေမဲ့ ဒီကိစ္စတွေကို သစ်မောင်မောင်ကို ပြောမနေတော့ပါဘူး။ တော်ကြာ သူ့မာမီကို မကောင်းမြင်တယ် ထင်နေဦးမယ်။ ကိုယ့်ဘာသာ သားတွေကို ဂရုစိုက်ထိန်းကျောင်းရမည်။ တော်ပါသေးရဲ့။ ဒါတောင် အိမ်ခွဲနေပေလို့။ တစ်အိမ်တည်း အတူနေရင် ပိုဆိုးမှာ။ ငြိမ်ငြိမ်လေးဆော့နေတဲ့ သားနှစ်ယောက်ကို ကြည့်ပြီး ရှေ့လျှောက်လည်း ဘယ်လိုအတိုက်အခိုက်တွေ ရှိလာဦးမလဲဟု စိတ်မောနေရသည်။

ဘာပဲဖြစ်ဖြစ် ခွဲပေးတဲ့အတွက် သစ်မောင်မောင်ကို ကျေးဇူးတင်ပါသည်။ ခုဆို ခြံနဲ့ဝင်းနဲ့လည်း ကိုယ့်စိတ်ကြိုက် နေရသည်။ ကားလည်း မောင်းတတ်နေပြီ။ မိဘတွေနဲ့လည်း အချိန်မရွေး သွားတွေ့နိုင်သလို တစ်ခါတလေ မိဘတွေလည်း လာကြသည်။ သူမမိဘတွေ လိုအပ်တာ မှန်သမျှလည်း ထောက်ပံ့ပါသည်။ သစ်မောင်မောင်က ထောက်ပံ့ခိုင်းတာပါ။

အရင်ကထက်စာရင် အများကြီး တိုးတက်လာပါပြီ။ တစ်ခုပဲ။ သစ်မောင်မောင်နဲ့ အပြင် တတွဲတွဲ ထွက်ခွင့်တော့မရ။ ဘယ်ပွဲပဲတက်တက် သူမကိုမခေါ်။ မတူမတန်လို့လား။ လူပျို ယောင်ဆောင်တာလား။ သေချာတာက ဘယ်ပွဲမှ မတက်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမဘက်မှာ သွားစရာ ကိစ္စရှိရင်လည်း မလိုက်ပါ။ ခေါ်ကြည့်ပါသေးသည်။ သူကကို မလိုက်မှန်းသိတော့ သဘော ပေါက်လိုက်ပါသည်။

သူမက သူ့ရဲ့ပွဲတက်မယား မဟုတ်ပါ။ ထိုသို့ လက်ခံလိုက်ရပြီးချိန်မှာ သူ ဘယ်သူနဲ့ သွားနေလဲဟူသော မေး ခွန်းကလေးတော့ ပေါ်လာပါသေးသည်။ ဒါပေမဲ့ မရမက မသိ ချင်သလို မသိရတာကမှ ပိုကောင်းတယ်ဟု ယူဆတာကြောင့် ထိုအကန့်ကို အတွေးထဲက ရာသက်ပန် ထုတ်ပစ်လိုက်ပါသည်။

အရင်ကထက်စာရင် ခုလောက်ကလေး စိတ်ချမ်း သာအောင် ထားတာတောင် ကျေးဇူးတင်ရမယ့် အဖြစ်လေ။

❖ ❃ ❖





"အမြဲ တစ်ယောက်တည်း ပွဲတက်နေရတဲ့ ယူ့ကိုသနား တယ်ကွယ်"

"စူစန်ပါလား၊ ဘယ်သူနဲ့လာလဲ"

"လောလောဆယ် လက်ရှိပါတနာနဲ့ ပေါက်ကွဲထားလို့ တစ်ယောက်တည်းပါရှင်"

"ဖြစ်ရမယ်"

"ယူ့လောက်တော့ အဖြစ်မဆိုးသေးပါဘူးနော် ဟွန်း။ ယူ့သတင်းတွေကြားပြီး ယူ့ကို သနားနေတာ"

"ကိုယ့်ကို သနားလို့"

"ဟုတ်တယ်။ မိန်းမကို ပွဲမထုတ်ဘူးဆိုတဲ့ သတင်းလေ။ တော်တော်ရက်စက်တဲ့ယောက်ျား"

www.burmeseclassic.com



မဲ့ကာရွဲ့ကာ ပြောနေပေမယ့် ဆွဲဆောင်မှုရှိရှိ လှလှ ပပလေး မဲ့ရွဲ့ပြတာပါ။ ဒါက ဒီအသိုင်းအဝိုင်းက အမျိုးသမီးတွေ သိပ်ကိုကျွမ်းကျင်ကြတဲ့ အပြုအမူတွေပေါ့။ သစ်မောင်မောင်ကလည်း နှုတ်ခမ်းတွန့်ကာ ပြုံးယောင်ယောင်လေးပြုံး၊ မျက်လုံးတွေကို မှေးစင်းကာ ...

"စူစန်က ကိုယ့်ကို သနားတာလား၊ ကိုယ့်အမျိုးသမီးကို သနားတာလား"

"ကိုသစ်လေဒီကို သနားတာ"

"ဩော် ဟော် ... ဒီလိုလား"

"ကိုသစ်ကိုတော့ သနားစရာလား။ ခေါင်းတစ်ချက် ဆတ်ပြလိုက်တာနဲ့ ဟောတစ်ယောက် ဟောတစ်ယောက်ပါလာမှာကို"

"အထင်တွေ စွတ်ကြီးနေပြန်ပြီ"

"ကိုယ့်ကိုယ်ကိုယ် သိတယ်မို့လား"

သစ်မောင်မောင်က ခေါင်းတစ်ချက် ဆတ်ပြလိုက်ကာ ...

"သွားက,ရအောင်"





"ဟင် ... စူစန့်ကိုတော့ ခေါင်းဆတ်ပြီး မခေါ်နဲ့။ လက်ကမ်းပြီးခေါ် ... ဟင်း ဟင်း"

အဲဒီလိုနဲ့ သူနဲ့စူစန်တို့ တတွဲတွဲ ဖြစ်လာတယ်။ ဒါပေမဲ့ သစ်မောင်မောင်ရော စူစန်ပါ အရမ်းလည်ကြသလို တစ်ယောက်ကိုတစ်ယောက်လည်း နားလည်မှုရှိတာမို့ တွဲရတာ အဆင်ပြေတယ်။ အခုတွဲနေတုန်း လက်ချင်းချိတ်ရင် ချိတ်ထားမယ်။ တွေ့ပြီးလို့ လမ်းခွဲပြီး ပြန်တာနဲ့ တစ်ယောက်ကို တစ်ယောက် သတိမရတော့။ တစ်ဦးလိုအပ်ချက်ကို တစ်ဦးသိကာ ခပ်ပါးပါးလေး ဖြည့်ပေးကြတဲ့သဘော။ ဘာအကန့်မှမရှိ။ ဘာချည်နှောင်မှုမှမရှိ။ ဒါပေမဲ့ တတွဲတွဲ ဖြစ်နေတဲ့ သူတို့ကို ပတ်ဝန်းကျင်ကတော့ တွဲခုတ်နေတယ် ထင်ကြမှာ။

ဒယ်ဒီတောင် ယောကျ်ားချင်း မေးလာသည်။

"သား ... မင်းနဲ့ စူစန်နဲ့က ဘာတွေလဲ"

"ပါတနာပါ ဒယ်ဒီ။ ဘာအကန့်မှ မရှိဘူး။ အေးဆေးပဲ"

"မင်းတို့ သိပ်တွဲနေလို့ မေးကြည့်တာပါ။ စူစန်က လည်တယ်နော် သား။ သတိထား"



www.burmeseclassic.com

www.burmeseclassic.com



"သား သိပါတယ် ဒယ်ဒီ"

ထိုမျှလောက်ပဲ။ မာမီကတော့ ဘာမှမပြော။ တစ်ခါတလေ စူစန်နဲ့ တွဲလာရင်း မာမီတို့ ဒယ်ဒီတို့နဲ့ တိုးတဲ့ပွဲတွေလည်း ရှိတာပဲ။ ဘာမှမပြောတော့။

သူ့သူငယ်ချင်းတွေကတော့ ...

"မင်းမိန်းမကို စူစန့်လို ပြင်ပေးကြည့်လိုက်။ စူစန်ထက်သာတယ်"

"ငါသိတာပေါ့။ ငါ့ရွှေအိုးလေးကို ငါ့တစ်ယောက်အတွက်ပဲ ဥထားတာကွ"

"ဒီလိုပဲ ပြောမှာပေါ့ကွာ။ မင်း မိန်းမနိုင်ချက်ကတော့ ရက်စက်တယ်။ ဒါပေမဲ့ ခလုတ်နှိပ်ပြီး ခိုင်းရတဲ့ စက်ရုပ်ကြီးလို ပျင်းစရာ မကောင်းဘူးလား"

"ငါက စက်ရုပ်ဆိုရင်တောင် ခေါင်းညိတ်တတ်တဲ့ စက်ရုပ်ပဲ ကြိုက်တယ်။ ခေါင်းခါရင် အဲဒီစက်ရုပ်ကို ရိုက်ခွဲပစ်မှာ"

"မင်း တော်တော်ကြောက်စရာကောင်းတဲ့ ကောင်ပဲ"

❖ ❋ ❖





သားကြီးနဲ့ သားငယ်ကို ညီမျှအောင် ဘယ်လောက်ပဲညှိပြီး ပြုစုထိန်းကျောင်းနေပေမယ့် တစ်ခါတလေ တန်းတူညီပေးလို့မရတဲ့ အရာတွေ ရှိလာခဲ့သည်။

"မေမေ သား ကိုကိုနဲ့ လိုက်သွားချင်တယ်၊ သားလည်း ဘွားဘွားဆီ လိုက်သွားချင်တယ်၊ သားလည်း ဘွားဘွားဆီက အရုပ်တွေ အင်္ကျီလှလှလေးတွေ လိုချင်တယ်"

"ဟင်"

"မလိုက်နဲ့၊ ညီညီ့ကို ဘွားဘွားက ချစ်ဘူး"

"ဟင်"

သားနှစ်ယောက်ရဲ့စကားတွေမှာ တဟင်ဟင်နဲ့ ရုတ်တရက် ဘယ်လိုဖြေရှင်းပေးရမှန်းမသိ။ သားကြီးက ကလေးဆိုတော့ အမှန်တိုင်း ပြောချလိုက်တာပေါ့။ သားငယ်က ငိုမဲ့မဲ့လေး ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီးကလည်းကွယ်၊ ဘွားဘွားက သားတို့နှစ်ယောက် ပြိုင်တူမထိန်းနိုင်ဘူးလေ သားရဲ့၊ သားငယ်က ငယ်သေးတော့ စိတ်မချလို့ မေမေက မလွှတ်တာပါ"

သူမက သားငယ် မမြင်အောင် မျက်စိမှိတ်ပြလိုက်မှ သားကြီးက ဘာမှဆက်မပြောတော့တာ။ သားငယ်က ...

"မရဘူး လိုက်မှာ။ ကိုကို့နောက် လိုက်မှာ"

သားကြီးက ကျောင်းပိတ်ရက်ဆို သူ့အဘွားဆီ သွားနေကျပါ။ အခု သားငယ်က သိတတ်လာတော့ လိုက်ချင်လာတာ။

သူမ စိတ်တွေလည်းတို။ စိတ်လည်း မကောင်း။ လတ်တလော ဖြေရှင်းဖို့လည်း အမြန်စဉ်းစားရသည်။

"သားကြီး ... သား ဒီနေ့ ကျောင်းသွားရမှာပဲ။ မေမေ မေ့နေတာ။ သားကြီး ကျောင်းဝတ်စုံတောင် မလဲပေးရသေးဘူး။ ကဲ ... သားရေ၊ သား ကျောင်းပိတ်တဲ့နေ့ကျမှ ဘွားဘွားဆီ သွားနော်။ ပြီးရင် သားညီလေးပါ ခေါ်နော်"

စသဖြင့် လှည့်ပတ်ပြောကာ သားကြီးကို လွှတ်လိုက်ရသည်။ သားငယ်ကိုလည်း မနည်းလှည့်ပတ်ပြောပြီး ချော့မော့ထားရသည်။





စိတ်မကောင်းပါ။ ရင်လည်း နာသည်။ ဒီလိုအဖြစ်အပျက်တွေကြုံတိုင်း ဒေါ်ဖြူဖြူသစ်ထက် သစ်မောင်မောင်ကို ပိုစိတ်နာမိသည်။ သူမကို အတင်းလက်ထပ်ခဲ့ပြီး စိတ်ချမ်းသာအောင် မထားတဲ့သူ့ကို စိတ်ထဲမှာ နာကျင်ခြင်းတွေ တစ်မှတ်ပြီးတစ်မှတ် တိုးလာခဲ့သည်။ အဓိက,က သားနှစ်ယောက်ကို ခွဲခြားတဲ့ပြဿနာပဲ။

သားနှစ်ယောက်ကို ခွဲခြားဆက်ဆံတော့ ကလေးတွေကို ထိခိုက်သလို သူမလည်း သူမကို နှိမ်တာထက် ပိုအသည်းနာရပါသည်။

မြေးချင်းတူတာတောင် သူမနဲ့တူလို့ သားငယ်ကို ခွဲခြားဆက်ဆံတာ။

သားသမီး အချစ်။

သမက်ချွေးမ အပြစ်။

မြေး အနှစ်တဲ့။

မြေးချင်းတူတာတောင် သားနဲ့တူတဲ့ မြေးကမှ အနှစ်ဖြစ်ပြီး ချွေးမနဲ့တူတဲ့မြေးက အကာဖြစ်နေတာလည်းမကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒါတွေကို သစ်မောင်မောင်ကိုလည်း မပြောချင်ပါ။ ပြောလို့လည်း သိပ်ထူးမှာမဟုတ်။ သစ်မောင်မောင်က သားကြီးရော သားငယ်ကိုပါ တန်းတူထားပေးပါသည်။ သူ့အဖေ ခွဲခြားဆက်ဆံတာကို သူလည်းသိနေတာပဲ။ အထူးပြောစရာမှ မလိုတာ။ သူ့မိခင်က မြေးအငယ်ကို သူမအရိပ်ရှေ့ ပေါ်မလာစေနဲ့လို့ တစ်ချက်လွှတ်အမိန့် ထုတ်ထားတာ သူ အသိပဲလေ။ ဒါပေမဲ့ သူက ဘာမှမပြောတာ။

❖ ❋ ❖





သူနဲ့ စုစန်တို့ တွဲနေတဲ့ သတင်းတွေက သူ့ပတ်ဝန်းကျင်နဲ့ မနီးစပ်သော သူမဆီ ရောက်လာသည်။

ရော့က်မှာပေါ့။ ရုံးက လုပ်ဖော်ကိုင်ဖက် ဖြစ်ခဲ့ဖူးသူတွေ သတင်းပို့တာလေ။ သူတို့ လက်ချင်းချိတ်ထားသော ဓာတ်ပုံတွေ၊ တွဲကနေသော ဓာတ်ပုံတွေ စသဖြင့် ဓာတ်ပုံတွေပါ လက်ထဲရောက်လာသည်။

လိုလို့ စေတနာပါသည်ပဲဖြစ်ဖြစ်၊ မလိုလို့ ချောက်တွန်းသည်ပဲဖြစ်ဖြစ် သူမဆီကို ဓာတ်ပုံနဲ့တကွ ရောက်လာသော သတင်းဟာ မြန်မာဆန်သော သူမအတွက်တော့ မခံစားနိုင်စရာပါ။

သစ်မောင်မောင်နဲ့ စုစန်က အနောက်တိုင်းဆန်ဆန် ပြမူနေထိုင်ကြတာဖြစ်ပြီး သူမကတော့ ထိုယဉ်ကျေးမှုနဲ့ မနီးစပ်သူမို့ တကယ်ကို ခံစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို တစ်ခါမှ ပွဲမထုတ်ခဲ့ပေမယ့် သူမဥပေက္ခာ ပြုနိုင်ခဲ့သည်။ ဒါပေမဲ့ အခုလို အပြင်မှာ အခြားတစ်ယောက်နဲ့ တွဲခုတ်တာကတော့ အဆင်မပြေပါ။

ဘယ်အိမ်ရှင်မကများ ယောကျ်ားဖြစ်သူ အပြင်မှာ တခြားမိန်းမတစ်ယောက်နဲ့ တွဲနေတာကို ကြည့်ဖြူမှာလဲ။

သူမကိုတော့ အိမ်ထဲမှာ ချောင်ထိုးထားပြီး အပြင်မှာ ကဲချင်တိုင်း ကဲနေတဲ့ သဘောလား။

ရင်ထဲမှာ လုံးဝကို မကောင်းပါ။ ဒါပေမဲ့။ ဒါပေမဲ့ ပေါ့လေ။ သစ်မောင်မောင် ဆိုတာ သူမ ခံစားချက်ကို ဘယ်တုန်းကများ ထည့်တွက်ဖူးလို့ပါလဲ။ ဘာများ ပြောခွင့်ရှိလို့လဲ။ ဘာများတောင်းဆိုခွင့် ရှိလို့လဲ။ သူမကို ပွဲမထုတ်တဲ့ ယောကျ်ားကို ပွဲမထုတ်ရကောင်းလားဟု အပြစ်တင်ရမည်လား။

အဲဒီလို အပြစ်တင်ရင် သူနဲ့ သူမ စကားများနိုင်သည်။ သူ့ဘက်က လိုက်လျောမှာမဟုတ်။ ပေါ့ပေါ့ပါးပါး စကားများရုံဆိုရင်လည်း စကားတွေ ပြောလိုက်ရတာပဲ အဖတ်တင်မည်။ ပြင်းပြင်းထန်ထန် စကားများကြရင် ကွဲကြ ပြဲကြတဲ့ အဆင့်ထိ ရောက်နိုင်သည်။





သူနဲ့ကွဲရမှာ မကြောက်ပေမယ့် သူမသားလေးနှစ်ယောက် တကွဲတပြားစီနေရမှာ ကြောက်သည်။ သားကြီးနဲ့ခွဲရမှာလည်း ကြောက်သည်။ သူမရဲ့သားလေးတွေ Broken family မှာနေရမှာ ကြောက်သည်။

သူက သူမမျက်နှာကို မထောက်သလို သားနှစ်ယောက်အတွက်ပါ ထည့်မတွက်ဘဲ သူလုပ်ချင်တာ လုပ်နေပေမယ့် သူမကတော့ အစစအရာရာကို လိုက်တွက်ကာ စဉ်းစားနေရသည်။

ဓာတ်ပုံတွေကို စိုက်ကြည့်ကာ ရင်ထဲမှာ ဆူးတွေ တစ်ချောင်းပြီးတစ်ချောင်း လာစိုက်နေသည်။

သူမကို ချစ်ခင်မြတ်နိုးသူတွေ ရှိတဲ့ထဲကမှ သူ့ရဲ့ အတင်းအဓမ္မလက်ထပ်ခြင်း ခံရတာဟာ သူမ အတိတ်ကံဝဋ်ကြွေး ကြောင့်လို့ပဲ မှတ်ယူပါတယ်။ မြတ်နိုးတန်ဖိုးထားခြင်း မခံရတာ၊ စပြီး အိမ်ထောင်ကျကတည်းကပါပဲ။

ရူစနစ်တဲ့။

သူတို့အသိုင်းအဝိုင်းကတဲ့။

တွဲနေတာ သူ့မိဘတွေလည်း သိသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ။ သူမကို အရူးလုပ်နေကြတာလား။ ဘယ်လောက်ပဲ တရားသဘောနဲ့တွေးတွေး ရင်ထဲမှာ လုံးဝကိုမကောင်း။ ထိုဓာတ်ပုံတွေကို ဗီရိုထဲ သေချာထည့်သိမ်းထားလိုက်သည်။ သူမရင်ကို နာကျင်စေမယ့် ဆူးတွေကို နှလုံးသားထဲမှာလည်း အကန့်တစ်ကန့်ဖွဲ့ပြီး သေချာသိမ်းထားပါသည်။ ဒါပေမဲ့ သူ့ကိုတော့ ဘာမှမပြောတော့ပါ။

❖ ❋ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ လမ်း(၈)၊ မေလှ ဝင်းလမ်း (ပင်လမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





ကိုယ့်ကို မမက်မောတဲ့သူကို ဖက်တွယ်နေမယ့်အစား သားနှစ်ယောက်အပေါ်ပဲ အချစ်ပိုကာ စုပုံချစ်ခဲ့ပါသည်။

အိမ်ရှင်မ ဆိုပေမယ့် ငွေပုံပေါ်က အိမ်ရှင်မဆိုတော့ သူမ လူတော့မပင်ပန်းပါ။ စိတ်ကတော့ တော်တော်လေးကို ဒေါင်းနေပြီ။

ချက်ရေးပြုတ်ရေး၊ လျှော်ဖွပ်ရေး၊ သန့်ရှင်းရေး အားလုံးလုပ်မယ့်သူတွေ ရှိသည်။ သူမက စီမံခန့်ခွဲရုံပဲ။

စားချင်တာ အဆင်သင့်။

ဝတ်ဖို့ဆို အဆင်သင့်။

တစ်အိမ်လုံး ရှင်းသန့်တောက်ပြောင်လို့။ သူ မလုပ်တာဆိုလို့ ဘုရားခန်း ဝေယျာဝစ္စနဲ့ သားနှစ်ယောက် ထိန်းရတာပဲ။ ဒါတောင် သားတွေကို ဆရာမနဲ့အတူ ထိန်းရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သုံးစရာ ဆိုလည်း ဗီရိုထဲမှာ ပိုက်ဆံက အဆင်သင့်။

ဒါပေမဲ့ ...

ဒါပေမဲ့ သူမ စိတ်တော့မချမ်းသာပါ။ သူမမိဘအိမ်မှာထက် သာအောင်နေရပေမယ့် သူမ လုံးဝစိတ်မချမ်းသာပါ။

တကယ်တော့ ငွေဆိုတာ စိတ်ကိုတော့ ချမ်းသာအောင် မထားနိုင်ပါဘူးလေ။ သူမ စိတ်ထဲမှာ သူ့ကိုဆို အလိုလိုကြောက်ရွံ့နေသည်။ ပြီးတော့ စိတ်နာသည်။ မုန်းတောင်မုန်းမိပါသေးသည်။

စုစန်နဲ့ကိစ္စကို ကြားရပြီးတော့ သူ့ကို သူမရင်ထဲက လုံးဝဖယ်ထုတ်ပစ်လိုက်သည်။ သူမ သားနှစ်ယောက်အတွက်ပဲ စဉ်းစားသည်။

တစ်ခါတလေတော့လည်း စိတ်ရှိတိုင်း သုံးဖြုန်းကာ လုပ်ချင်တိုင်း လုပ်ပစ်ချင်သည်။

ဒါပေမဲ့ အဲဒီအကျိုးဆက်တွေများ အနုတ်လက္ခဏာပြသွားခဲ့ရင် သူမသားလေးနှစ်ယောက်ကို ထိခိုက်နိုင်သည်။

ပင်ပန်းလိုက်တာ။





ထွက်ပေါက်မရှိတဲ့ စိတ်တွေကို တရားနဲ့ဖြေပေမယ့် ကိုယ်က ပုထုဇဉ်လေ။ ဘုရားရှင်လက်ထက်ကတောင် မကျွတ်ဘဲ ကျန်ရစ်ခဲ့တဲ့ ဝေမိုက်သားလေ။

ချောင်ပိတ်ရိုက်ခံရရင် ခွေးတောင် လွတ်မြောက်ဖို့အတွက် ပြန်ခုခံသေးတာပဲ။

သူမက လူဖြစ်နေသော လူ့အသိဉာဏ်နဲ့ သားလေးတွေကို ငဲ့နေမိကာ ကံကြမ္မာကို အပြစ်တွေ လွှဲချပြီး ကြိုးစားနေရသည်။ ပင်ပန်းနေပါပြီ။

သူမ တော်တော်လေးကို ပင်ပန်းနေပြီ။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



သစ်မောင်မောင် စင်ကာပူသွားတာ ရှစ်နှစ်လည်းပါ သွားသတဲ့။ သတင်းပို့တဲ့သူတွေကလည်း တစ်ချိန်လုံးကို ပို့နေသည်။ ရုံးကလူတွေပါပဲ။ စေတနာထားသလို။ သနားသလိုနဲ့ ကလိနေကြတာပါ။

သူမကတော့ ဘာရည်ရွယ်ချက်နဲ့ပဲ ပြောလာလာ သူ့အကြောင်းတွေ မစုံစမ်းရဘဲ သိနေရတာမို့ ကြိုက်ပါသည်။ သူ့ကို သူမဘဝထဲက ထုတ်ထားတယ် ဆိုပေမယ့် သူမသားလေးတွေကို ထိခိုက်လာမယ် ဆိုရင်တော့ လက်မခံပါ။

အပြင်မှာ တွဲရုံသာမက ညအိပ်ညနေ ခရီးအတူ ထွက်ပြီဆိုတဲ့ အဆင့်ဟာ သိပ်ကို ဆိုးဝါးလွန်းလှသည်။

သူမဘဝမှာ အနီးကပ် တိုင်ပင်စရာဆိုလို့ ဆရာမပဲ ရှိသည်။ ဒါပေမဲ့ အတွင်းမီး အပြင်ထုတ်သလိုများ ဖြစ်နေမလား။ ဆရာမက သူမကို နားလည်စာနာပေးမှန်းတော့ သိပါသည်။





ထိုအကြောင်းအရာကို ဖွင့်ဟတိုင်ပင်ဖို့အတွက် ဝေခွဲမရ ဖြစ်နေခဲ့သည်။ သွားတဲ့သူတွေက ပျော်ပျော်ပါးပါး သွားနေကြပြီ။ သစ္စာဖောက်ခံရသူမှာတော့ ရင်တွင်းလှိုက်လောင်နေတဲ့ အပူမီးတွေနဲ့။ ဒီကိစ္စမျိုးဆိုတာ အိမ်ရှင်မတွေအဖို့ သည်းခံရ အခက်ခဲဆုံး ကိစ္စတွေပါ။ သူ့ကို မမက်ပေမယ့် သားတွေအတွက် စဉ်းစားရမယ်။

သားတွေအတွက် ဖခင်ဆိုတာ စံပြဖြစ်နေသင့်တယ်လေ။ သူမ ဘာလုပ်ရမလဲ။ ဘာပဲဖြစ်ဖြစ် သူမရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ သူ့ကို ကြောက်ရပေမယ့် သူမသားတွေအတွက် တားသင့်တာကိုတော့ တားရမည်။

ကောင်းလိုက်တဲ့ဘဝ။

ယောက္ခမရဲ့စကားလုံးတစ်လုံးမှ မပါတဲ့ ထိုးနှက်ချက်တွေကို အလူးအလဲ ကာကွယ်နေရပါတယ်ဆိုမှ ယောက်ျားကလည်း မီးမွှေးသည်။

နာကျင်ရလွန်းလို့ ထုံတောင် ထုံလာသည်။ ကွဲစရာအသည်းတောင် မရှိတော့။ နလည်း ကိုယ့်အတွက် ပြောမှာမဟုတ်။ သားတွေအတွက် ပြောရမှာ။

www.burmeseclassic.com



သားတွေအမြင်မှာ သိပ်ကောင်းလွန်းတဲ့ ဖခင်အဖြစ် မနေပြနိုင်ရင်တောင် သိပ်ဆိုးလွန်းတဲ့ ဖခင်တော့ မဖြစ်စေဖို့ သတိပေးမှာ။

အသိဉာဏ်တိမ်ရှာတဲ့ မိခင်တွေလို နင်တို့အဖေက ဘယ်လို၊ နင်တို့အဖေက မကောင်းဘူး စသဖြင့် ဖခင်နဲ့ သား နှစ်ယောက်ကြား သွေးခွဲမှာ မဟုတ်ပါ။

သူမရဲ့သားတွေဟာ ကျေးဇူးရှင် မွေးသဖခင်ကို ပြစ်မှားစော်ကားတတ်သော သားများမဖြစ်စေရ။ မကောင်းသော အကြောင်းတရားမှန်သမျှ သူမပဲ ခါးစည်းခံသွားမှာပါ။

သူမမိဘတွေကလည်း သူမ တော်တော် အဆင်ပြေနေပြီ ထင်ကြမှာ။

သူမရဲ့ဒုက္ခတွေကို သူမရဲ့မျက်ရည်တွေကို ခံယူနေတဲ့ ခေါင်းအုံးလေးနဲ့ သူမ စိတ်နေကျ ပုတီးလေးပဲ သိမှာ။

သူမနဲ့ရော သားတွေနဲ့ပါ ဘယ်ခရီးမှ အတူမသွားဖူးတဲ့သူဟာ တစ်ပါးသော မိန်းမတစ်ယောက်နဲ့ နိုင်ငံခြားခရီး သွားသတဲ့။

သူမ ထိုမိန်းမကို မမုန်းပါ။ သူ့ကိုပဲ မုန်းတာ။





ကြာလာတော့ သူမ ရိုပ်မိလာသည်။ သူမဟာ သူ့ရဲ့ တရားဝင်မယားသက်သက်။ ပွဲတက်မယား အဆင့်တောင် မရောက်။ ကလေးတွေ မွေးစေပြီး သူ့အတွက် မိသားစုဘဝကို ဖန်တီးပေးရုံသက်သက် သူမကို ယူခဲ့ခြင်းသာ။

တချို့ မယားကြီးတွေက ပွဲတက်မယားသက်သက် ဖြစ်သတဲ့။ သူမကတော့ ပွဲတက်မယားတောင် ဖြစ်ခွင့်မရ။ နာကျင်ရလွန်းလို့ ရင်ခွင်တစ်ခုလုံး ကျိန်းစပ်နေပါပြီ။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



၉

သူ ပြန်လာတော့ ထူးဆန်းစွာ သူမအတွက် အဝတ်အစားတွေ ပါလာသည်။ ပါမှာပေါ့။ အမျိုးသမီးဖော်နဲ့ သွားတာဆိုတော့ ရွေးပေးလိုက်မှာပေါ့။

အိမ်ရှင်မဆိုတာ ...

စိတ်က မိဘအတွက် ...

ကိုယ်ခန္ဓာက လင်ယောကျ်ားအတွက် ...

အချိန်တွေက သားသမီးအတွက် ... တဲ့။

ကိုယ့်အတွက်ကျတော့ မျက်နှာပေါ်က အရေးအကြောင်းတွေနဲ့ ပင်ပန်းနွမ်းနယ်မှုတွေပဲ ကျန်သတဲ့။ (Cerdit to facebook)။

တကယ်ပါ ပိုက်ဆံမရှိလို့ လင်မယားနှစ်ယောက် မောင်တစ်ထမ်း မယ်တစ်ရွက် ပင်ပင်ပန်းပန်း လုပ်ရတဲ့သူတွေကမှ သူမထက် သာဦးမယ်။





သူက ဧည့်ခန်းထဲမှာ ဖုန်းပြောနေသည်။ သူ့အဖေနဲ့ အလုပ်ကိစ္စတွေ ပြောနေတာပါ။

ပြောပြီးတော့ သူ့ရှေ့လာထိုင်တဲ့ သူမကိုကြည့်ကာ...

"ပြောစရာရှိလို့လား"

အေးပေါ့လေ။ သူမကစပြီး သူ့နားကို သွားခဲ့ပါတယ်။ သွားခဲ့ရင်လည်း ကိစ္စရှိလို့ပဲလေ။

"စင်ကာပူကို စုစန်နဲ့ သွားတာဆို"

သူ့မျက်နှာက အရမ်းအံ့သြသွားပုံမျိုး။ ဒါပေမဲ့ ဘာမှမပြောဘဲ သူမ ဘာဆက်ပြောမလဲလို့ နားထောင်နေသည်။ တော်တော်သွေးအေးတဲ့ ယောကျ်ားမျိုး။

ဒီမိန်းမကို ဘာဖြေရှင်းချက်မှ ပေးစရာမလိုဘူး ဆိုသည့် အထာနဲ့။

စိတ်တွေကို တည်ငြိမ်အောင် စုစည်းလိုက်ကာ ...

"အခုပြောမယ့် စကားတွေက အိမ်ချုပ်အတွက် မဟုတ်ဘူး။ သားနှစ်ယောက်အတွက်"

သူက ဘာမှ ပြန်မပြောဘဲ ကြည့်နေသည်။ သူမ တံတွေးမြိုချလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သားတွေ အတုယူမှားမယ့် အနေအထိုင်မျိုး၊ သားတွေ အရိုအသေတန်မယ့် အနေအထိုင်မျိုး၊ သားတွေကို အမည်းစက် ဖြစ်နိုင်မယ့် အနေအထိုင်မျိုးလေးတွေ ဆင်ခြင်ပေးဖို့ တောင်းပန်ပါတယ်"

တံတွေးတွေ ထပ်မျိုချလိုက်ပြန်သည်။ ထိုစကားတွေ ပြောရတာကို ငိုချင်နေသည်။

"မင်း သဝန်တိုနေတာလား"

"လုံးဝပဲ၊ အိချို့ စိတ်ထဲမှာ ဘာမှမရှိဘူး။ သားတို့အတွက် ပြောတာ။ အိချို့စိတ်ထဲမှာ အိချို့သားတွေကို အရာရာ ပြည့်စုံတဲ့ဘဝမျိုး ပိုင်ဆိုင်စေချင်တယ်။ လူချမ်းသာသလို စိတ်လည်းချမ်းသာစေချင်တယ်။ အိချို့အတွက် ဘာပဲဖြစ်ဖြစ် သည်းခံနိုင်တယ်။ သားတွေကို ထိခိုက်မှာကိုတော့ လက်မခံနိုင်ဘူး"

ဒီမိန်းမ သူ့ဆီက တစ်ခါမှ မတောင်းဆိုဘူး။ ခုလောက်တောင် စကားလာမပြောဘူးပါ။ ခုလို ပြောပုံအရဆို သူနဲ့ရှုစန် တွဲနေတာလည်း [illegible]ထားတာပေါ့။ ဘာပြဿနာမှ မရှာတာကြီးကိုလည်း မတင်မကျ ဖြစ်နေသည်။





တကယ်ဆို သဝန်တိုတာဖြစ်ဖြစ်၊ မေးမြန်းတာဖြစ်ဖြစ် ဖြစ်သင့်တာပေါ့။ ခုတော့ သူမဘက်က အေးတာက ရေခဲအမှတ်အောက်တောင် ရောက်နေပါလား။

အေးသော၊ ပြဿနာမရှာသော မိန်းမမျိုးကို ကြိုက်တယ်ဆိုပေမယ့် ခုလောက်ထိ အေးစက်နေတာကျတော့လည်း ဝုံမှန်မဟုတ်တော့။

"သားနှစ်ယောက်ကို ဘယ်လိုပုံစံမျိုးနဲ့မှ မထိခိုက်စေရဘူးလို့ ကတိပေးပါ"

သူမအတွက် တောင်းဆိုမှု မရှိသော အနီမိန်းမကို ခေါင်းမညိတ်ပြလိုက်မိပါ။ သူမအတွက် တောင်းဆိုရင်လည်း လိုက်လျောဖြစ်မယ် မထင်ပါ။ သူနဲ့ ရှုစန်ဟာ ပါတနာအဆင့်ပဲရှိတာကို သူတို့ အသိုင်းဝိုင်းတစ်ခုလုံး သိနေပါသည်။ ထို့အတွက်လည်း သူ့သားတွေကို ထိခိုက်စရာ အကြောင်းမရှိပါ။

သူ အိချို့ကို ပွဲမထုတ်တာကိုလည်း သူတို့အသိုင်းအဝိုင်းက သိသည်။ သူ အိချို့ကို ချစ်တာကိုလည်း သိသည်။

မသိတာက သူမပဲ ဖြစ်သည်။ သူ့ခံစားချက်ကို သူမ မသိသလို သူမခံစားချက်ကိုလည်း မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခံစားချက်ကို မပြောမိသလို သူမခံစားချက်ကိုလည်း မမေးမိပါ။

သူ့မာနကို သူမကို ဥပေက္ခာပြုသလို သူမဘက်ကလည်း မာနကို ဥပေက္ခာပြုထား၏။

သူက သူမအပေါ် အေးစက်သလို သူမဘက်ကလည်း ရေခဲအမှတ်ထိရောက်အောင် အေးစက်ပြခဲ့သည်။

ဒါပေမဲ့ သူ့ဘက်ကတော့ တာဝန်ကျေပါသည်။ သားနှစ်ယောက် အပေါ်ရော သူမအပေါ်ပါ အရာရာ ဖြည့်ဆည်းပေးထားသည်။

အလုပ်လုပ်နေတဲ့ သူမို့လို့သူမတို့ကို အချိန်သိပ်မပေးနိုင်တာကလွဲရင် လိုလေသေးမရှိ ထားတာပဲ။ စူစန်နဲ့ပါတနာဖွဲ့ထားတာကလွဲရင် တခြားဘယ်မိန်းမနဲ့မှလဲ မရှုပ်ပါ။ စူစန်ဆိုတာလည်း နားလည်မှုရှိတဲ့သူမို့ဘာရှော့ခ်မှ မရှိလို့ တွဲဖြစ်ကြတာပါ။

❖ ❃ ❖





သူနဲ့ အပြင်ထွက်ခွင့်က တစ်နှစ်နေမှ တစ်ခါလောက် သူ စိတ်ပါမှ လိုက်ပို့တာပါ။

ခုလည်း သားတွေနဲ့အတူ တိရစ္ဆာန်ရုံသွားသည်။ ပြီးတော့ ကန်တော်မင်ပန်းခြံထဲက ရွှေဘဲမှာ ထမင်းစားဖို့လာကြတာ။

ဆိုင်ထဲမှာ သူ့ကို နိုင်ငံခြားသားတချို့နဲ့ တွေ့ရသည်။ စူစန်လည်း ပါသည်။ သူမ ကြည့်နေတုန်း သူကလည်း သူမကို တွေ့သွားသည်။ သားတွေကတော့ မတွေ့သေးပါ။ သူက ဖုန်းထုတ်ဆက်နေသည်။

သူမထံမှာ သူ့ရဲ့ calling ပေါ်လာပြီ။

"ဟဲလို အိချို။ ကလေးတွေ ကိုယ့်ကိုတွေ့ပြီး လာရှုပ်နေမှာစိုးလို့ တခြားဆိုင်မှာ သွားစားလိုက်ပါ။ ဒီမှာ အလုပ်ကိစ္စ ပြောနေလို့"

www.burmeseclassic.com



သူ ဖုန်းပြောသံကို ကြား၍ထင်ပါရဲ့။ ရှူစန်ကလည်း ခေါင်းငဲ့ကြည့်သည်။ သူကတော့ ပြောချင်တာပြောပြီး ဖုန်းချသွားပြီ။ ရှူစန်က သူမကို လှမ်းပြုံးပြကာ ခေါင်းဆတ်ပြီး နှုတ်ဆက်သည့်ပုံ လုပ်ပြသည်။ သူမ သွေးကြောထဲမှာ ဖျင်းခနဲဖြစ်သွားသည်။

ဆိုင်ထဲက ဘယ်လိုပြန်ထွက်လာမိမှန်း မသိတော့။ ကားကို ချက်ထရီယမ်ဟိုတယ်ထဲမောင်းကာ ဟိုတယ်ထဲ ဝင်စားပစ်လိုက်သည်။

သူမ ဘာမှမပြော၍ ဆရာမကလည်း ဘာမှမပြောပါ။

အလုပ်ကိစ္စ ပြောနေတာကိုရော ကလေးတွေရှုပ်မှာစိုးတာကိုရော လက်ခံသည်။ လက်ခံပေးနိုင်သေးသည်။ ဘေးမှာ ရှူစန်ပါနေတာကိုတော့ ...။

ရှူစန်က လှမ်းတောင်ပြုံးပြလိုက်သေးသည်။ ဘာသဘောနဲ့ ပြုံးပြတာလဲတော့ မသိ။

စမတ်ကျကျနဲ့ လှနေတဲ့ မိန်းမတစ်ယောက်က ဘာလို့များ သူများယောက်ျားနား ကပ်နေပါလိမ့်။





အလုပ်ကိစ္စ ဆွေးနွေးတာ ဒီမိန်းမက ဘာကိစ္စပါတာလဲ။

ခံစားချက်တွေကို မျိုချရတာ ခိုးလို့ခုလုနဲ့ မချိမဆန့်ပါပဲ။

အိမ်ပြန်ရောက်တော့ သားနှစ်ယောက်ကို ဆရာမနဲ့ အတူသိပ်သည်။

ပြီးတော့ ဆရာမက သူမအကြိုက် ဘလက်ကော်ဖီကို ဘယ်အချိန် သွားဖျော်လာမှန်း မသိ။ အဲဒီ ဘလက်ခ်ကော်ဖီခါးခါးကြီးကို ဘယ်အချိန်က ကြိုက်သွားမှန်းတောင် မမှတ်မိတော့ပါ။

"မအိချို တစ်ခုခုဆို ဘာလို့ အတင်းမျိုသိပ်ထားရတာလဲ။ ကျွန်မကို ရင်ဖွင့်လို့ ရပါတယ်။ ကျွန်မ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး။ ညီအစ်မရင်းလို သံယောဇဉ်ရှိလို့ ပြောတာပါ။ မျိုသိပ်နေရတာ ပိုပြီးပင်ပန်းမှာပေါ့။ ပေါ့သွားအောင် ရင်ဖွင့်လိုက်ပါလား။ ဘာမှမကူညီနိုင်ပေမယ့် အဲလိုဖွင့်ပြောလိုက်ရင် မအိချို စိတ်တွေ နည်းနည်းတော့ ပေါ့ပါးသွားမှာ"

www.burmeseclassic.com



"ကိုယ့်ကြောင့် ဆရာမကို အပူတွေ မကူးစေချင်ပါဘူး ဆရာမရယ်။ ဒါတွေက ကျွန်မ တစ်သက်လုံး ခံစားရမယ့် သေရာပါဒဏ်ရာတွေပါ။ တစ်သက်လုံး ဆရာမကို အပူပေးလို့ မကောင်းဘူးလေ။ အခု ကျွန်မအဖြစ်ကို သေးကနေမြင်နေရတာတောင် ဆရာမ တော်တော် စိတ်ဆင်းရဲနေလောက်ပြီ"

"ဘာလို့ သူများအတွက်ပဲ အမြဲတွေးနေရတာလဲ။ ဘာလို့ ကိုယ့်ကိုယ်ကိုယ် သက်သာအောင် မနေတာလဲ"

"ကိုယ့်ကိုယ်ကိုယ် စေတနာမရှိတဲ့ သူရယ်လို့တော့ ရှိနိုင်ပါ့မလား ဆရာမရယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်ထက် သားတွေကို ပိုပြီးစေတနာရှိတယ်။ ကျွန်မကြောင့် သားတွေကို မြူတစ်မှုန်စာတောင် မထိခိုက်စေချင်လို့ ကျွန်မသည်းခံနေတာပါ။ ကျွန်မမှာ Target ရှိပါတယ်။ Target ကို မရောက်မချင်းတော့ ခံလိုက်ဦးမယ် ဆရာမရေ"

ပြောပြီးတာနဲ့ ခပ်နွေးနွေး ဘလက်ခ်ကော်ဖီ တစ်ခွက်လုံးကို တစ်ရှိန်ထိုး မော့ချပစ်လိုက်သည်။ တကယ်ဆို ဒီလိုကော်ဖီအပြင်းကြီးသောက်ရင် သူမရင်တွေ အရမ်းတုန်တာပဲ။





ရင်မတုန်ခင် ခါးသက်စူးရှမှုကြီးကို နှစ်ခြိုက်လွန်းလို့ ရင်အတုန်ခံပြီး သောက်နေတာပါ။

နှလုံးအားနည်းသတဲ့။ ဆေးတွေလည်း သောက်ကာကိုယ့်ဘာသာလည်း ဖြေပါသည်။

သူမ လဲလို့တော့ လုံးဝမဖြစ်။ သူမ လဲရင် သားငယ်လေး ဒုက္ခရောက်မှာ။ သားကြီးကို ပြုစုမယ့်သူက အဆင်သင့်။ သားငယ်လေးကိုတော့ လုံးဝစိတ်မချ။

သားတွေအတွက် သူမရင်ထဲမှာ အားမာန်တွေ အပြည့်။

စူစန့် အပြုံးက ရင်ထဲတာဝဲ လည်လည်။

ကိုယ့်ကို ကိုယ့်ယောက်ျားက နှင်ထုတ်နေချိန် ကိုယ့်ယောက်ျားဘေးက ကိုယ့်ယောက်ျားနဲ့ တွဲနေသော မိန်းမက ကိုယ့်ကိုလှမ်းပြုံးပြနေတယ်။ ကျွန်မက သူ့ကို ဟယ်လို ဆိုပြီး ဝမ်းသာအားရ ပြန်နှုတ်ဆက်ရမလိုဘဲ။ လူပါးဝလိုက်တဲ့ လောကဓံပါပဲ။ ရက်ရက်စက်စက် နှိပ်စက်လွန်းပါတယ်။ အရှိက်ထိပါများလွန်းလို့ အသက်ရှူရမှာတောင် မေ့နေတယ်။

❖ ❋ ❖

www.burmeseclassic.com



ရှုစန်က ...

"ဟိုနေ့က ယူ့လေဒီ ဘာပြောသေးလဲ"

"ဘာမှမပြောပါဘူး"

"လိုက်လည်း လိုက်တဲ့ လင်မယား။ လက်လန်တယ်"

သူ ပြုံးနေတာကိုကြည့်ပြီး ...

"သူ့ပုံစံကို ကြည့်ရတာ နုံတော့မနုံပါဘူး။ အေးတယ် ဆိုရင်လည်း ဒီလောက်ထိ ဘယ်မိန်းမမှ သွေးမအေးဘူး။ ယူ့ကို တော်တော်ကြောက်ရတာပဲ ဖြစ်မယ်"

"မဟုတ်ဘူး။ သူက ကိုယ့်ကို စိတ်မဝင်စားတာ"

"ဘာရယ်"

"ခုချိန်ထိ ကိုယ့်ဝေယျာဝစ္စ လုပ်ပေးတာမျိုးလည်း မရှိဘူး"





"ဘာတွေ မလုပ်ပေးလို့လဲ"

"ဘာမှမလုပ်ပေးတာလေ။ အလုပ်သမားတွေ အများကြီး ဆိုတော့ အိမ်အလုပ် လုပ်ပေးစရာတော့ မလိုဘူးပေါ့။ ဥပမာ ... ကိုယ့်ဝေယျာဝစ္စ ဆိုတာမျိုးက ခုထိ ကိုယ့်အတွက်ဝတ်ဖို့ အင်္ကျီလေးတောင် မထုတ်ပေးဘူးတာပဲ။ အဲလို အသေးလေးတွေပေါ့"

"သူ ထုတ်ပေးတာရော ယူက ဝတ်မှာမို့လို့လား"

"မသေချာပါဘူး"

"ယူတို့ဟာက တော်တော်ပျင်းစရာကောင်းတယ်။ ရှုစန်သာဆို အဲလို ပျင်းစရာကောင်းတဲ့ အိမ်ထောင်ရေးမျိုးကို သည်းခံနိုင်မှာ မဟုတ်ဘူး"

"သူက ရှုစန်မှ မဟုတ်တာ ... ဟာ ဟ"

"ဟုတ်ပါတယ်၊ အဲလို မိန်းမမျိုးတွေလည်း ရှိတတ်ပါတယ်။ အသစ်ပါပဲ ... ဟင်း ဟင်း၊ သူလည်း ရှုစန့်ကို ဘယ်လိုသတ်မှတ်ထားမလဲ မသိဘူးနော်"

သစ်မောင်မောင် ဘာမှ မပြောဘဲ ပြုံးနေသည်။ ရှုစန်နဲ့ နိုင်ငံခြားမထွက်ဖို့ ပြောတုန်ကတောင် သားတွေအတွက်တဲ့။ သူ့ကို မုန်လိုတဲ့ပြန်တာလည်း ဖြစ်နိုင်ပါသည်။

www.burmeseclassic.com



"ရှုစန်ကတော့လေ သူ့ကို သနားတယ်၊ ဒီလိုယောက်ျား ကို ကလေးတွေ မျက်နှာနဲ့ ဖက်တွယ်နေတာလေ။ ဒီ မိန်းမ လူ့အခွင့်အရေးဆိုတာ နားမလည်ဘူး။ အင်းလေ မြန်မာပြည်က မိန်းမတော်တော်များများလည်း နားမလည် ပါဘူး။ လင်တွေ သားတွေအတွက် ကိုယ့်အခွင့်ရေးတွေ ကို ဆုံးရှုံးခံနေကြတာ။ ရှုစန်တို့ကတော့ ကိုယ် စိတ်မချမ်း သာရင် ဘာမှမငဲ့ဘူး ဂျောင်းပဲ။ လူ့ဘဝရသခိုက်လေး ပျော်ပျော်နေမယ် ဒါပဲ"

"ရှုစန် လက်မထပ်တော့ဘူးလား"

"လိုလို့လား"

"အဟင်း"

"ရင်သွေးတွေ အိမ်ထောင်တွေနဲ့ ချည်နှောင်မခံဘူး။ ရှုစန် မှာ ပိုက်ဆံရှိရင် အခြွေအရံဆိုတာကို ပိုက်ဆံနဲ့ဝယ်လို့ရ တယ်လေ"

"မေတ္တာကိုတော့ ပိုက်ဆံနဲ့ ဝယ်လို့မရဘူး ထင်တယ်"

"ဟ ဟ ဟ … ရပါတယ် ကိုသစ်ရဲ့။ သူကိုယ်တိုင်ဝယ် ထားပြီးတော့"





"မိန်းမကိုပဲ ဝယ်လို့ရတာ။ မေတ္တာကို ဝယ်လို့မရဘူး။ မေတ္တာကို မေတ္တာနဲ့ပဲ လဲယူလို့ရတယ်။ ဒါပေမဲ့ ကိုယ့် စိတ်က ဘာလို့မှန်း မသိဘူး။ သူ့ကိုဆို နိုင်စားချင်တယ်။ စိတ်ဆင်းရဲအောင်ပဲ လုပ်ချင်နေတယ်။ ကိုယ် သူ့ကို တကယ်ချစ်ရဲ့သားနဲ့ ဘာလို့ အဲလိုတွေ လုပ်နေမိမှန်း မသိဘူး"

"ခပ်ကြမ်းကြမ်း ချစ်တတ်တာပေါ့။ Love is rough."

"အဲလို ဖြစ်နေတာလား မသိဘူး။ ကိုယ် ငယ်ငယ်တည်း က လိုချင်တာကို မရ,ရအောင် လုပ်တတ်တယ်။ ပြီးတော့ ကိုယ် အရမ်းကြိုက်တဲ့ ကစားစရာတွေဆို ခပ်ကြမ်းကြမ်း ဆော့ပစ်တာ၊ ကွဲကြေသွား ပျက်စီးသွားရင်လည်း ဘယ်လို မှမနေဘဲ အဲဒီအကွဲအပျက်တွေကို ဒီတိုင်း သိမ်းထားတာ။ လွှင့်ပစ်ရင် မကြိုက်ဘူး"

"အင်း … တော်သေးတာပေါ့ ရှုစန့်ကို မချစ်တာ ရှုစန် ကံကောင်းတာပေါ့ ဟဲ ဟဲ"

"ဒါပေမဲ့ ကိုယ်သူ့ကို အပြင်မခေါ်တာပဲ ရှိတာပါ။ တခြား ဘာမှတော့ မနှိပ်စက်ဘူး။ သူနဲ့တူတဲ့ သားငယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဆို သားကြီးထက်တောင် ပိုချစ်မိသေးတယ်။ သူ့ကို သနားလို့ အိမ်တောင်ခွဲပေးထားတာ။ ဒါပေမဲ့ ကိုယ် သူ့ကို ကြင်ကြင်နာနာ ယုယုယယ မရှိတာတော့ အမှန်ပဲ"

"မိန်းမဆိုတာ ယောကျ်ား ကြင်နာယုယတာတော့ ခံချင်မှာပေါ့။ ရှုစန်ကတော့ ကိုယ့်ကို တယုတယနဲ့ ချော့မော့ချစ်မှ ကြိုက်တာ။ မိန်းမတိုင်း ဒီလိုပဲ"

"ကိုယ်သိတယ်၊ ဒါပေမဲ့ မလုပ်တာ။ မလုပ်ချင်တာ။ ရှုစန် ပြောသလို Love is rough ဖြစ်နေပြီထင်တယ်"

❖ ❃ ❖





သားတွေလည်း တဖြည်းဖြည်း အရွယ်ရောက်လာကြပြီ။ နာနီ မလိုတော့၍ ဆရာမလည်း မလာတော့။ International School (အင်တာနေရှင်နယ်လ်စကူးလ်)ထားတာမို့ သူတို့ကျောင်းက ကျူရှင်တွေ ဂိုက်တွေလည်း မလိုပါ။

သူတို့နဲ့ ပြောနိုင်ဖို့ အိချိုတောင် English Speaking ခေါ်သင်နေရ၏။

သိတတ် နားလည်စပြုလာတော့ သားငယ်က သူ့ကို သူ့အဘွား မလိုလားတာ သိလာသည်။

သူတို့ အဘိုးနဲ့ တွေ့ခွင့်ရပေမယ့် အပြင်မှာပဲ တွေ့ရသည်။ သားငယ်မျော ဘွားအေဖြစ်သူကို ဓာတ်ပုံထဲမှာပဲ မြင်ဖူးရှာသည်။

"သားကလည်း ဘွားဘွားကို မချစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတတ်လာသည်။ သူ့အစ်ကို အသွားအိမ်သွားတဲ့နေ့ဆို သားငယ်ကလည်း အိချို့ မိဘတွေအိမ် သွားသည်။ အိချို့မိဘတွေကို ပိုခင်တွယ်လာသည်။ အိချို့ မိဘတွေကလည်း မြေးအငယ်ကို ပိုချစ်လာသည်။

ဒေါ်ဖြူဖြူသစ် သူ့အစ်ကိုကို ဝယ်ပေးတဲ့ ပစ္စည်းတွေကို သူ့အစ်ကိုရှေ့တင် ပေါက်ခွဲပစ်တာမျိုး၊ ဖျက်ဆီးပစ်တာမျိုးတွေ အထိပါ လုပ်လာသည်။

နောက်ပိုင်း အိချို့က ဆူသလို သူ့အဖေကလည်း သားကြီးကို သူ့အသွား ဝယ်ပေးလိုက်တဲ့ ပစ္စည်းမျိုး ထပ်တူ သားငယ်ကိုပါ ဝယ်ပေးသည်။ ဒါတောင် သားငယ်က မကြိုက်။ မသုံးပါ။

"သားကို ဘွားဘွား ပေးတာတွေနဲ့တူအောင် ဘယ်တော့မှ မဝယ်ပေးပါနဲ့ ဖေဖေ။ သား မကြိုက်ဘူး"

စသဖြင့် သားငယ်ရင်ထဲမှာ ဒဏ်ရာရသွားတာကို မအေတစ်ယောက်အနေနဲ့ စိတ်မကောင်းသလို သားကြီးကလည်း စိတ်မကောင်းဖြစ်သဖြင့် တော်တန်ရုံ သူ့အသွားဝယ်ပေးတာတွေတောင် သိပ်မယူ။ သူ့အသွား ဝယ်ပေးတာတွေကို အသွားအိမ်မှာပဲ ထားခဲ့တာမျိုးတွေအထိပါ လုပ်လာသည်။





ဒီအခြေအနေထိရောက်တာတောင် သစ်မောင်မောင်က သူ့မိခင်ကို ဘာမှမပြောပေး။ သားနှစ်ယောက်ကလည်း သူတို့ဖခင်ကိုစိမ်းကာ အိချို့မှ အိချို့။ မိခင်ကိုပဲ အရိပ်လို ကြည့်နေကြသည်။ သိတတ်လာတဲ့ သားတွေက မအေကို အရိပ်ကြည့်ကာ သနားလာကြပုံပဲ။ အိချို့ ပြောစကားလည်း နားထောင်ကာ လိမ္မာကြသည်။

အထူးသဖြင့် ...

သားကြီးက သူ့အဖေနဲ့ ရုပ်ရည်ပဲတူကာ စိတ်ဓာတ်ကျတော့ အိချို့နဲ့ တူသည်။ သားငယ်က ရုပ်က အိချို့နဲ့တူပေမယ့် စိတ်ကျတော့ သူ့အဖေ သူ့အဘွားတွေနဲ့ တူနေပါသည်။

သားကြီးနဲ့ သားငယ်ဆိုရင် သားကြီးက ပိုအနေအေးကာ လိမ္မာပြီး သားငယ်က နည်းနည်း စိတ်ကြီးတတ်သည်။ ဒါကလည်း သူ့အဘွားကြောင့် ဖြစ်နိုင်ပါသည်။

တစ်ခါတစ်ရံ ကလေးတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ အနေအထားကလည်း သူ ရှင်သန်ကြီးပြင်းရတဲ့ ပတ်ဝန်းကျင် အနေအထားရဲ့ ရိုက်ခတ်မှုတွေကြောင့် ပြောင်းလဲတတ်ပါသေးသည်။



www.burmeseclassic.com

အချိန်ဆိုတာကြီးသာ နောက်ပြန်လှည့်လို့ ရမယ်ဆိုရင် အရာအားလုံးကို ခဲဖျက်နဲ့ ဖျက်သလို ဖျက်ထုတ်ပစ်ချင်မိပါရဲ့။ ဒါပေမဲ့လေ ဘာသာရေးကို လေ့လာလိုက်စားမိတာနဲ့အမျှ ဒါတွေဟာ ပြုခဲ့ဖူးတဲ့ ကံတရား အကျိုးဆက်တွေဟုသာ။

❖ ❋ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ လွှာ(၇)၊ ဈေးချို ဝင်လမ်း (ဘော်လမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





မျှော်လင့်ချက် တစ်စုံတစ်ရာမရှိသော ဘဝခရီးကို လျှောက်ရတာ ကြမ်းတယ်။ ချမ်းချမ်းသာသာ နေရပေမယ့် မေတ္တာတရား မပါဝင်သော အိမ်ထောင်ရေးတစ်ခုကို ဖြတ်သန်းရတာလည်း အချိန်တိုင်း ထိရှနာကျင်နေရပါသည်။

သူမရဲ့ဘဝ သေဆုံးသွားသလို၊ ဘဝမှာ ပန်းတိုင်လည်း မရှိပါဘူး။ သေချာတာက သူမရဲ့သားလေးနှစ်ယောက်ရဲ့ ဘဝမှာ broken family ဆိုတဲ့ ဆေးခါးကြီးကို မသောက်စေချင်လို့၊ သားနှစ်ယောက်ကို မေတ္တာတရားတွေနဲ့ ချီပိုးပြီး လျှောက်နေရတဲ့လမ်းမှာ ခင်းထားတာက ဆူးတွေမို့ သူမနလုံးသားတွေထတော့ သွေးတွေ ချင်းချင်းနီနေပါပြီ။

အခိက သားနှစ်ယောက်အတွက်ပါပဲ။ သူမဘဝအလဲလဲ အပြိုပြိုပါပဲ။ သူမအဖြစ်က တိတ်တိတ်ပုန်း အယူခံရတဲ့



www.burmeseclassic.com

မိန်းမလိုပဲ။ ခုဆို စူစန်ကို ပွဲတက်မယားလို တွဲနေတာဆိုတော့ လေ။ အတုံ့အလှည့်မရှိတဲ့ အိမ်ထောင်ရေး။ သူ ဘာတွေလုပ်နေ လဲ။ သူ ဘယ်လောက် ချမ်းသာသလဲ။ သူ့မိတ်ဆွေ အပေါင်း အသင်း ပတ်သက်ရာ ပတ်သက်ကြောင်း ဘာဆို ဘာမှမသိရ။ မာနတွေနဲ့ မေးဖို့လည်း စိတ်မကူးခဲ့။ သူမဟာ ဆူးရှိရဲ့ အချိုး ခံထားရတဲ့ နှင်းဆီတစ်ပွင့်လို နာကျင်နွမ်းလျနေပါသည်။

ယောက္ခမရဲ့ ဥပေက္ခာပြုမှု၊ ယောက်ျားဖြစ်သူရဲ့ ဥပေက္ခာပြုမှု။ စင်ပေါ် ဆွဲတင်ပြီးမှ ကန့်လန့်ကာနောက်မှာ ပုန်း ခိုင်းထားသလို ဖြစ်နေသည်။

ဒီဇာတ်လမ်းမှာ သူမက ပထမ ဇာတ်ပို့ဆိုရင် ဒုတိယဇာတ်ပို့က သားငယ်လေးပါ။

ဖခင်ဖြစ်ပြီး သားသမီးခံစားချက်ကိုပါ ထည့်မတွက် ကာကွယ်မပေးတဲ့ သစ်မောင်မောင် တော်တော်ကို တရားလွန်နေ ပါသည်။

သစ်မောင်မောင်တို့ ပတ်ဝန်းကျင်မှာ ဒေါ်ဖြူဖြူသစ် ရဲ့မြေး၊ သစ်မောင်မောင်ရဲ့သားအဖြစ် ပွဲထုတ်ခံရတာ သားကြီး ပြည့်စုံသစ်မောင်မောင် ခေါ် စုံစုံ တစ်ယောက်တည်းပါ။ သား





ငယ် ချမ်းသာသစ်မောင် ခေါ် သာသာကိုတော့ သူတို့အသိုင်း အဝိုင်းက သိတောင်မသိကြ။

ဒီ့အတွက် သူမက သည်းခံခြင်းတွေ ပြည့်နေပေ မယ့် သားငယ်ကတော့ ကလေးဆိုတော့ နာကြည်းနေရှာမှာပေါ့ လေ။ သားလေးတွေဟာ တဖြည်းဖြည်းနဲ့ သိတတ် နားလည် လာပြီလေ။

သားငယ်ဟာ သူ့အဘွားကိုသာမက သူ့ဖခင်ဖြစ် သူကိုပါ နာကျင်နေရှာပြီ။ ဒီဆူးကို ကလေးရင်ထဲ စိုက်ခဲ့ကြတာ ဘယ်သူတွေလဲ။

အိမ်ချိုက သားတွေကို မထိခိုက်အောင် ဘယ်လောက် ပဲ ကြိုးစားပေမယ့် တြိဂံသုံးနားစလုံးညီမှ ဖြစ်မှာလေ။ အိမ်ချို ကိုယ်တိုင် တစ်ထောင့်တည်း ညီအောင် လိုက်ညှိနေလို့မှ မရ တာ။

ခုဆို သားတွေဟာ စူစန်ကိုလည်း သိနေကြပါသည်။ ဆိုရှယ်ကျတဲ့ သူတို့အသိုင်းအဝိုင်းထက် ဗမာဆန်မှုကို ပိုပြီးတန်ဖိုး ထားတတ်အောင် သင်ပေးထားတာမို့ သူတို့ဖခင်ရဲ့ပါတနာ စူစန် ကို သူတို့ မနှစ်သက်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမသားတွေကို ယောကျ်ားကောင်းတွေ ဖခင်ကောင်းတွေဖြစ်အောင် သူမ ကြိုးစားသင်ပေးပါသည်။ ဘာသာရေးဘက် ဆွဲခေါ်ကာ လောကကြီးကို ဘာသာရေးနဲ့ယှဉ်ကာ သုံးသပ်ပြပါသည်။ အဓိက,က ကံဆိုတာ အလုပ်ပဲ။ ကိုယ်ပြုသမျှအကျိုးဆက်က ကိုယ့်ကံတရားဆိုတာ သူတို့လေးတွေ နားလည်ရင် ဘဝမှာ နေပျော်သွားမှာပါလေ။

❖ ❋ ❖





သူမဘဝက ဆူးကြားက ဘူးခါးလို ပိန်မသာ လိမ်မသာနဲ့ ဖြတ်သန်းရင်း သားလေးတွေ အရွယ်ရောက်လာပါပြီ။

ဒီအရွယ်ထိ သူမဟာ ယောက္ခမနဲ့ လုံးဝမတွေ့ဖြစ်ခဲ့ပါ။

ယောက္ခထီးကတော့ တစ်ခါတစ်ရံ အိမ်ကိုလာသဖြင့် တွေ့ရပါသည်။

သားငယ်ကတော့ သူ့အဘွားကို အပြင်မှာ မြင်ဖူးအောင် သွားချောင်းကြည့်သတဲ့။

စိတ်မကောင်းပေမယ့် သူမ မတတ်နိုင်ပါ။

သူမကတော့ သားနှစ်ယောက်နဲ့ သူမမိဘတွေခေါ်တာ မြန်မာပြည်အနှံ့ ဘုရားဖူးလိုက်၊ ခရီးသွားလိုက်၊ လှူလိုက်နဲ့ လုပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သားကြီးကတော့ နိုင်ငံခြားခရီးစဉ် အတော်များများလည်း သွားခဲ့ပြီးပါပြီ။ သူမနဲ့ သားငယ်ကတော့ ဘယ်နိုင်ငံမှ မသွားဖြစ်ပါ။

သစ်မောင်မောင်က တစ်ခါတစ်ရံ သားငယ်ကိုခေါ်ပါသည်။ ဒါပေမဲ့ သားငယ်ကကို မသွားတာပါ။

ဒါဟာ သားငယ်ရင်ထဲက ဒဏ်ရာတွေပေါ့လေ။

ဒီလိုနဲ့ သူတို့လေးတွေ အရွယ်ရောက်လာတော့ သားကြီးက သူ့အဘွားအိမ်မှာ အနေများလာခဲ့ပါသည်။ ပြီးတော့ သားကြီးကို အင်္ဂလန်မှာ ကျောင်းသွားတက်ဖို့ သူ့အဘွားက စီစဉ်နေပါပြီ။

အင်တာနေရှယ်နယ်လ်စကူးလ် တက်ထားတဲ့ သားတွေအတွက် ဆက်တက်စရာကျောင်း မရှိတော့၍ နိုင်ငံခြားမှာပဲ သွားတက်ရမှာပါ။

သားကြီးက အင်္ဂလန်ထွက်သွားပြီးနောက် သားငယ် အလှည့်မှာ သစ်မောင်မောင်က သားငယ်ကို အင်္ဂလန် သို့မဟုတ် အမေရိကားမှာ ကျောင်းဆက်ထားဖို့ စီစဉ်ပေမယ့် သားငယ်က





ကျောင်းဆက်တက်ဖို့ စိတ်မပါသလို ရန်ကုန်ကနေ မခွာနိုင်လို့ နိုင်ငံခြားလည်း မသွားနိုင်ပါဘူး ဆိုသောအခါ ...။

သူမရင်ထဲ မကောင်းသလို သစ်မောင်မောင်လည်း ရင်ကွဲပါသည်။ တစ်သက်လုံး နိုင်ငံခြားကို ခေါ်လို့မရတဲ့ သားက အရွယ်ရောက်လာတော့ အာခံပါပြီ။ သူမ ဘယ်လိုပဲ ချော့မော့ဖျောင်းဖျပေမယ့် မရပါ။

ထိုသတင်းကြားတော့ ဒေါ်ဖြူဖြူသစ်က မဲ့ပါသည်။

"မအေတူသား မအေလိုပဲ နေမှာပေါ့"

တဲ့လေ။ ဒါတွေဟာ သူတို့ဘက်က စတင်ရိုက်ခတ်မှုကြောင့် ဖြစ်လာတဲ့ ရလဒ်တွေဆိုတာ ပြန်ပြောခွင့်မရှိတဲ့ အိချို ဘဝ။

အိချိုက ...

"သား ဒီကိစ္စတော့ အခွဲ့မတိုက်နဲ့။ ဒါ သားဘဝနဲ့ဆိုင်တယ်။ ဒီကိစ္စမှာ အခွဲ့တိုက်လိုက်ရင် သားပဲနစ်နာမှာ။ သားဘဝနဲ့ရင်းပြီး အခွဲ့မတိုက်နဲ့။ ကျောင်းသွားတက်ပါ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မတက်ဘူး မေမေ။ အနောက်နိုင်ငံက ပညာတွေတတ်မှ ရပ်တည်နိုင်တာ မဟုတ်ပါဘူး။ ပြီးတော့ သားက ဒေါ်ဖြူဖြူသစ်မြေး မဟုတ်ဘူး။ ဦးသစ်မောင်မောင် သားလည်း မဟုတ်ဘူး"

"သားရယ် ဘယ်လိုပြောလိုက်တာလဲ"

"မေမေနာကျင်ခဲ့ရသလို သားနာကျင်ခဲ့ရသလို အဘွားနဲ့ အဖေလည်း ခံစားစေရမယ်"

"ဟဲ့ သားရယ်၊ ဖအေကို အဲသလိုမပြောရဘူး။ သားကို မေမေ ဒီလောက်ဆုံးမထားရဲ့သားနဲ့ သားလေးရယ်။ အဖေ့ရဲ့မွေးကျေးဇူးဆိုတာ သိပ်ကြီးတယ် သားရဲ့။ ငါ့သားကို ကံကြီးမထိုက်စေချင်ဘူး သား။ သားကို မေမေ တရားတော်တွေ သင်ပေးဖူးတယ်လေ။ ဒါတွေဟာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတွေပါ သားရယ်။ ကိုယ်က အဆိုးတွေ ထပ်လုပ်ရင် နောက်ထပ်လည်း ကံဆိုးမှုတွေပဲ ကြုံရမှာပေါ့ သားရယ်။ မိဘကို ပြစ်မှားစော်ကားတာမျိုး မလုပ်ရဘူး သားရဲ့။ သားဖေဖေဟာ လူအားဖြင့် ဂရုမစိုက်ပေမယ့် သူ့ ရှာဖွေကျွေးမွေးလို့ မေမေနဲ့သားတွေ မတောင့်





မတ မကြောင့်မကြ နေနိုင်တယ်လေ သားရယ်။ သား အဖေ ကျေးဇူးတွေ ရှိပါတယ် သားရယ်"

သားလေး ဖခင်အပေါ် ပြစ်မှားမိမှာစိုးလို့ ဖျောင်းဖျနေရပေမယ့် အိချို ရင်ထဲမှာလည်း နာကျင်ရပါတယ်။

ဒါပေမဲ့ ကိုယ် ရင်နာတာထက် သားလေး ဖခင်ဖြစ်သူကို ပြစ်မှားမိပြီး အပြစ်ရမှာစိုးလို့ သူမသားလေးကို ဖျောင်းဖျ နေရပါတယ်။

ကိုယ့်ခံစားချက်ကို မျိုသိပ်ပြီး ဖြစ်သင့်တာကို အကောင်းဆုံးဖြစ်အောင် လုပ်တာဟာ သူမနဲ့တော့ အသားကျနေတဲ့ ခံစားချက်တွေပေါ့။ ဒါပေမဲ့ ဒီဒဏ်တွေကို ငယ်ငယ်လေးနဲ့ ခံစားလိုက်ရတဲ့ သားငယ်လေးခမျာတော့ နှလုံးသားနုနုလေးမှာ ဒဏ်ရာတွေ နက်နေရောပေါ့။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သိပ်စိတ်ညစ်တယ် စုစန်ရယ်"

"ယူ့ရုပ်ကြီးက အိုစာပြီး ဘယ်လိုဖြစ်လာတာလဲ"

"သားငယ်ပေါ့"

"အင်း"

"ကျောင်းသွားမတက်ဘူးတဲ့"

စုစန် ငြိမ်သက်စွာ နားထောင်ပေးလို့ ရပါသည်။ သူ ဘာဆက်ပြောမလဲလို့။ သူ ဘာမှဆက်မပြောတော့ဘဲ မျက်နှာ ပျက်ကြီးနဲ့။ ပြီးမှ သက်ပြင်းချကာ ...

"နိုင်ငံခြား ခေါ်ရင်လည်း ဘယ်တော့မှ မလိုက်ဘူး။ အခု ကျောင်းသွားတက်နိုင်းလို့တောင် မရဘူး။ သူ့အမေ ဘာတွေ လိုင်းသွင်းထားလဲ မသိဘူး"

"ကိုသစ် မိန်းမက အဲလို လုပ်တတ်လို့လား"





"ကိုယ်သိသလောက် ဘာမှတော့ ပြဿနာမရှာခဲ့ဖူးဘူး။ ရေခဲတုံးကတောင် အမေခေါ်ရမယ့် မိန်းမမျိုး"

"ဒါနဲ့များ ဘာလို့ သူ့ကို ထင်ရတာလဲ။ သားသားက သူ့အစ်ကို စုံစုံနဲ့ ယှဉ်ပြီး စိတ်ဒဏ်ရာ ရသွားတာပဲ ဖြစ်မှာပါ ကိုသစ်ရယ်"

"အဲဒါကြောင့် ဟိုတုန်းတည်းက ကိုယ် သားငယ်ကို ခဏ ခဏ နိုင်ငံခြားခေါ်ခဲ့တယ်။ သားက မလိုက်တာ။ သူ့အမေများ ပြောထားသလားလို့"

"သားသားကို သေချာညှိကြည့်ပါဦးလား"

"မရဘူး၊ ဒီကောင်က စုံစုံလို မဟုတ်ဘူး"

"သူကြီးပြင်းခဲ့ရတာကလည်း စုံစုံလိုမှ မဟုတ်တာလေ ကိုသစ်ရဲ့။ အန်တီဖြူသစ် မနှစ်မြို့လို့ဆိုပြီး ကိုသစ်ကိုယ်တိုင် အိမ်ရှိုနဲ့ သားသားကို ဖယ်ထုတ်ထားခဲ့တာလေ"

"ဟင်"

"ဟုတ်တယ်လေ။ ကိုသစ် ကိုယ်တိုင် သူတို့ကို ဥပေက္ခာ ပြုထားခဲ့တာ။ အန်တီဖြူသစ်က စုံစုံကို လက်ခံတော့ စုံစုံ



www.burmeseclassic.com

www.burmeseclassic.com



ဘဝက ပုံမှန်အတိုင်း ကြီးပြင်းခွင့် ရတာပေါ့။ သာသာက တော့ သူ့အမေနဲ့အတူ အပယ်ခံသဘောမျိုး ဖြစ်သွားတယ်။ ဒါတွေဟာ ကလေးအတွက် ဒဏ်ရာတွေပဲပေါ့ ကိုသစ်”

“စူစန်က ဘာလို့ နားလည်ပေးနိုင်ရတာလဲ”

“ဟင့်အင့် ... နားလည်ပေးတာ မဟုတ်ဘူး။ ဘေးလူဆို တော့ မြင်နေရတာလေ”

သစ်မောင်မောင် ငြိမ်သွားသည်။ သူလည်း သိတော့ သိပါသည်။ သားရဲ့နာကျင်မှုတွေကိုရော အိချိုရဲ့နာကျင်မှုတွေကို ပါ သူ သိနေပါသည်။ ဒါပေမဲ့ မထင်မှတ်ဘဲ အိချိုက မာနတွေ စွတ်ကြီးနေခဲ့သည်။

အိချိုဘက်က ဘာမှမတောင်းဆိုခဲ့၍ သူ ပစ်ထား ခဲ့ခြင်းပါ။ ခုထိ သားတွေ ဒီအရွယ် ရောက်တဲ့အထိ သူတို့ပြိုင်မိ တုန်း။ မာနတွ ပြိုင်ခဲ့သည်။

ပြီးတော့ မာမီ။ မာမီဟာ တစ်ဦးတည်းသောသား သူ့ကို သိပ်ချစ်ရှာပါ၏။ မာမီ သူ့အပေါ် တန်ဖိုးထားခဲ့တာတွေ။ ချစ်ခင် မြတ်နိုးခဲ့တာတွေကို သိပါသည်။





အိချိုကို ယူခဲ့၍ မာမီ ဘယ်လောက်တောင် နာကျင် ခဲ့ရသလဲ ဆိုတာ သူ သိပ်သိတာပေါ့။ ဒယ်ဒီလည်း နားလည်ခဲ့ ၏။ ထို့ကြောင့် မာမီကို သူရော ဒယ်ဒီပါ နားလည်ပေးခဲ့သည်။

မာမီကို သနား၍ အိချိုကို မာမီရှေ့ ပွဲမထုတ်ခဲ့ တာလည်း အမှန်ပါ။

သားကြီးကို မွေးလာတော့ သူနဲ့တူတဲ့ သားကြီးကို မာမီ အစားထိုး ချစ်ပြန်သည်။

အဲဒါကို သူနဲ့ ဒယ်ဒီပဲ နားလည်ခဲ့တာပါလေ။ သားငယ်ကတော့ အိချို ကိုယ်ပွားလေး ဖြစ်နေခဲ့လို့ မာမီသဘော မကျပြန်။ ဒါပေမဲ့ သူ့ဘက်က အိချိုကို ရွဲ့ချင်တာရော မာမီကို စိတ်ချမ်းသာစေချင်တာရောကြောင့် သားငယ်ကိုလည်း ပွဲမထုတ် မိသလို ဖြစ်သွားသည်။

တကယ်ဆို သူ့အမေနဲ့ ရုပ်တူတာ အပြစ်မှမဟုတ် တာ။

ခုတော့ အရာရာ ရှုပ်ထွေးကုန်ပြီ။ သားငယ်က သနားစရာ ကောင်းနေပါလား။ လူကြီးတွေရဲ့ အတ္တပြိုင်ပွဲတွေ ကြား သားငယ်လေးမှာ အပြစ်မရှိဘဲ မြေဇာပင် ဖြစ်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်တို့ အမှောင်ဖုံးရင် ဘာအမှောင်မှ လိုက်မမီတော့သလိုပဲ တွင်းတဆုံး မိုက်မိတော့မလို။

သူ ဘာလုပ်သင့်သလဲဆိုတာ သိသွားပြီ။ သူ သားငယ်ကို ပေးဆပ်ရမည်။ အပြင်လောကမှာ စီးပွားတွေ သဲကြီးမဲကြီး ရှာနေပေမယ့် သူ့အိမ်ထဲမှာ မသာယာပါလား။ မပြည့်စုံပါလား။

ဖျတ်ခနဲ မိသားစုကို လှည့်ကြည့်မိတော့ မိသားစုဓာတ်ပုံတောင် မရှိတဲ့ အဖြစ်ပါလား။

ရှုစန်က သူ့ကို ငေးကြည့်နေသည်။

❖ ❃ ❖





"သားငယ် လာပါဦး၊ ဖေဖေ ပြောစရာရှိလို့"

Grade 11 အောင်ထားတဲ့ သားငယ်က ကာတွန်းကားလေးတွေ မက်မက်မောမော ကြည့်နေတုန်း။ ကြည့်စမ်း။ ဒီကလေးလေးရဲ့ နှလုံးသားနုနုလေး ဘယ်လောက်တောင် နာကျင်နေရှာမလဲ။

သားက မကြားတာလား။ မကြားချင်ယောင်ဆောင်နေတာလား မသိ။ မလာပါ။

သူ သားငယ်ဘေး သွားထိုင်ကာ ပခုံးကိုဖက်ပြီး ...

"သားငယ် ... ဖေဖေ စကားပြောချင်လို့ Please"

သားက စိတ်မပါပုံဖြင့် Remote Control ဖြင့် တီဗီကို လှမ်းပိတ်လိုက်၏။

"လာ ... သား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအဖ ခြံထဲဆင်းလာတာနဲ့ အိမ်ဖော်တစ်ယောက်က ...

"ဆရာ ဘာသောက်မလဲ"

"သားငယ်လေး ဘာသောက်မလဲ"

"သားသောက်နေကျပဲပေးပါ ဒေါ်ကြီး"

"ဟုတ်ကဲ့ ... ဆရာ့အတွက် ဘာယူခဲ့ရမလဲ ဆရာ"

"သားသောက်နေကျက ဘာလဲ"

"ဘလက်ခ်ကော်ဖီပါ ဆရာ"

"ဘလက်ခ်ကော်ဖီ။ ကောင်းပြီ ... ကျွန်တော့်အတွက်လည်း အဲဒါပဲ"

ခဏနေတော့ ဘလက်ခ်ကော်ဖီနှစ်ခွက် အငွေ့တထောင်းထောင်းနဲ့။

"သားက ဘလက်ခ်ကော်ဖီသောက်နေတာ ကြာပြီလား"

"ကြာပြီ၊ မေမေ့ဆီက ယူသောက်ရင်း ကြိုက်သွားတာ"

"ဪ"

"အနံ့လေး မွှေးပေမယ့် အရသာက ပြင်းထန်တယ်။ ခဏ ခဏ သောက်ရင် လူကိုထိတယ်။ ဘဝဆိုရာ သားအတွက်တော့ ဘလက်ခ်ကော်ဖီတစ်ခွက်လိုပဲ"





"သား ကျောင်းသွားမတက်ဘူးလား"

"မတက်ဘူး"

"ကောင်းပြီ၊ ဒါဆို သားမတက်ချင် မတက်နဲ့။ သား အခု ဘာလုပ်မလဲ။ ဖေဖေ ဘာလုပ်ပေးရမလဲ"

သားက သူ့ကို မယုံနိုင်သလို ကြည့်လာသည်။ သားစိတ်ထဲမှာ သူနဲ့အခြေအတင် ပြောရမည်ဟု ထင်နေပုံပဲ။ ရုတ်တရက် သူ့ဘက်က ခုလို မေးလာ၍ ဆန်းစစ်တဲ့ အကြည့်နဲ့ ကြည့်လာတာပါ။

"ပြောလေ သားငယ်၊ ဘာလုပ်ချင်လဲ"

မျက်တောင် ပုတ်ခတ် ပုတ်ခတ်နဲ့။

"ဘာမှတော့ မလုပ်တတ်ဘူး။ ဒါပေမဲ့ တစ်ခုခုတော့ လုပ်ချင်တယ်"

"သားကို ဖေဖေ တစ်ခုမေးမယ်နော်၊ သား တစ်သက်လုံး နိုင်ငံခြား မသွားဘူးလား"

သာသာက ပြန်မဖြေပါ။ ဖြေဖို့အတွက်ကို စဉ်းစားနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သား စီးပွားရေး တစ်ခုခု လုပ်မယ်ဆိုရင်လည်း နိုင်ငံခြားနဲ့တော့ မဆက်ဆံလို့ မရဘူး သား။ တချို့ကိစ္စတွေကို သူ့ကလျာလေးတွေနဲ့သူ ခွဲထားလိုက်ပါ သားရယ်နော်။ သားက ဒီမှာလည်း ကျောင်းဆက်တက်လို့ မရဘူးလေ။ ရတယ်ထား။ သား ဒီက ဘွဲ့လောက်နဲ့ပဲ ကျေနပ်မှာလား။ သားဘဝမှာ သား သဘောမကျတဲ့ တစ်စိတ်တစ်ပိုင်း ရှိခဲ့ရင် အဲဒါ ဖေဖေ့လိုအပ်ချက်ပါ သားရယ်။ သားကိုယ်သားတော့ ဒဏ်မခတ်ပါနဲ့။ သားဘဝ မြင့်သထက် မြင့်အောင် ကြိုးစားပါ သားရယ်။ သား ကျောင်းဆက်မတက်ဘူးလို့ ပြောတော့ ဖေဖေ တော်တော် စိတ်မကောင်း ဖြစ်သွားတယ်။ ဖေဖေ့ထက် မင်းမေမေက ပိုပြီးစိတ်မကောင်းဖြစ်မှာ သား မသိဘူးလား။ သားသာ ကျောင်းမတက်ရင် စိတ်အထိခိုက်ဆုံးလူက သားမေမေပဲ"

"သား ကျောင်းဆက်တက်မယ်ဆိုရင် မေမေ့ကိုပါ ခေါ်သွားခွင့် ပေးမှာလား"

"ဟင်"

"သား မေမေ့ကို မထားခဲ့နိုင်ဘူး"





သားရဲ့တောင်းဆိုမှုကို လန့်သွားလို အံ့ဩသလိုနဲ့ မကြိုက်သလိုလို ချက်ချင်းပဲ လွှမ်းသွားသလိုလို။

"သားနဲ့မေမေ အတူသွားခွင့်ပေးမယ်ဆိုရင် သွားတက်မယ် ဖေဖေ"

"အိုခေပါ သားငယ်။ ဖေဖေ စဉ်းစားလိုက်ဦးမယ်"

သားက အေးနေပြီဖြစ်တဲ့ ဘလက်ခ်ကော်ဖီတွေကို တစ်ရှိန်ထိုး မော့သောက်ကာ ခွင့်ပြုပါဦး ဖေဖေတဲ့။

သူ ခေါင်းညိတ်ပြလိုက်တာနဲ့ ထထွက်သွားသည်။ သူ ခေါင်းညိတ်လိုက်တာနဲ့ သူ့ကို ထားသွားကြတော့မှာပေါ့။

ရင်ထဲမှာ ဗူးတူးတူး အောင့်တောင့်တောင့်နဲ့ နေမထိထိုင်မသာ ခံစားချက်ကြီးပါလား။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



သူ သူမနဲ့ စကားပြောဖို့ လိုလာပြီ။ သား တောင်း ဆိုသွားတာကို သူ မလိုက်လျောချင်ပါ။ တကယ်ဆို သူ သူမနဲ့ မခွဲချင်ပါ။ မခွဲနိုင်ပါ။

သူ သူမကို တကယ်ကို ချစ်တာပါ။ ဒါပေမဲ့ သူ ဘယ်လိုပြောပြော သူမ ယုံမှာမဟုတ်ပါ။ သူမ အတွက်တော့ သူ့အချစ်တွေက Rough ဖြစ်နေမှာပါ။

သားငယ်ကတောင် သူမကို သူနဲ့မထားခဲ့ချင်တော့ ပါ။ သားငယ်ဟာ သူမနဲ့ မခွဲချင်တာထက် သူမကို ဒီမှာမထား ခဲ့ချင်တာပါ။

သူမ သဘောထားကရော။

မေးသာ မေးရတာပါလေ။ သူမကလည်း သူခွင့် ပြုရင် လိုက်မှာ။ သူ ကျန်ရစ်ဖို့ သေချာနေပါပြီ။





သားကြီးလည်း ကျောင်းသွားတက်နေပါသည်။ အခု သားငယ်ကိုလွှတ်ရင် အိချို့ကိုပါ ထည့်လိုက်ရမည်။

မလွှတ်လို့ မဖြစ်ပါ။ မလွှတ်ရင် သားငယ်တစ် ယောက် လမ်းပျောက်သွားမှာ စိုးသည်။

ဒီတစ်ခါ ချစ်လွန်းလို့ ခွဲရမှာ။ ပထမက သူက သူမနဲ့ သားတွေကို ပစ်ထားခဲ့တာ။ ခုတော့ သူမတို့က သူ့ကို ပစ်ခါကြလေပြီ။

"အိချို့"

"ပြောပါ ကိုသစ်"

"မင်း,သား မင်းကို ပြောပြီးပြီလား"

"သားငယ်လား၊ ဘာမှမပြောရသေးပါဘူး၊ ဘာများလဲ။ သား ဘာဖြစ်လို့လဲ"

"သားက မင်းပါရင် ကျောင်းသွားတက်မယ်တဲ့"

"ဟင်"

သူမလည်း ထင်မထားဖွာ အံ့ဩသွားပုံပဲ။

"အဲဒါ မင်းသဘောကရော"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လိုက်ချင်လား"

"ရှင့်သဘောလေ။ ရှင် ဆုံးဖြတ်ပါ။ ရှင်ခိုင်းသလို လုပ်ရမှာပေါ့"

"မင်းသဘော ဆိုရင်ရော"

"ကျွန်မသဘောဆိုတာကို မရှိဘာ။ အားလုံး အဆင်ပြေပြေနဲ့ ကောင်းမယ်ဆိုတဲ့ အရာကို ကျွန်မ လုပ်မယ်"

မသွားပါဘူးလို့ ပြောစေချင်ပေမယ့်။ တားချင်ပေမယ့်ဘာလို့ တားတဲ့စကားတွေ မထွက်ကျလာတာလဲ။ သွားပါဆိုတဲ့စကားလည်း ထွက်မလာပါ။

သူ တွေဝေနေပါသည်။

သူ သေချာသိနေတာကလည်း 'သားငယ်ဟာ သူ့အမေ မပါရင် တကယ်သွားမှာမဟုတ်။ သူ အိချိုကို သေချာကြည့်မိသည်။

အိချိုတောင် ရင့်ကျက်လာပြီပဲ။ အေးလေ ... သားတွေတောင် အရွယ်ရောက်ကုန်ပြီပဲ။

တည်ငြိမ်တင့်တယ်စွာ ကျက်သရေရှိရှိ လှနေပါသော ဇနီးချော။





"ကိုယ် မင်းကို သိပ်ချစ်တယ် အိချို။ ဒါပေမဲ့ ကိုယ် အချစ်ကြမ်းခဲ့မိတယ် ထင်ပါရဲ့"

သူမကို ပြောတာလား။ သူ့ကိုယ်သူ ညည်းတွားမိသည် ထင်ပါရဲ့။

"အဟင်း ... ရှင်က ချစ်လို့ နှိပ်စက်ခဲ့တာယ်ပေါ့။ ကျွန်မကတော့ ရှင့်ကို မချစ်ဘဲနဲ့ ရှင့်ဒဏ်တွေကို သည်းခံခဲ့တာ"

ထိုစကားတွေကို အေးစက်စက်ကြီး ပြောချလိုက်သည်။ သူ့ရင်ဘတ်တစ်ခုလုံး ခဲသွားသလိုပဲ။

သူ ပြင်မယ် ဆိုရင်တောင် နောက်ကျသွားပြီလား။

အဲဒီနောက်မှာတော့ သူတို့သားအမိ သားငယ် ကျောင်းတက်ဖို့ ထွက်ခွာသွားကြပါပြီ။

သွားခွင့်ပြုလိုက်ရတဲ့ ရင်ဘတ်ထဲမှာ ပေါက်ကွဲမန်းတင်းကျပ်လို့ပေါ့။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း သူတို့သားအမိတွေ သူ့ဘဝထဲက ခေတ္တ ထွက်ခွာသွားချိန်မှာ သူ့ကိုယ်သူ ကောင်းကောင်းကြီး သဘောပေါက်သွားသည်။

အရင်ကဆို ဘယ်ပဲသွားသွား အိမ်ပြန်လာရင် ချစ်သော အိချို့နဲ့ သားတွေကို မြင်နေကျကနေ အခုဆို အိမ်ပြန်လာရင် မိသားစုဝင်တွေ မရှိဘဲ အလုပ်သမားတွေကိုပဲ တွေ့နေရတာဟာ တော်တော်ဒေါသထွက်စရာ ကောင်းပါသည်။

အရင်က အိမ်မှာ သူမတို့ ရှိနေပေမယ့် သူ ဘာသိဘာသာပဲ နေခဲ့ပါသည်။ ခုတော့ သူ့ကို အလုပ်သမားတွေက ဘာသိဘာသာ နေသလို ခံစားနေရပါသည်။

သူ့ရဲ့အထီးကျန်မှုအတွက် စုစန်ဆီလည်း သွားမတွေ့လိုတော့။





ဘာတဲ့ ...

“ရှင်က ချစ်လို့ နှိပ်စက်ခဲ့တယ်။ ကျွန်မကတော့ ရှင့်ကို မချစ်ဘဲနဲ့ ရှင့်ဒဏ်တွေကို သည်းခံခဲ့တာ”

တဲ့လေ ...။

သူမရင်ထဲ သိပ်ကိုနာကြည်းနေပြီ ထင်ပါရဲ့။ သားငယ်လည်း စိတ်ဒဏ်ရာ ရနေရောပေါ့။ သူ ပစ်ထားတုန်းက သူမတို့သားအမိတွေ ခံစားရမှာပေါ့။ ခုတော့ သူ့ကို သူမတို့သားအမိက ပစ်ထားခဲ့ကြပြီ။ ရာသက်ပန်များ စွန့်ပစ်သွားခဲ့ရင် ...။ တွေး မိရုံနဲ့ တော်တော်ကြောက်သွားတယ်။ သူမတို့သားအမိတွေ ရှိရာ လိုက်သွားဖို့ ချက်ချင်းစီစဉ်သည်။ ဒီကြားထဲ စုစန်က တစ်မျှောင့်။

“ကိုသစ်”

“ပြောလေ စုစန်”

“ဒီညနေ စုစန့် အိမ်မှာ ဒင်နာလာစားပါလား”

“စုစန့်အိမ် ဘယ်နားရှိမှန်းတောင် ကိုယ် မသိဘူး”

“ပန်းလှိုင် ဂေါက်ကွင်းအိမ်ရာထဲကို လာခဲ့မလား”

“ဆောရီး စုစန်၊ ဟိုတယ်တစ်ခုခုမှာပဲ စားကြတာပေါ့”

“အိမ်မှာ ပိုလွတ်လပ်တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလွှတ်လပ်စရာ လိုသေးလို့လဲ"

ရှုစန် အရိပ်ပြတဲ့ စကားလုံးတွေ သူကလည်း အကောင်မြင်နေပြီမို့ သတိကြီးကြီး ရှောင်ထွက်နေရသည်။

ရှုစန်ကလည်း သစ်မောင်မောင်ကို လက်ထပ်ခွင့် ရချင်နေပါပြီ။ သစ်မောင်မောင် ဘယ်လောက်ထိ ချမ်းသာသလဲ ဆိုတာကို အိချိုက မသိပေမယ့် ရှုစန်က သိနေပြီလေ။ ပြီးတော့ သစ်မောင်မောင့်မိဘတွေ ပိုင်ဆိုင်သမျှလည်း သစ်မောင်မောင်က ရဦးမှာလေ။ ရှုစန်နဲ့ သစ်မောင်မောင်က Type ချင်းလည်း ကိုက်ညီတာမို့ လက်ထပ်လိုက်ရရင်လည်း အဆင်ပြေမှာပါ။ ထို့ကြောင့် ရှုစန်တစ်ယောက် အမြတ်ထုတ်ချင်လာပါပြီ။

ဒါကို သစ်မောင်မောင်ကလည်း သိပါသည်။ ထို့ကြောင့် ရှောင်ထွက်နေတာပါ။

"ဆောရီး ရှုစန်၊ ကိုယ် နောက်လလောက် အိချိုတို့သား အမိတွေဆီ လိုက်သွားဖြစ်မယ် ထင်တယ်"

"ဘာသွားလုပ်မှာလဲ"

"သတိရလို့ သွားတွေ့မှာ၊ ပြီးတော့ ခရီးလည်း ထွက်မယ်။ ကိုယ်တို့မိသားစု အတူတူ ဘယ်ကိုမှ မသွားဖူးဘူးလေ"





"ရှုစန်ပါ လိုက်မယ်"

"ဘယ်ဖြစ်မလဲ ရှုစန်ရဲ့"

"ဘာကို မဖြစ်ရမှာလဲ။ သူတို့လည်း သိနေတာပဲ။ ဘာလဲ။ မိန်းမကို ကြောက်တာလား။ လာလုပ်မနေနဲ့နော်"

"မကြောက်ပါဘူး။ သူတို့သားအမိတွေသွားမှ ကိုယ်သိလာတာ။ ကိုယ့်ဘဝမှာ သူတို့မရှိလို့ မဖြစ်ဘူး။ အနားမှာရှိတုန်းက တန်ဖိုးထားရကောင်းမှန်း မသိခဲ့ဘူး။ သားပညာရေးကြောင့်သာ မဟုတ်ရင် ကိုယ် သူတို့ကို ချက်ချင်း ပြန်ခေါ်မိမလားပဲ"

"ဒါဆို ယူ့ဘဝမှာ ရှုစန်က ဘာလဲ"

"ရှုစန်က အကောင်းဆုံး မိတ်ဆွေပေါ့"

ရှုစန်က တစ်ချက်မဲ့ကာ သူ့ကို မျက်လုံးတွေစင်းကာ ကြည့်သည်။

"ရှုစန့်ဘက်က မိတ်ဆွေဆိုတဲ့ အဆင့်လောက်ကို လက်မခံနိုင်ဘူး ဆိုရင်ရော"

"ဆောရီးပဲ ရှုစန်။ ကိုယ်နဲ့ ရှုစန်တို့ ဘာမှမပတ်သက်ဘူး ဆိုတာ ရှုစန် အသိဆုံးပါ။ ကိုယ့်ဘဝမှာ အိချိုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ယူနဲ့ စူစန် တွဲခဲ့တာ ယူ့သားတွေ တစ်သက်ပဲ လေ။ ပတ်ဝန်းကျင်က စူစန့်ကို ဘယ်ကိုထင်မလဲ"

"ဘယ်လိုမှ မထင်လောက်ပါဘူး စူစန်၊ စူစန်က ကိုယ့် ပါတနာဆိုတာ အားလုံး သိနေကြတာပဲ။ ရှေ့လျှောက် လည်း မိတ်ဆွေအဖြစ် ဆက်ရှိနေကြတာပေါ့"

"ကျွတ်"

စူစန် မကျေမနပ်နဲ့ မျက်ခုံးတွန့်ထား၏။ ဘယ် လောက် ဒေါသထွက်ပါစေ။ မျက်နှာအလှပျက်အောင် ဘယ်တော့ မှ ပေါက်ကွဲတတ်တာ စူစန်ရဲ့ ထိန်းချုပ်နိုင်မှုပါပဲ။

❖ ❋ ❖





သူ သူ့မိသားစုဆီ လိုက်သွားသည်။ သားကြီးကို ခေါ်ကာ သားငယ်နဲ့ အိချိုဆီသွား၏။

သားကြီးနဲ့သားငယ်က ကျောင်းမတူပါ။ သားငယ် ဟာ သားကြီးတက်တဲ့ တက္ကသိုလ်ကို လိုက်မတက်ပါ။ သူ့အဘွား စိတ်ကြိုက်ရွေးထားတဲ့ တက္ကသိုလ်မို့လို့ မတက်တာပါ။

အိချိုနဲ့သားငယ်တို့က ဘာမင်ဂမ်မြို့မှာပါ။ သားငယ် က ဘာမင်ဂမ်တက္ကသိုလ်မှာ တက်တာပါ။

နိုင်ငံခြားမှာနေတာတောင် အိချိုက သိပ်ခေတ်မဆန် ပါ။ သားနှစ်ယောက်လုံးကလည်း သူတို့အမေကို သိပ်ချစ်ကြကာ မျက်နှာကို အရိပ်လိုကြည့်နေကြသည်။

သူတို့မိသားစုတွေ ဘာမင်ဂမ်မြို့ထဲမှာ လျှောက်လည် ကြသည်။ ဘာမင်ဂမ်စီးတီးအသင်းနဲ့မန်ယူအသင်း ဘာမင်ဂမ်ကွင်း မှာ လာကန်တာတောင် သွားကြည့်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သားတွေ ပူဆာသမျှ ဝယ်ပေးသလို မပူဆာတဲ့ အိချိုအတွက်လည်း ဝယ်ပေးသည်။ အဝတ်အစား၊ ရေမွှေး၊ အလှပြင်ပစ္စည်းတွေ၊ ဖိနပ်တွေ၊ နောက်ဆုံးပေါ်ဖုန်း Hand set စသဖြင့် သူ ဝယ်ခြမ်းပေးသဖြင့် သားတွေက ကျေနပ်ပျော်ရွှင်နေပေမယ့် အိချိုကတော့ ထုံးစံအတိုင်း အေးစက်စက်ရယ်။

"အိချို ... ကိုယ် ကိုယ့်အမှားတွေသိပြီး တော်တော်နောင်တရသွားတယ်၊ အခု ကိုယ် အိချိုတို့သားအမိတွေကို လွမ်းလို့လာတာ"

"ဟင့်အင်း ... ကိုသစ် ဘာပြောပြော အိချို နားထဲမဝင်တော့ဘူး ကိုသစ်၊ ကြာခဲ့ပြီ၊ အိချို နားပင်းတာကြာခဲ့ပြီ ကိုသစ်"

"အိချိုရဲ့ဒဏ်ရာတွေကို ကိုယ့်မေတ္တာတွေ အချစ်တွေနဲ့ ပြန်ကုပေးပါမယ် အိချို၊ ကိုယ် ပြောသလိုပေါ့ အိချို၊ ကိုယ့်အချစ်က ကြမ်းတမ်းခဲ့တာပါ၊ ကိုယ် အိချိုကိုတကယ် ကိုချစ်ပါတယ် အိချိုရယ်"

အိချိုက ဘာမှမပြောပါ။ သားတွေကတော့ သူ့ရဲ့ ပြောင်းလဲမှုကို ကျေနပ်ပုံပါပဲ။





တကယ်တော့ ပညာတွေ သင်ယူတာကောင်း ပြီးဆုံးကြတော့မယ်လေ။ သူ့သားတွေမှာ စဉ်းစားဆင်ခြင်နိုင်စွမ်းတွေလည်း ရှိနေပြီပေါ့။

သူတို့အဖေထက်နိမ့်ပါးတဲ့ သူတို့အမေကို အချစ်ပိုသနားတတ်ကြပြီပေါ့။ သူ တဖြည်းဖြည်း ပိုလန့်သွားသည်။ တော်ပါသေးရဲ့။ သူ အချိန်မီ အသိတရားရလိုက်လို့၊ အချိန်မီမယ် ထင်ပါရဲ့လေ။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



သားတို့ကျောင်းပိတ်လို့ ရန်ကုန်ကိုပြန်ရောက်သခိုက်မှာ စူစန်က အိချိုဆီ ဖုန်းဆက်လာပါသည်။

"အိချို ... စူစန်တို့ တစ်နေရာရာမှာတွေ့ရအောင်"

"ဘာကိစ္စရှိလို့လဲ စူစန်"

"ကိုသစ်အကြောင်း ဆွေးနွေးချင်လို့"

"ဆောရီးပဲ မစူစန်၊ အဲဒီခေါင်းစဉ် ဆိုရင်တော့ ကျွန်မ စိတ်မဝင်စားဘူး"

"ဟေ ... မင်းရဲ့အိမ်ထောင်ဦးစီးအကြောင်းကို စိတ်မဝင်စားဘူး ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မ စိတ်မဝင်စားပါဘူး မစူစန်၊ ဒါပဲနော်"





"နေဦး အိချို စိတ်မဝင်စားလို့မရဘူး၊ အရေးကြီးကိစ္စရှိနေလို့ပဲ၊ လက်ရှိဇနီးတစ်ယောက်အနေနဲ့ မင်းယောကျ်ားရဲ့ အရေးကြီးကိစ္စကို မဖြစ်မနေ လာဆွေးနွေးစေချင်တယ်"

"ကောင်းပြီလေ၊ ကျွန်မ ဘယ်ကိုလာရမလဲ"

"ဆာကူရာကို"

စူစန် ထိုမျှပဲပြောပြီး ဖုန်းချလိုက်သည်။ သူမဆိုလိုတာ ဆာကူရာတာဝါက Sky lounge ကို။ သင်းမသိရင် ပြန်ဆက်လိမ့်မယ်။ သူမကတော့ ကော်ဖီသောက်ရင်း အထပ်နှစ်ဆယ်ပေါ်မှမြင်ရတဲ့ ရှုခင်းကို စိတ်တိုင်းမကျသလိုလို။ တကယ်တော့ စိတ်ထဲမှာ မကြည်လည်တာဆိုရင် ပိုမှန်ပါလိမ့်မည်။

ခဏနေတော့ သူမရောက်လာသည်။ မြန်မာဝတ်စုံဝတ်ထားတဲ့ အိချိုနဲ့ ကိုယ်အတိဂါဝန်အတိုဝတ်ထားတဲ့ စူစန်တို့ဟာ နေနဲ့လပမာ။

နှစ်ယောက်စလုံး တစ်မျိုးစီလှပကာ ဆွဲဆောင်မှုရှိကြပါသည်။

"ဟဲလို"

"ပြောပါ မစူစန်"



www.burmeseclassic.com

www.burmeseclassic.com



"တို့နဲ့ ကိုသစ် တွဲနေတာ မင်းသိတယ်နော်"

အိချိုက မေးခွန်းကို မေးခွန်းနဲ့ တုံ့ပြန်၏။

"ဘာပြောချင်လို့လဲ မရူစန်"

"တို့ ကိုသစ်နဲ့ တရားဝင်လက်ထပ်ချင်ပြီ"

အိချိုက ရူစန့်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"အိချို ကွာပေးပါ"

ရူစန်နဲ့အိချိုတို့ အကြည့်ချင်း ပြိုင်နေကြ၏။ ရူစန်က ရူးရူးထက်မြက်လွန်းသလို အိချိုကလည်း အေးစက်မာကြောလွန်းသည်လေ။

"မရူစန် မှားနေပြီ၊ မရူစန် ဒီစကားတွေကို သူ့ကိုပဲပြောသင့်တယ်လေ"

"သူ့ကိုပြောမှာ၊ မပြောခင် အိချိုကို အရင်ညှိတာ"

"ကျွန်မကို ညှိရမှာ သူက ညှိရမှာ၊ မရူစန်တို့ကိစ္စ မရူစန် ကြိုက်သလို ဆုံးဖြတ်ပါ၊ ကျွန်မ ဝင်မပါဘူး၊ ကျွန်မနဲ့ ကိုသစ်တို့ ကြားထဲကိုလည်း မပါပါနဲ့"

"ဒီကိစ္စက ခုလို ခွဲလို့ရဘူးလေ၊ သုံးပွင့်ဆိုင်ဖြစ်နေတဲ့ ကိစ္စ"





"သုံးပွင့်ဆိုင်ဆိုတာက မရူစန် သတ်မှတ်တာလေ၊ တကယ်က ကိုသစ်နဲ့ ကျွန်မ တရားဝင်လင်မယား၊ သုံးပွင့်ဆိုင်စရာ မလိုဘူးလေ၊ ကျွန်မတို့လင်မယားကြားမှာ ပြဿနာရှိရင် ကျွန်မတို့လင်မယားပဲ ဆုံးဖြတ်မှာ၊ မရူစန်ကို ကျွန်မဘက်က ဘာမှပြောစရာမရှိဘူး"

"မဆိုးပါဘူး အိချို၊ မင်းက ငါထင်ထားသလို ခပ်အအ မိန်းမတစ်ယောက် မဟုတ်ပါဘူး"

"မရူစန် သိအောင် တစ်ခုတော့ပြောလိုက်ဦးမယ်၊ ကျွန်မ ကိုသစ်မောင်ကို သည်းခံပေါင်းနေတာ သူ့ကိုချစ်လို့မဟုတ်ဘူး၊ ကျွန်မသားတွေအတွက် broken family မဖြစ်ချင်လို့ပဲ၊ ကျွန်မမှာ ဘာမှပြောစရာမရှိတော့လို့ ခွင့်ပြုပါဦး"

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



သစ်မောင်မောင်က ပွဲတွေ အတူတက်ဖို့ခေါ်သော်လည်း အိချိုက လုံးဝမလိုက်ပါ။ လုံးဝခေါ်လို့မရတော့။ သစ်မောင်မောင် တော်တော်လည်း စိတ်မကောင်း ဖြစ်ရပါသည်။

တစ်ခါတလေ မိသားစု ဘုရားသွားတာတို့၊ ညစာသွားစားတာတို့တောင် သားနှစ်ယောက် အတင်းခေါ်လို့လိုက်တာ။

သူ့အပေါ် အေးခဲနေသောစိတ်တွေက စုစန့်မျက်နှာကို မြင်ယောင်တိုင်း ပိုဆိုးနေပါသည်။

ဘာတဲ့ ... သစ်မောင်မောင်နဲ့ တရားဝင်လက်ထပ်ချင်ပြီဆိုပဲ၊ ရယ်စရာကောင်းလိုက်ပုံများနော်၊ တရားဝင်မယားကြီးဆီ ပေါ်တင်ပြောရဲတဲ့ သူမရဲ့ယဉ်ကျေးမှုကို သြချရပါ၏။

သူမမို့လို့ ပြောထွက်တယ်။ ပြောလိုက်တဲ့ဂုဏ်သိက္ခာ။ ဘာတဲ့ ဂုဏ်သရေရှိ အသိုင်းအဝိုင်းဆိုပဲ။ ဂုဏ်သရေရှိ





အသိုင်းအဝိုင်းကလူတွေက သူတစ်ပါးခင်ပွန်းကို ခုလိုပဲ ပေါ်တင် တောင်းတတ်သည် ထင်ပါရဲ့။ သူတစ်ပါး အိမ်ထောင်ရေးကို အားပါးတရ ဖျက်ဆီးတတ်သည်ထင်ပါရဲ့။

အနောက်နိုင်ငံတွေမှာလို လက်မထပ်ဘဲ အတူနေတာမျိုး၊ အိမ်ထောင်ရှိလျက် ဖောက်ပြန်နေတာမျိုးတွေက ကျွန်မတို့နိုင်ငံရဲ့ယဉ်ကျေးမှုနဲ့က လုံးဝကြီး အရှေ့နဲ့အနောက် ဆန့်ကျင်နေတယ်လေ။

သစ်မောင်မောင်ဘက်က ဘယ်လိုပင် လိုက်လျောလျော ချော့မော့တောင်းပန်ပါသော်လည်း သူမကတော့ လုံးဝကို ပျော့ပျောင်းကြည့်လို့မရခဲ့ပါ။ သူ့အိမ်ကနေ အိမ်ခွဲသင်းလာကတည်းက သားနှစ်ယောက် ပညာတွေဆုံးခန်းတိုင်းတဲ့အထိ ယောက္ခမဖြစ်သူနဲ့လည်း မတွေ့ရတော့ပါ။

သူမရင်ထဲမှာ အေးစက်မာခဲနေပြီ။ ဥပေက္ခာလည်း ပြုနိုင်သွားပြီ။ အနှစ်နှစ်ဆယ်နီးပါး အလေ့အကျင့်ဖြစ်ခဲ့တော့လည်း နောက်ကြောင်းပြန်လှည့်တတ်တဲ့ အသက်အရွယ်ကိုကျော်လာခဲ့သလို ဘာသာရေးဘက်ကို အားသာသွားပြီမို့ အချစ်ဆိုတာထက် အေးမြသော မေတ္တာတွေနဲ့ သားတွေကို ချစ်တတ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ သူမဆီမှာ အချစ်လာရှာလို့တော့ တွေ့ရမှာ မဟုတ်တော့ပြီ။

ခုချိန်မှာ သူမက သူ့ကို ချစ်ဖို့တော့ ဝေးရော။ သူ့ကို မုန်းတီးခဲ့တဲ့ အမုန်းတွေကို မနည်းဖြေလျှော့နေခဲ့ရတာလေ။ ဘယ်သူ့ကိုမှ မမုန်းချင်တော့။ သူ့ကိုရော ဒေါ်ဖြူဖြူသစ်ကိုပါ မမုန်းချင်တော့။ ထို့ကြောင့် ရင်ထဲက အမုန်းတွေကို အေးငြိမ်းသွားအောင် ပယ်သတ်နေရပါပြီ။

သူတို့က သူမရဲ့ ငယ်ရွယ်နုနယ်ပျိုမြစ်တဲ့ နှလုံးသားကို သတ်ခဲ့ကြသည်။ သူတို့ကြောင့် သူမနှလုံးသားတွေ အကြိမ်ကြိမ် သေခဲ့ရသည်။ ဒါပေမဲ့ သူမရဲ့သားလေးနှစ်ယောက်ကြောင့် သူမဘဝ နေပျော်ခဲ့တာပါ။

အခု သူမသားတွေလည်း အရွယ်ရောက်ပြီ။ သူမစိတ်တွေလည်း အေးသင့်သလောက်အေးလာပါပြီ။ လူ့သက်တမ်းရဲ့ သုံးချိုးနှစ်ချိုး ရောက်ပြီဆိုတော့ ဘဝကလည်း နေညိုလာပါပြီ။ တရားရှာသင့်တဲ့အရွယ်ရောက်မှတော့ တဏှာပေမဆိုတာ မက်မောရမယ့်အရွယ် 'မဟုတ်တော့ဘဲ ပယ်သတ်ရမယ့် အရွယ်တွေ ဖြစ်နေပြီလေ။ ဒီအချိန်မှလာပြီး ကြင်နာနေလို့လည်း မနွေးထွေးတော့ပါဘူးလေ။





သူ့ကို ကွာမပေးတာဟာ မက်မောလွန်းလို့မဟုတ်ဘဲ သားတွေကြောင့်ဆိုတာ။ ထားပါလေ။ သူမဘဝက သားနှစ်ယောက်အတွက်ပဲ ရှင်သန်နေတယ်ဆိုတာ သူ တစ်နေ့နားလည်လာမှာပါ။

❖ ✱ ❖



www.burmeseclassic.com

www.burmeseclassic.com



သားကြီး ပြည့်စုံသစ်မောင်အတွက် သူ့အဘွားဖြစ်သူက မြေးချွေးမ ရှာပေးပါသည်။

ခင်မဒီထည်တဲ့။

နာမည်နဲ့လိုက်အောင် ဝင့်ထည့်သောမိန်းကလေး။ သူတို့သတ်မှတ်ထားတဲ့ အနောက်တိုင်းဘွဲ့ရ ဂုဏ်သရေရှိမိန်းကလေးပေါ့လေ။

မိဘတွေဆိုတာလည်း နာမည်ကြီး သူဌေးတွေပေါ့။

ကောင်မလေးက တော်တော်လှပါသည်။ လေ့ကျင့်ခန်းလုပ်ပြီး အသားကျနေတဲ့ Body structure နဲ့ အမိုက်စားလေးပါ။ မျက်နှာကလည်း ဖူးဖူးပြည့်ပြည့်လေးနဲ့ ချစ်စရာကောင်းပါသည်။

စကားပြောရင်လည်း ထည်က ထည်ကနဲ့ နာမည်ထည့်ပြောတတ်သည်။





သူ့မိဘကုမ္ပဏီမှာပဲ ဒါရိုက်တာအမည်ခံကာ အလုပ်လုပ်နေသော တစ်ဦးတည်းသောသမီး။

ဒေါ်ဖြူဖြူသစ် ရှာထားတဲ့ မြေးချွေးမက အဘက်ဘက်က ပြည့်စုံလွန်းနေသည်။

"သားတုန်းကတည်းက နောင်တရခဲ့ရတာ၊ မြေးကိုတော့ သားလို လုံးဝမဖြစ်စေရဘူး၊ ကျွန်မ ပိုင်ဆိုင်သမျှကလည်း မြေကြီး ဩရသကို တစ်ဝက်တိတိ လက်ဖွဲ့ပေးမှာ"

မိန်းကလေးဘက်ကလည်း လက်ခံသဖြင့် မင်္ဂလာပွဲကိစ္စတွေ စီစဉ်နေကြသည်။ ထိုမင်္ဂလာပွဲအတွက် မိခင်ဖြစ်သူအိချိုကို တစ်ချက်ကလေးမှ အသိမပေးခဲ့သလို တိုင်ပင်ဖို့တော့ဝေး။

သားကြီးကတော့ သူမကို ခွင့်တောင်းရှာပါသည်။ သစ်မောင်မောင်ကလည်း သူမသဘောထားကို မေးမြန်းပါသည်။

ဒေါ်ဖြူဖြူသစ် ရှာထားတဲ့ မြေးချွေးမက ပြည့်စုံလွန်းကာ ငြင်းစရာမရှိပါ။ နည်းနည်းခေတ်ဆန်တာလေးကလွဲလို့ပေါ့။ သဘောမကျစရာ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"သားသဘော သားက တစ်ဘဝလုံး ပေါင်းရမယ့်သူ၊ သားစိတ်တိုင်းကျဖို့အရေးကြီးတယ်၊ မေမေက သားတွေ အိမ်ထောင်ရေးကို ဝင်စီမံမှာမဟုတ်ဘူး၊ သား အဲဒီမိန်းက လေးကို သဘောကျတယ်ဆိုရင် အိုကေပဲ၊ သားတို့ ဘယ် မိန်းကလေးကိုယူလို့ သဘောမတူဘူးလို့တော့ ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး၊ အခုက မေမေ့သားတွေမှာ ဝေဖန်ပိုင်း ခြား စဉ်းစားဆင်ခြင်နိုင်စွမ်းတွေ ရှိနေပြီ၊ ကိုယ့်လက်တွဲ ဖော်ကို မမှားအောင် ရွေးတတ်လောက်ပါပြီ၊ မေမေ ဘာမှမပြောပါဘူး၊ သားကြီးသဘောအတိုင်း ဆုံးဖြတ်ပါ"

သစ်မောင်မောင်ကတော့ သူ့သားကို တစ်ခွန်းပဲပြော သည်။

"ငါ့သား ချစ်နိုင်မှ လက်ခံနော်"

အဲဒီလိုနဲ့ နောက်ဆုံး သားကြီးက ခင်မဒီထည်ဆို သော မိန်းကလေးကို သူ့အဘွားအလိုကျ ရွေးချယ်လိုက်ပါပြီ။ ဒေါ်ဖြူဖြူသစ်တို့ ပျော်ရွှင်တက်ကြွစွာ မင်္ဂလာပွဲကို စီစဉ်ပါတော့ သည်။ သားတုန်းက မနွှဲလိုက်ရတဲ့ပွဲကို မြေးအလှည့်မှာ နစ်ဆတိုး ဖို့ အကောင်းဆုံး ဆိုတာတွေချည်းကို စီစဉ်ပစ်သည်။





ခင်မဒီထည်တို့ကလည်း ကျေနပ်တာပေါ့လေ။

သားကြီးမင်္ဂလာပွဲအတွက် အိချိုကို ဘာမှ အသိမပေး သလို အိချိုကို ပွဲမတက်ရဟု ယောက္ခမက အမိန့်ထုတ်ပါသည်။

"သား ကိုသစ် မာမီ့တစ်သက်တာမှာ မင်းမိန်းမကို ဘာမှ မပြောခဲ့ဖူးဘူး၊ ဒီတစ်ခါတော့ သားကို မာမီ တောင်းဆို ပါရစေ၊ မြေးကြီးမင်္ဂလာပွဲကို မာမီတက်ချင်ပေမယ့် မင်း မိန်းမမျက်နှာကို မာမီ မမြင်ချင်ဘူး"

"မာမီ"

"Please ကိုသစ်"

"အဲဒါ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ မာမီ၊ သူ့သားမင်္ဂလာ ဆောင် သူလာချင်မှာပေါ့၊ သူ မလာလို့ ဘယ်သူနဲ့ပွဲထွက် ရမှာလဲ မာမီ"

"ရှုစန်နဲ့ ပွဲတက်နေကျ ရှုစန်နဲ့ပဲ ထွက်လိုက်ပေါ့ သားရယ်"

"မဟုတ်တာ မာမီရယ်၊ ကွဲနေတဲ့ လင်မယားတွေတောင် သားမင်္ဂလာဆောင်ရင်တော့ မတတ်သာလို့ပဲဖြစ်ဖြစ် ပွဲအတူ ထွက်ကြတာပဲ၊ အခုဟာက"

"မာမီ ဒီတစ်ခါပဲ တောင်းဆိုတာပါ ကိုသစ်"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်တွေလည်း ကြာခဲ့ပါပြီ မာမီ၊ မာမို့အာဃာတတွေ လျှော့ပေးပါတော့"

"မင်း ... မင်းမိန်းမကို မပြောဘူးဆိုရင် မာမီက စုံစုံ့ကို တောင်းဆိုရလိမ့်မယ်"

"မာမို့မြေး စိတ်မကောင်း ဖြစ်မှာပေါ့၊ ဒီမင်္ဂလာပွဲတောင် သူ့အမေ မတားလို့ ဖြစ်မြောက်လာတာပါ"

"အိုး ... တားစရာလား၊ ဒီလောက်အကောင်းဆုံး စီစဉ်ထားတာ၊ ငါ့မြေးမင်္ဂလာပွဲမှာ ငါ သူ့ကို မမြင်ချင်ဘူးဒါပဲ၊ အဲဒါမှ သားမင်္ဂလာပွဲကျင်းပခွင့်မရတဲ့ မိခင်တစ်ယောက်ရဲ့ ခံစားချက်ကို သူ နားလည်မှာ"

"မာမီက သားတို့ကို သဘောမတူလို့ စိတ်ဆိုးပြီး မလုပ်ပေးတာလေ၊ သူ့က သူ့သားမင်္ဂလာပွဲကို သဘောတူတယ်"

"တူလည်း မလာရဘူး"

"ဒါဆိုရင်တော့ ဒီမင်္ဂလာပွဲ ပျက်သွားနိုင်တယ် မာမီ"

"ပျက်လို့မရတော့ဘူး၊ အားလုံးစီစဉ်ပြီးနေပြီ၊ ဖိတ်စာတွေတောင် တချို့တစ်ဝက် ဝေပြီးပြီ၊ တစ်ဖက်အသိုင်းအဝိုင်းက အဲလို လွယ်လွယ်ဖျက်လို့ရတဲ့ အသိုင်းအဝိုင်းမဟုတ်ဘူးလေ"





"မာမီရာ ... မာမီက အသက်ကြီးတဲ့အထိ အတ္တတွေလိုက်ကြီးနေတုန်းပဲ"

"အေး ... အဲဒါ မင်းကို သိပ်ချစ်လို့ ငါ ခုထိ ခံစားနာကျင် နေရတာပဲ"

သစ်မောင်မောင် ဘာမှ မပြောတော့။ တကယ်ဆို မာမို့အတ္တတွေ လျှော့သင့်နေပါပြီ။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေမှာ မာမီ ဘာမှ ဆက်မပြောတော့။ သစ်မောင်မောင်က ဒယ်ဒီ့ကို အပူကပ်ရသည်။ မာမီ့ကို ဖျောင်းဖျပေးဖို့ပါ။

ဒယ်ဒီကတော့ သဘောပေါက်ပါ၏။

"သူ ဘာပြောပြော အိချိုကို ခေါ်လာခဲ့၊ ပွဲရောက်မှတော့ မင်းအမေ ထထွက်သွားလို့ မရတော့ဘူး"

"ဖြစ်ပါ့မလား မာမီ့စိတ်နဲ့"

"ဖြစ်ဖြစ်မဖြစ်ဖြစ် ဒီတစ်နည်းပဲရှိတယ်၊ နောက်ရက်တွေ မင်းအမေ ထပ်ပြောရင် သူ့အလိုကျ ခေါင်းညိတ်ထားလိုက်၊ မင်းအမေက ခေါင်းသိပ်မာတာ၊ သူ့ကိုတော့ ဖျောင်းဖျလို့ရမှာမဟုတ်ဘူး၊ ဒီတော့ ကိုယ်လုပ်သင့်တာကို သာလုပ် ငါ့သား"





"ဟုတ်ကဲ့ပါ ဒယ်ဒီ"

အိချိုကတော့ အေးဆေးပါပဲ။

"အိချို အဝတ်အစားတွေ စီစဉ်ထားပြီလား၊ သားတို့က ရွှေဖလားရောင်ဝတ်မယ်ဆိုတော့ အိချိုလည်း ချုပ်ထားဦးလေ"

"စီစဉ်ပြီးပါပြီ"

ထိုရက်ပိုင်း သားငယ်က သူ့သူငယ်ချင်းတွေနဲ့ ခရီးထွက်သွားသည်မို့ အိမ်ကကိစ္စတွေ ဘာမှ မသိပါ။ သားကြီးကိစ္စ လုံးပန်းနေရသဖြင့် သားငယ်ကို ခဏလွှတ်ထားလိုက်သည်။

ခင်မဒီထည်က အိချိုကို သိပ်မခန့်ချင်ပါ။ အဘွားဖြစ်သူက ပံ့ပိုးပေးထားတော့ ယောက္ခမကို သိပ်မလေးစား။ ယောက္ခမဖြစ်သူနဲ့ အဘွားတို့ ပဋိပက္ခကိုလည်း သိထားတာမို့ ရောင့်တက်တာလည်းပါပါသည်။ ယောက္ခထီးဖြစ်တဲ့ သစ်မောင်မောင်ကိုတော့ လေးလေးစားစား ဆက်ဆံသည်။

အိချိုကတော့ ပြုံးမပျက်သလို ခင်မဒီထည်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါသည်။ ခေါ်တာတောင် သမီးကြီးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သားကြီးက နဂိုတည်းက အနေအေးသူမို့ ခင်မဒီထည်ကို ဘာမှ မပြောပါ။ သူတို့ချင်းလည်း သိပ်မရင်းနှီးသေးဘူးလေ။ လူကြီးတွေ ပေးစားလို့ ယူကြမှာဆိုတော့ စိမ်းနေပါ၏။

နှလုံးသားခံစားချက်မပါဘဲ ကွန်ပျူတာခေါက်ပြီး စီစဉ်ကြတဲ့ပွဲဆိုတော့ ရင်ဘတ်ချင်းလည်း မနီးဘူးလေ။

အိချိုကတော့ လူကြီးပီပီ ချွေးမအချိုးအချိတ်ကို ကြည့်ကာ ပြုံးနေပါသည်။ သူမနဲ့ အဆင်ပြေတာ မပြေတာထက် သားကြီးနဲ့အဆင်ပြေဖို့ အရေးကြီးပါသည်လေ။ သားကြီးကို တိုးတိုးတိတ်တိတ် ဆုံးမထားရသေးသည်။ ခင်မဒီထည်နဲ့ အဆင်ပြေအောင်နေဖို့ပေါ့။

သား စုံစုံက ...

"မေမေက တော်တော် ခန္တီပါရမီ ပြည့်တာပဲနော်။ ယောက္ခမကိုလည်း သည်းခံတယ်။ အခု ချွေးမကိုပါ သည်းခံဦးမယ်"

"သားရယ် ... သားအဘွားကို သည်းခံခဲ့တာ သားတို့ကို ချစ်လို့။ အခု ချွေးမကို သည်းခံတာလည်း မေမေ့သားကြီးကို ချစ်လို့ပဲ။ အဓိက မေမေ့သားကြီး အဆင်ပြေဖို့ပဲ"





"မေမေရယ် ... သား ထည်ထည့်ကို ပြောမှာပါ။ မေမေ့ကို လေးလေးစားစား ဆက်ဆံဖို့"

"သားဆီက ဒီစကား ကြားရလို့ မေမေ ဝမ်းသာတယ်။ ဒါပေမဲ့ မေမေ့အတွက်တော့ သားတို့ ပြဿနာမတက်စေနဲ့။ မေမေ ထည်ထည့်အပေါ်မှာ ဘယ်လိုမှ သဘောမထားဘူး အဓိက သားနဲ့ထည်ထည် အဆင်ပြေဖို့ပဲ။ သားတို့အိမ်ထောင်ရေးမှာ မေမေက ဓာတ်ပို့ ဓာတ်ရန် နေရာလောက်မှာပဲ ရှိတော့မှာလေ။ မေမေ့ကြောင့် စကားမများနဲ့။ ပြီးတော့ မေမေနဲ့ ထည်ထည် ဘယ်တော့မှ ပြဿနာမတက်စေရဘူး သား။ မပူနဲ့"

"သား မှားသွားပြီလား မသိဘူး မေမေ။ ထည်ထည်က မာနကြီးမဲ့ပုံပဲ"

သားကြီးက သူမကိုဖက်ပြီး မျက်ရည်ဝဲနေသည်။

"သားကြီး မေမေ့အတွက် စိတ်မဆင်းရဲနဲ့။ မေမေက ဘာသာရေးသမား။ ငြိမ်းချမ်းအောင် နေတတ်ပါတယ် သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သား မေမေ့ကို သနားလိုက်တာ မေမေရယ်။ တကယ်ဆို မေမေ့အတွက် အလိမ္မာ အိမ်ပါမယ့် ချွေးမမျိုး ရှာပေးသင့်တာ"

"သား ဖူးစာဆိုတာ အတိတ်ကံက အစပ်အဆက်တွေကြောင့် ဆုံကြရတာ သား။ သား ထည့်ထည့်ကို လက်ထပ်နိုင်တယ်ဆို ပြီးပြီ။ မေမေ့ကို လုံးဝထည့်မစဉ်းစားနဲ့။ မေမေ ထည့်ထည့်ကို ချစ်ပါတယ် သားရယ်။ မေမေ့ကို လုံးဝ ခေါင်းထဲမထည့်နဲ့။ သားကြီး အဆင်ပြေ ပျော်ရွှင်နေရင် မေမေလည်း ကျေနပ်ပျော်ရွှင်ပြီးသားပဲ"

သားကြီးက သက်ပြင်းခပ်ဖွဖွ ချသည်။ အိချိုက တော့ ငြိမ်းချမ်းစွာ နေတတ်နေပါပြီ။

❖ ❋ ❖





သားငယ် သာသာ ပြန်လာတော့ သူ့အစ်ကို စုံစုံ မင်္ဂလာပွဲအကြောင်း ပြောပြမိ၏။

"ခင်မဒီထည့်နဲ့လား"

"သားငယ် သိလား"

"သိတာပေါ့ မေမေရ၊ အဲဒီမိန်းမက မာနအရမ်းကြီးတာ။ ခေါင်ခိုက်နေတယ်။ သူနဲ့ လည်ပယ်မဟုတ်လို့ကတော့ လှည့်တောင်မကြည့်ဘူး"

"ဟုတ်လား"

သားငယ်ဆီက ကြားရတဲ့ သတင်းကြောင့် အေးအေးနေတတ်သော သားကြီးအတွက် စိတ်ပူသွားသည်။

"ကိုကိုက အေးတယ်။ ခင်မဒီထည့်နဲ့ မလိုက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှပြန်မပြောမိ။ ခုချိန်မှာ အားလုံး စီစဉ်ပြီးပြီ။ ဖိတ်စာတောင် ဝေနေပြီတဲ့။ ဒီအချိန်မှ ထဖျက်ရင် ယောက္ခမနဲ့ အကြီးအကျယ် စစ်ခင်းရမှာ။ ပြီးတော့ ကောင်းပြီး ကောင်းရဲ့ ပြောထားပြီးမှ ခုချိန်မှ ထတားရင် သစ်မောင်မောင် ကလည်း နားလည်ပေးမှာမဟုတ်။

အနည်းငယ် စိတ်မချမ်းမသာ ဖြစ်သွားပေမယ့် ဘုရားဝတ်ပြုကာ အာရုံတွေ ရှင်းပစ်လိုက်သည်။ ဆုံစည်းမှုတိုင်းဟာ အတိတ်ဘဝက အကြောင်းကံ ရှိခဲ့လို့။ ရေစက်ရှိခဲ့လို့။

သူမကတော့ ဘာသာရေးနဲ့ပဲ ဖြေတတ်အောင်ဖြေသည်။ သားကြီးရဲ့ဖူးစာကို ယောက္ခမစီစဉ်တယ် ဆိုပေမယ့် သူတို့နှစ်ယောက်ရဲ့ အတိတ်ဘဝအကျိုးပေးကြောင့် မဖြစ်မနေ ဆုံစည်းရတာလေ။

ပေါင်းရမယ့်ကံ ပါလာရင် ဘယ်သူဖျက်ဖျက် မပြတ်နိုင်သလို ရေစက်မပါရင်လည်း ဘယ်လိုမှကို မဆုံစည်းနိုင်ဘူးလေ။

ထို့ကြောင့် ရင်မှဖြစ်သော သားပေမယ့် သားကြီးရဲ့ အိမ်ထောင်ရေးကို သူမ အဆုံးအဖြတ် မပေးခဲ့တာပါ။





ကိုယ့်ကြမ္မာတောင် ကိုယ်မစီရင်နိုင်ခဲ့ဘူးလေ။

သားငယ်က အပြင်ပြန်ထွက်သွားပြီ။ သစ်မောင်မောင်လည်း အလုပ်ကိစ္စနဲ့ စင်ကာပူသွားသည်။

သားကြီးကတော့ ထုံးစံအတိုင်း သူ့အဘွားဆီသို့။

အိမ်ရှိုကတော့ ဘုရားခန်းသို့သာ။ မဝေးတော့တဲ့ အနာဂတ်မှာ အားလုံး အသားကျသွားတော့မှာပါလေ။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



ခင်မဒီထည်က စုံစုံခေါ် ပြည့်စုံသစ်မောင်ကို သဘောကျပါသည်။ ထည်ထည် ခြယ်လှယ်လို့ရမည့် သူမျိုးမို့လို့ပါ။ ယောက္ခမဆိုတာလည်း ကြောက်စရာ၊ အရေးလုပ်စရာ မလို။ အဓိက စုံစုံ့အဘွား ကြည်ရင် အိုခေပြီ။ ထို့ကြောင့် သူမက စုံစုံ့ကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။

စုံစုံ့မိဘတွေရဲ့ ရာဇဝင်တွေကိုလည်း သိပြီးသားမို့ စုံစုံ့မိခင်ကို ဂရုစိုက်စရာကို မလိုတာ။ စုံစုံ့ဖခင် ဦးသစ်မောင် မောင်ကတောင် သူ့မိန်းမကို ပွဲထုတ်တာ မဟုတ်။ ဒီတော့ ထည်ထည်တို့က ဒေါ်ဖြူဖြူသစ်နဲ့ဆို ချွဲနွဲ့ပစ်လိုက်ပြီး ယောက္ခမ လောင်းကိုတော့ ခပ်တင်းတင်းပဲ ဆက်ဆံ၏။

ဒါကို စုံစုံက ရိပ်မိပေမယ့် ဘာမှမပြော။ သူ့အဘွား ကို လွှန်ဆန်ဖို့မှ မဖြစ်နိုင်တာလေ။ အဓိက ဒေါ်ဖြူဖြူသစ်ပဲ။





စုံစုံက မပြောပေမယ့် သူ့ညီ သာသာကတော့ အကြောတင်းပုံရသည်။ သူမကို သိပ်ကြည်ပုံမရ။ ဟွန်း ... သူလည်း ဒေါ်အိချိုသားဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။ သူ့အမေနဲ့ ရုပ်ကချွတ်စွတ်တူနေလို့ သူ့အဘွားကတောင် မြေးအဖြစ် စာရင်းသွင်းတာမဟုတ်။ ခင်မဒီထည်ကလည်း သာသာ့ကို ကြည့်လို့မရပါ။

စုံစုံနဲ့ ထည်ထည်တို့ အပြင်တွေ ဘာတွေ သွားလို့ စုံစုံက ကြုံရာဆိုင်မှ စားတတ်တာတွေလည်း ပြင်ပေးရဦးမည်။

အလုပ်ထဲသွားတော့လည်း ဝန်ထမ်းတွေကို ဆက်ဆံတာ လိုက်လျောလွန်းသည်။ သူ့ဝန်ထမ်းတွေက စုံစုံ့ကိုဆို မလေးစားကြ။ တန်းတူနီးပါး ဆက်ဆံတာ ထည်ထည် မကြိုက်ပါ။ လူဆိုတာ ကိုယ့်အဆင့်နဲ့ကိုယ် နေတတ်မှပေါ့။ အဲဒါတွေလည်း ပြင်ပေးရဦးမှာပါ။

စုံစုံ အေးတာလည်း တစ်မျိုးတော့ ကောင်းပါတယ်လေ။ နောက်ဆို သူမ ညွှန်ပြောင်းတာပေါ့။

သူ့ညီကိုလည်း နှိပ်ထားရမည်။ ဒေါ်အိချိုကိုလည်း ယောက္ခမအဖြစ် ဘယ်တော့မှ ပွဲမထုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မဒီထည် တစ်ယောက် စိတ်ကူးတွေ ငယ်ထိပ်ကို ဖောက်ထွက်ကာ ပလူပျံနေပါ၏။

မင်္ဂလာပွဲအတွက်လည်း ကောင်းမှဆိုတာတွေချည်းပဲ တောင်းဆိုပစ်သည်။ ဒေါ်ဖြူဖြူသစ်ကတော့ ထည်ထည့်သဘောပဲ။ ထည်ထည် လုပ်သမျှ သဘောတွေ့နေသည်။

သူ့အဘိုးနဲ့ ဒယ်ဒီကတော့ သူတို့ကိစ္စကိုမပါ။

အားလုံး ထည်ထည့်သဘော ဖြစ်နေ၏။ အဆင်ကို ပြေလို့။

ထည်ထည့်မိဘတွေကလည်း ကျေနပ်ကြပါသည်။

စိန်ချင်း ထပ်ကြမည့်ပွဲမို့ ပျော်နေကြသည်။

ဒါပေမဲ့ ...

ထည်ထည် သူ့ကို ချစ်မချစ် မသိပါ။ သူကလည်း ထည်ထည့်ကို အချစ်ကြောင်း မပြောပါ။ ချစ်သူတွေလို ချစ်ရည်ရွှန်းလဲ့တဲ့ အကြည့်တွေလည်း မရှိပါ။ ထည်ထည် သူ့ကို မချစ်သလို သူ့ဘက်မှာလည်း အချစ်ရိပ်မတွေ့။

ကိစ္စတော့မရှိ။





ထည်ထည်ကလည်း အချစ်ကို အဲဒီလောက်မမက်ပါ။ ထည်ထည်မက်တာ ဂုဏ်နဲ့ငွေ။

အဲဒီဂုဏ်နဲ့ငွေ တစ်ထပ်တည်းကျမကျ မသိပေမယ့် ထည်ထည်ကတော့ ငွေရှိရင် ဂုဏ်သိက္ခာရှိတယ်ဟု သတ်မှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသစ်မောင် ခေါ် သာသာ။ ဒုတိယသား အဖြစ် မွေးလာလို့ အိမ်ရှေ့စံနေရာနဲ့ လွဲရတာမဟုတ်။ မိခင်နဲ့ ရုပ်ချင်းတူလို့ဆိုပြီး အသိအမှတ် အပြုမခံရတဲ့ မြေးအဖြစ် စိတ်ဒဏ်ရာ ရခဲ့သူ။

အစ်ကိုဖြစ်သူကို မမုန်းပေမယ့် အဘွားကိုတော့ လူငယ်စိတ်နဲ့ တုံ့ပြန်ချင့်သည်။

ခင်မဒီထည်ကို တစ်ချိန်က အရမ်းအမြင်ကတ်ခဲ့သည်။ အစ်ကိုဖြစ်သူနဲ့ ပတ်သက်လာတော့ မရီးတော်ရတော့မလို ဖြစ်နေပြီ။ ဒါပေမဲ့ ထိုမိန်းမ အထာကမကျ။ မေမေ့ကို အဖက်မလုပ်ချင်သလိုလို၊ သူ့ကိုလည်း မတူမတန်သလိုလိုနဲ့။ အိပ်နေတဲ့ကျားကို နှုတ်ခမ်းမွေး လာဆွဲနေသည်။





ဒီတော့ သူ ဆုံးဖြတ်ချက်တစ်ခုချကာ ချက်ချင်း အကောင်အထည် ဖော်လိုက်သည်။

ကိုကို့ဆီက သူမဖုန်းနံပါတ်ကို အလွယ်တကူ ရလိုက်သည်။

"ဟဲလို"

"မဒီလား"

"ခင်မဒီထည်ပါ။ ဘယ်သူလဲ။ ဘာကိစ္စလဲ"

ဒီနံပါတ်က သူမရဲ့ VIP နံပါတ်လေ။ သူမရဲ့ VIP တွေပဲသိတဲ့ နံပါတ်ဆိုတော့ အံ့ဩနေမှာပေ့ါ။

"ချမ်းသာသစ်မောင်ပါ"

"ဟင် ... ဘာကိစ္စရှိလို့လဲ"

"မကြာခင် ဆွေမျိုးအရင်းတွေ ဖြစ်ကြတော့မှာ ကိစ္စရှိမှ ဆက်ရမှာလား"

"I am busy now."

"ရပါတယ်၊ ကိုယ်က black rose လေးတစ်အိုး ရှားရှားပါးပါး ရထားလို့ မဒီကို လက်ဆောင်ပေးချင်လို့။ မဒီ ရုံးခန်းကို လာပို့လိုက်မယ်နော်"

www.burmeseclassic.com



"balck rose ... ဒါနဲ့ နေပါဦး၊ ရှင် ကျွန်မကို ဘယ်လို ခေါ်လိုက်တယ်"

"မဒီ့ကို အားလုံးက ထည်ထည်လို့ ခေါ်ကြတယ်မို့လား။ ကိုယ်ကတော့ မဒီလို့ ခေါ်ချင်တယ်။ မဒီဆိုတာက ပိုပြီး နူးညံ့သိမ်မွေ့တယ်။ မိန်းကလေး ဆန်တယ်"

"ရှင့်ရည်ရွယ်ချက်က ဘာလဲ"

"မဒီ အသိအမှတ်ပြုတာကို ခံချင်တာပါ။ please"

ခင်မဒီထည်က ပခုံးတစ်ချက်တွန့်ကာ ပြုံးလိုက်သည်။ မတ်တော်မောင် အလောင်းလျာက အောက်ကျို့ပြီး ဝင်လာတော့လည်း အသိအမှတ် ရပေးရမှာပေါ့။ လူဆိုတာ ကိုယ့်ကို အောက်ကျို့ပြီး ဝင်လာရင် သဘောကျတတ်တာပဲလေ။ ခင်မဒီထည် တစ်ယောက်လည်း ချမ်းသာသစ်မောင်ခေါ် သာသာက ခယလာ၍ သဘောကျသည်။

ပြည့်စုံသစ်မောင်တောင် သူမကို မှန်တန်းပဲ ဆက်ဆံတာလေ။

တကယ်တော့လေ ယောကျ်ားတွေက လျှာအရိုးမရှိတိုင်း ပလီပလာ ပြောလေ့ရှိကြပြီး မိန်းမတွေကလည်း ထိုသို့





သော ညာလုံး ဖြီးလုံးတွေကိုမှ သဘောကျတတ်ကြတာလေ။ ယောကျ်ားတွေ ညာလေ မိန်းမတွေ ယုံလေပဲ။

ခုလည်း သာသာကို သဘောမတွေ့၍ ခင်မဒီထည် တစ်ယောက် ကြိုတင်းထားရာကနေ သာသာ့ဘက်က တစ်ကွက်လျှော့၍ တိုက်စစ်ဆင်လာသောအခါ ခင်မဒီထည် အရည်ပျော်သွားပါ၏။

သူ ပန်းအိုးလေး လက်ဆောင်လာပို့ချိန် သူမက Meeting room ထဲမှာပါ။

နှင်းဆီနက်ကလေး ပွင့်နေတဲ့ ပန်းအိုးလေးကို ထည်ထည် ကြိုက်ပါသည်။ ချစ်စရာလေးပါ။ သူ့ဖုန်းကို ပြန်ဆက်ပြီး ကျေးဇူးတင်ကြောင်း ပြောချင်ပေမယ့် ဖုန်းဆက်ရမှာကိုလည်း လက်တွန့်နေသည်။ တကယ်ဆို ယဉ်ကျေးမှုအရတော့ ကျေးဇူးစကား ဆိုသင့်တာပေါ့။ ဒါပေမဲ့ ထည်ထည်က ကိုယ်နဲ့ သိပ်မရင်းနှီးတဲ့ သူစိမ်းယောကျ်ား တစ်ယောက်ဆီသို့ ဖုန်းဆက်ရမှာကို တစ်မျိုးဖြစ်နေပါသည်။

ရှိစေတော့။ ထည်ထည် မဆက်ပေမယ့် သူက ဖုန်းဆက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... မဒီ၊ ကိုယ်ပေးတဲ့ လက်ဆောင်လေး ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်၊ ကျေးဇူးပဲနော်"

"ဟုတ်ကဲ့ ... လက်ဆောင်ပေးပြီး လာဘ်ထိုးတာပါ။ ကိုယ့်ကို အသိအမှတ် ပြုပေးပါ"

"ဟုတ်ကဲ့ပါ သာသာ။ မကြာခင် စုံစုံနဲ့ လက်ထပ်ရမှာဆိုတော့ ဆွေမျိုးတွေ တော်ရမှာပဲလေ"

"အသိအမှတ်ပြုတယ်ပေါ့"

"အင်း"

"အိုခေ ... ကျွန်တော် မနက်ဖြန် စင်ကာပူ သွားမလို့ ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

"အိုခေ ... ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်"

သာသာ နှုတ်ခမ်းတွန့်၍ ပြုံးလိုက်သည်။

❖ ❋ ❖





သာသာ လက်ဆောင်ပေးတဲ့ အကြောင်းကို ဘယ်သူ့ကိုမှ မပြောမိဘူး။ သေချာတာက ဒေါ်မြို့မြို့သစ်က ကြိုက်မှာမဟုတ်ဘူးလေ။ စုံစုံရော ကြိုက်ပါ့မလား။ မသေချာဘူးလေ။ စုံစုံက ဒေါ်မြို့မြို့သစ် မြေးကိုး။ သူတို့မိသားစုအကြောင်း၊ သူတို့မိသားစုရဲ့ စိတ်ဓာတ်တွေကို သိပ်မသိသေးတာမို့ သာသာ့ကိစ္စကို မပြောတော့တာပါ။

သာသာ စင်ကာပူက ပြန်လာတော့လည်း ရေမွှေးလက်ဆောင် လာပေးပါသည်။ သူမကြိုက်တဲ့ Dior ရေမွှေးလေးပါ။

သာသာ့ကို ကျေးဇူးတင်ကြောင်းပြောတော့ ထုံးစံအတိုင်း အသိအမှတ်ပြုပေးပါလို့ပဲ ပြောသွားသည်။



www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် သာသာပေးတဲ့ လက်ဆောင်တွေကို တော့ သူမ သဘောကျတာပဲလေ။ စုံစုံက လူကြီးလူကောင်းဆန် ပြီး သာသာကတော့ စိတ်ထဲရှိသလို ပွင့်ပွင့်လင်းလင်း နေတတ် ပုံပဲ။ ဘာပဲဖြစ်ဖြစ်လေ ခုလို လိုလားစွာ ပတ်သက်လာတာလည်း ကောင်းခြင်းတစ်မျိုးပဲမို့လား။

သာသာ့ အပေါ် သူမ နည်းနည်းမှကို သံသယမဝင် မိတာပါ။ သူတို့အိမ်တွင်းရေးအကြောင်းလည်း သိပ်မှမသိတာ လေ။ သူမနား နီးကပ်လာတဲ့ အန္တရာယ်ဆိုတာ ဘယ်သိမှာလဲ။

❖ ❋ ❖





တစ်ရက်တော့ သာသာနဲ့ထည်ထည်တို့ signature မှာ ဆုံသည်။ ဆုံသည် ဆိုတာထက် သာသာက လာစောင့်နေ ခြင်းပါ။ သူမ ဘယ်အချိန် ဘယ်မှာရှိနေမလဲဆိုတာ သူမရဲ့ အတွင်းရေးမှူးကတစ်ဆင့် သိထားပြီးသားလေ။

သူမအတွင်းရေးမှူးကို ဂဏန်းမြင့်မြင့်ပေးပြီး ဝင်လုံး ထားတာလေ။ လာစောင့်နေပြီးမှ အမှတ်မထင် တွေ့ပုံမျိုးနဲ့ လှမ်းနှုတ်ဆက်သည်။

"မဒီပါလား"

"ဪ ... သာသာ"

"မဒီ တစ်ယောက်တည်းဆိုရင် ကျွန်တော့် Table လာ ထိုင်လို့ ရတယ်နော်"

www.burmeseclassic.com



"အင်း ... ကောင်းသားပဲ"

ထူးဆန်းစွာပဲ သူနဲ့သူမ အကြိုက်ချင်းတူကာ ပြည်ပလာတာ စားဖြစ်ကြသည်။ ထိုသို့ အစားအသောက် အကြိုက်တူတာကတော့ သူ့ဘက်က လုပ်ယူတာမဟုတ်တဲ့ တကယ့်တိုက်ဆိုင်မှု သက်သက်ပါ။

"ရှင် ဘာလို့ ကျုပ်ကို ခင်မင်နေရတာလဲ"

"ကျွန်တော် ပြောပြီးပြီလေ။ အသိအမှတ်ပြု ခံချင်လို့ပါဆို။ မကြာခင် ဆွေမျိုးတော်စပ်ကြတော့မှာဆိုတော့ ကျွန်တော်တို့ ခင်မင်ကြတာက ပိုကောင်းတယ်လေ။ ပြီးတော့ မဒီလည်း ကျွန်တော်တို့ မိသားစုအကြောင်း သိသင့်သလောက် သိမှာပါ။ ကျွန်တော်တို့မိသားစုမှာ ကျွန်တော်နဲ့ မေမေက အပယ်ခံတွေလေ၊ အနိမ့်ခံတွေဆိုတော့ အားငယ်တယ်။ မေမေက ပိုဆိုးမှာပေါ့။ မိသားစုဝင် ဖြစ်လာမယ့် မဒီအနေနဲ့ ကျွန်တော်တို့ သားအမိကို တခြားမိသားစုဝင်တွေလိုဆက်ဆံမှာ ကြောက်တယ်။ ကျွန်တော်က ယောကျ်ားလေး ကိစ္စမရှိပေမယ့် မေမေ့ကိုတော့ ဒဏ်ရာတွေ ထပ်မရစေချင်ဘူးဗျာ"





"သာသာရယ်"

ယောကျ်ားတန်မဲ့ အောက်ချပြောဆိုနေတော့လည်း မဒီ တစ်ယောက် မမာနိုင်တော့ပါ။ သနားစိတ်ကလေးဝင်ကာ သာသာတို့သားအမိကို ငဲ့ညှာဖို့ ဆုံးဖြတ်လိုက်သည်။

"စိတ်ချပါ သာသာ၊ ထည်ထည် သာသာတို့ အမေကို ကောင်းကောင်းမွန်မွန် ဆက်ဆံမှာပါ"

မိန်းမသားတွေရဲ့ အဓိကပျော့ကွက်က စိတ်အားငယ်ခြင်းနဲ့ သနားတတ်ခြင်းပါပဲ။ အထူးသဖြင့် သနားလွယ်ခြင်းက သူမတို့ကို လှည့်စားဖို့ အကောင်းဆုံး အရာပါပဲ။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကြီး တစ်စထက်တစ်စ နီးကပ်လာပါပြီ။ ဒါပေမဲ့ Wedding Planner ကို အပ်ထားတာမို့ ကာယကံရှင်တွေ တော်တော် သက်သာပါသည်။

စုံစုံနဲ့ ထည်ထည်တို့တောင် အလုပ်အကိုင်မပျက်ကြပါ။ စုံစုံက အေးတာလား။ သူမကို စိတ်မဝင်စားတာလား။ ဘာမှန်းမသိ။ အကြောင်းကိစ္စ မရှိဘဲ အဆက်အသွယ် မလုပ်ပါ။ သူ့အသွားက ဟိုကိစ္စ၊ ဒီကိစ္စနဲ့နိုင်းမှ အတူတွဲသွားဖြစ်ကြတာပါ။

တွေ့ရင်လည်း မကြာခင် လက်ထပ်ကြမယ့် ချစ်သူတွေနဲ့မတူဘဲ စိမ်းသက်ကာ သာမန်မိတ်ဆွေတွေ အဆင့်လိုပဲ။

တစ်ဖက်က သာသာက ရွှန်းရွှန်းဝေနေတော့ စုံစုံအေးစက်တာက ပိုပြီးပေါ်လွင်သွားသည်။





သူမ စိတ်ထဲမှာ သာသာက ပိုပြီးအလေးသာလာသည်။

စုံစုံထက်စာရင် သာသာကမှ သူမကို ခင်ခင်မင်မင်ရှိသေးသည်။ စုံစုံက ကျောက်ရုပ်ကြီး။ နှလုံးသားမပါ။ အချစ်မပါတဲ့အတွက် အချက်တွေနဲ့ တည်ဆောက်ကြမယ့် သူမတို့အိမ်ထောင်ရေးက ကြည်နူးသာယာဖွယ် ရှိပါ့မလား။ အေးစက်မာကျောနေမလား။

စုံစုံက ဖအေတူသားတဲ့။ အန်ကယ်သစ်မောင်က သူ့မိန်းမကို အရာသွင်းတာ မဟုတ်ဘဲ အပြင်မှာဆို ဒေါ်ရူစန်နဲ့ပဲတွဲနေတာ။ စုံစုံကရော အဲဒီအချိုးမပါလာဘူးလို့ မပြောနိုင်ဘူးလေ။

သာသာ ဝင်ရှုပ်နေတာကြောင့် ခင်မဒီထည် တစ်ယောက် အာရုံတွေ ဝေဝါးနေပါပြီ။

အတွက်အချက် အိမ်ထောင်ရေး။ သူတို့ဘာသာတောင် ရှုပ်ထွေးပွေလီကာ စိတ်ညစ်စရာကောင်းတဲ့ မိသားစုထဲ ဝင်လို့ဖြစ်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ထည်ထည့် အာရုံနောက်နေတာကို ဘယ်သူ့ကိုမှ မပြောပြဖြစ်ပါ။ ကိုယ့်အတွင်းရေး ကိုယ့်အပူကို ဘယ်သူ့ကိုမှ ရင်မဖွင့်ချင်ဘူးလေ။

သာသာတို့ သားအမိကလည်း သနားစရာပါလေ။ သနားကရုဏာတရားတွေက ထည်ထည့် မာနတွေကို တိုက်စားဝါးမျိုလာပြီ။

ချစ်ခြင်း၊ မုန်းခြင်း၊ အထင်ကြီးခြင်း၊ အထင်သေးခြင်း၊ လေးစားအားကျခြင်း၊ မနာလိုခြင်း စသည့်ခံစားချက်တွေအားလုံးထက် သနားကရုဏာသက်တဲ့ ခံစားချက်က အင်အားပိုကြီးပါသည်။ သနားခြင်းနောက်မှာ ဖေးမငဲ့ညှာခြင်း သံယောဇဉ်တွေက အလိုလို ကပ်ပါလာတတ်သည်။

ခင်မဒီထည်လို မာနခဲတောင် အောက်ကျို့အသနားခံတော့ အရည်ပျော်ပါသည်။

သူ့ကို အေးစက်ရင်လည်း နှစ်ဆပိုအေးစက်တတ်တာမို့ စုံစုံနဲ့ သူမက ပိုဝေးကွာလာကာ သာသာနဲ့ သူမက ပိုပြီးနီးကပ်လာခဲ့သည်။





"ကိုယ်က မေမေနဲ့ ရုပ်ချင်းတူတာ အပြစ်တဲ့လားကွာ။ ဖေဖေနဲ့ ရုပ်ရည်မတူတာနဲ့ မြေးအဖြစ် အသိအမှတ်မပြုဘူးတဲ့ ဘဝက ဆိုးပါတယ်။ ဒါက ကိုယ် ဖန်တီးလို့ဖြစ်တဲ့ ပြဿနာမဟုတ်ဘဲ အပြစ်ပေးခံရတာကွ"

"အင်း"

"မဒီရော ဘယ်လိုထင်လဲ။ မဒီတို့ မိသားစုက ဒီလိုပြဿနာတွေ မရှိတော့ နားလည်ပေးနိုင်မှာ မဟုတ်ပါဘူးကွာ"

"တို့ နားလည်ပါတယ် သာသာရယ်"

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



ဥ

ခမ်းနားတဲ့ မင်္ဂလာပွဲကြီး စတင်ဖို့ နီးကပ်လာပါပြီ။ ပထမဆုံး စေ့စပ်ပွဲ။ ပြီးရင် လက်မှတ်ထိုးပွဲ။ လက်ထပ်မင်္ဂလာပွဲ၊ ညစာစားပွဲ။ ပြီးရင် မင်္ဂလာဦးဆွမ်းကျွေး။ အားလုံးကို တစ်ပတ်စီခြားပြီး လုပ်မှာပါ။ ဆက်တိုက်လုပ်ရင် ပင်ပန်းမှာစိုးလို့။

စေ့စပ်ပွဲမတိုင်မီ တစ်ရက် အလိုမှာပဲ အစီအစဉ်အားလုံး လိုအပ်ချက်မရှိ ပြည့်စုံသွားပြီ။ စေ့စပ်ပွဲကိုလည်း ဆီဒိုးနားမှာ အခမ်းအနား ကျင်းပမှာ။

မနက်ဖြန် စေ့စပ်တော့မည်။ ထိုညမှာပဲ ဒေါ်ဖြူဖြူသစ်က အိချိုဆီကို ဖုန်းဆက်ပါသည်။

"အိချို ... ငါ့မြေးမင်္ဂလာပွဲမှာ မင်းကို မမြင်ချင်ဘူး"





"ဒါတော့ အန်တီ မတားရားတာပဲ။ ကျွန်မသား မင်္ဂလာဆောင်မှာ ကျွန်မ ရှိသင့်တယ်လေ"

ထိုအချိန်မှာ အပြင်က ပြန်လာသော သာသာက သူ့အမေဖုန်းပြောသံကိုကြားပြီး တံခါးအကွယ်ကနေ နားထောင်နေသည်။ ဦးသစ်မောင်နဲ့ စုံစုံတို့က အဘွားအိမ်မှာပါ။

"ငါ့မြေး မင်္ဂလာပွဲက ငါ့အတွက် အစားထိုး လုပ်ပေးရတဲ့ပွဲပဲ။ ငါ့သားတုန်းက မရခဲ့တဲ့ ခံစားချက်တွေကို ငါ့မြေးကျမှ အကောင်အထည် ဖော်ရတာ။ ကျေးဇူးပြုပြီး မနှောင့်ယှက်ပါနဲ့။ ညည်း တစ်ပွဲမှ လာခွင့်မရှိဘူး"

"လာမှာ။ ကျွန်မကတော့ အန်တီ့လို နှောင့်တမရအောင်လာဖြစ်အောင် လာမှာပါ။ ကျွန်မဘက်က အန်တီ့ကို မတွေ့ချင်တာမျိုး မရှိတဲ့အတွက် အန်တီလာလာ မလာလာ ကျွန်မအတွက် ဘာမှထူးပြီးမခံစားရဘူး။ ဒါပေမဲ့ မင်္ဂလာဆောင်မှာက ကျွန်မရင်နဲ့လွယ်ပြီး မွေးလိုက်တဲ့သား ဆောင်မှာ။ ကျွန်မ အမေလေ။ အမေနေရာက ပွဲထွက်ရမှာပေါ့။ ကျွန်မက ကျန်တာအားလုံး သည်းခံမယ်။ ကျွန်မသားနှစ်ယောက်ရဲ့ အရှက်နဲ့ သိက္ခာအတွက်ဆို ဘယ်သူ့ကိုမှ သည်းခံမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ... ညည်း ... တော်တော် သတ္တိရှိနေတယ်ပေါ့ ဟုတ်လား"

"ဒါက သတ္တိနဲ့ မဆိုင်ဘူး။ လုပ်သင့်တာကို လုပ်ရမှာ။ မအေတစ်ယောက်လုံး သက်ရှိထင်ရှားရှိရက်နဲ့ မအေမပါ ဘဲပွဲထွက်ရမယ်ဆိုတာ မဖြစ်သင့်ဘူး။ အန်တီ ... အန်တီ့ သားအပေါ် တာဝန်မကျေတာက အန်တီ့သမိုင်း။ ကျွန်မ ကတော့ ကျွန်မသားတွေအပေါ် မလစ်ဟင်းနိုင်ဘူး။ အမေ နေရာမှာ ကျွန်မ ရှိနေမှာပဲ"

ပြောပြီးတာနဲ့ အိချို့ ဖုန်းချပစ်လိုက်သည်။ တော်ရုံ ပဲ ကောင်းမည်။ မဟုတ်တာတွေ လာလုပ်ခိုင်းနေတာတော့ သည်းမခံနိုင်။

သာသာလည်း အခြေအနေကို နားလည်ကာ အသာ လေး ပြန်ထွက်သွားသည်။

မေမေ့စကား အသွားအလာတွေကို ကြားရုံဖြင့် တစ်ဖက်က ဘာတွေပြောနေလဲဆိုတာကို သိနေပါသည်။ အဘွား တော်တော်လွန်လာပြီ။

တော်တော်မတရားရဲ့ အဘွားပဲ။





သာသာ အံတစ်ချက်ကြိတ်လိုက်သည်။ သက်ရောက် မှုတိုင်းမှာ တုံ့ပြန်မှုရှိတာကို အဘွားသိအောင် ပြန်သင်ပေးရတော့ မည်။ လူဆိုတာ အမြဲတမ်း ဖေဒါဖြစ်မနေဘူး။ ဖေဒါတောင်မှ လှိုင်းတက်တဲ့အခါ မြင့်ရသေးတာပဲ။

နာကြည်းချက်ဆိုတာ နုနယ်တဲ့ နှလုံးသားမှာ ပိုပြီး အရာထင်တယ်။ သူ နာကြည်းခဲ့ရတာ ကလေးဘဝတည်းက။

ကဲ ... ဒီတစ်ခါ သူက မြှားပစ်သူ ဖြစ်ပြီ။

❖ ❋ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ ဝဏ္ဍ(ဂ)၊ ဓမ္မယု ဝတီလမ်း (ပဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက သာသာ တစ်ယောက် ခင်မဒီထည်တို့ အိမ်နားမှာ သွားစောင့်နေလိုက်သည်။ တော်တော်ညဥ့်နက်မှ ခင်မဒီထည်ကို ကိုကိုစုံစုံ လိုက်ပို့တာ တွေ့ရသည်။

မနက်ဖြန်ပဲ စေ့စပ်ကြမှာဆိုတော့ သူတို့နှစ်ယောက် အတူရှိနေတာ မထူးဆန်းပါဘူး။ ကိုကို့ကား ပြန်ထွက်သွားတော့ ခင်မဒီထည် ခြံထဲမှာပဲ ရှိနေသေးသည်။

သူ သူမဆီ ဖုန်းခေါ်လိုက်သည်။

"ဟဲလို ... သာသာ"

"မဒီ ... ကိုယ် မဒီတို့ခြံရှေ့မှာ။ မဒီ ခြံထဲမှာ ထိုင်နေတာ တွေ့လို့ ခေါ်လိုက်တာ"

"ဟင် ... သာသာ ဘာလာလုပ်တာလဲ"





"မဒီ မနက်ဖြန် စေ့စပ်တော့မယ်လေ။ မနက်ဖြန်ဆို မဒီမှာ ဆိုင်သူအတိအကျ ရှိသွားပြီပေါ့နော်"

"သာသာ ဘာတွေပြောနေတာလဲ၊ ထည် လက်ထပ်မှာ တခြားသူ မဟုတ်ဘူး။ သာသာ့အစ်ကိုလေ"

"မဒီ ကိုကို့ကို ချစ်လား။ ကိုကိုကရော မဒီ့ကို ချစ်လား"

"သိပြီးသားတွေ ဘာလို့လာမေးနေတာလဲ။ ထည်တို့က လူကြီးတွေ သဘောတူလို့ ယူဖြစ်ကြတာလေ"

"မချစ်ဘဲ လက်ထပ်ရဲတယ်ပေါ့"

"သာသာ ဘာတွေ လာပြောနေတာလဲ"

ခင်မဒီထည် ခပ်ဆတ်ဆတ်ကလေး အော်လိုက်သည်။ နဂိုကမှ စိတ်မကောင်း ဖြစ်နေပါတယ်ဆို သူက လာ ရှုပ်နေသည်။ မနက်ဖြန်ပဲ စေ့စပ်ကြတော့မည်။ စုံစုံက ခုထိ အေးစက်စက်ပဲ။ သူမသာ ခေါင်းညိတ်လိုက်ရင် တယုတယ ဒူး ထောက်ချင်တဲ့သူတွေ အများကြီးပါ။ ခုတော့ စုံစုံ့ပုံစံ လူကြီးတွေ စိတ်ချမ်းသာအောင် ခေါင်းညိတ်ကာ သူမကိုတော့ တစက်မှစိတ် မဝင်စား။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဒါလုပ်ပေး ဟိုဟာလုပ်ပေးနဲ့ ခိုင်းရင်တော့ လုပ်ပေးပါရဲ့။ သူ့ဘက်က အလိုက်တသိနဲ့ လုပ်ပေးတာမျိုးမရှိ။ ခုထိ စကားပြောတာက မိတ်ဆွေတစ်ယောက်လိုပဲ။ အေးစက်စက်နဲ့။ ကိုယ့်ကို လိုလားတာက သူ မဟုတ်ဘဲ သူ့အဘွားဖြစ်နေသည်။ ထို့ကြောင့် ကိုယ့်ဘာသာ စိတ်ညစ်နေရတာကို သာသာက တစ်မှောင်။

“မဒီ ... ကိုယ် မဒီ့ကို ချစ်တယ်”

“ဘာ”

“ဟုတ်တယ် ... မဒီ။ ကိုယ် မဒီ့ကို အဆုံးရှုံး မခံနိုင်ဘူး”

“သာသာ ရူးနေလား”

“ရူးနေတယ်၊ မဒီ့ကို ဆုံးရှုံးရမှာ ကြောက်ပြီး သွေးရူးသွေးတန်း ဖြစ်နေတယ်။ ကိုကိုနဲ့ မဒီတို့ တစ်ယောက်ကို တစ်ယောက် မချစ်ကြဘဲ လက်ထပ်မယ်။ မဒီ့ကို သိပ်ချစ်တဲ့ ကိုယ်ကတော့ ကျန်ခဲ့ရမယ် အဲလိုကြီးလားဗျာ။ တရားလို့လား မဒီ ... ဟမ်”

“ဟင် ... ရှင် ခုချိန်ကျမှ ဘာတွေ လာပြောနေတာလဲ။ မနက်ဆို ရှင့်အစ်ကိုနဲ့ ကျွန်မ စေ့စပ်ရတော့မှာလေ”





“မနက်ကျမှ စေ့စပ်မှာလေ၊ အခု မစေ့စပ်ရသေးဘူးလေ မဒီ”

“ဖိတ်စာတွေက ဝေပြီးသွားပြီလေ၊ ဖိတ်စာဆိုတာ တကယ်တော့ သိက္ခာပဲ သာသာရဲ့။ ခြေတစ်လှမ်း ကျွံသွားတဲ့ သိက္ခာတရားကို ကျွန်မ တန်ဖိုးထားရတော့မယ်”

“ခြေတစ်လှမ်းစာ သိက္ခာလေးအတွက် ဘဝကို တစ်သက်လုံး မချစ်တဲ့သူရဲ့ ရင်ခွင်မှာ မြှုပ်နှံထားမလို့လား မဒီ”

“အဲဒါဆို ကျွန်မ ဘာလုပ်ရမှာလဲ”

ညလေရူးတစ်ချက် ဝေ့ခနဲ တိုက်သွားသည်။ အေးအလိုလို နွေးသလိုလိုနဲ့။ သာယာအေးမြတဲ့ လေညှင်းလေးတော့ မဟုတ်တာ သေချာသည်။

❖ ✱ ❖



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ဈေးစပ်ပွဲသို့ သတို့သမီး ရောက်မလာခဲ့ပါ။ သတို့သမီးရဲ့မိသားစုပါ ရောက်မလာခဲ့ပါ။ သတို့သားဘက်ကသာ စုံညီစွာ။ ဒေါ်ဖြူဖြူသစ်ရော၊ ဒေါ်အိချိုပါ ပွဲတက်ကြသည်။ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်းတော့ မဆိုင်ပါ။

ဈေးစပ်ပွဲသာဆိုတယ်။ ဖိတ်ထားလိုက်တဲ့ ဧည့်သည်တွေက အများကြီး။ ပိုဆိုးတာက အစိုးရပိုင်းက ထိပ်တန်းအရာရှိကြီးတွေပါ ပါသည်။

ပွဲချိန်နီးကပ်တဲ့အထိ သတို့သမီးဘက်က အရိပ်အယောင်တောင် မမြင်ရသေး။ ဖုန်းဆက်တော့လည်း မအားတာနဲ့ မကိုင်တာနဲ့။ ဒေါ်ဖြူဖြူသစ် မျက်နှာပျက်နေပြီ။

"မဟုတ်သေးပါဘူး။ ဟဲ့ ... သတို့သမီးအိမ်ကို သွားကြည့်စမ်း"





ဒေါ်ဖြူဖြူသစ်က သူ့လူတွေကို သတို့သမီးအိမ်လွှတ်လိုက်သည်။

ခဏနေတော့ သတို့သမီးအမေ ဖုန်းဆက်လာပါသည်။

"အကျိုးတွေတော့ နည်းကုန်ပြီ။ အန်တီဖြူရေ။ ကျွန်မတော့ ရှက်လွန်းလို့ သေတော့မယ်"

"ဘာဖြစ်တာလဲ။ မြန်မြန်ပြောစမ်းပါ ညီမရယ်၊ ဘာတွေဖြစ်နေတာလဲ။ ဘာလို့ ခုထိ မလာသေးတာလဲ။ ဒီမှာဧည့်သည်တွေတောင် ရောက်နေပြီ။ တော်ကြာ လူကြီးတွေလည်း လာတော့မှာ"

"ထည်ထည် မရှိတော့ဘူး"

"ဘာ ... မရှိရအောင် ဘယ်သွားလို့လဲ"

"အန်တီဖြူ့မြေးအငယ် ချမ်းသာသစ်မောင်က ခိုးပြေးသွားတာ"

"ဘာ"

ဒေါ်ဖြူဖြူသစ် မျက်လုံးထဲ မီးပွင့်သွားသည်။ မထင်မှတ်ထားသော ရှော့ခ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျွန်မတို့တော့ အရက်ကွဲပြီး အန်တီဖြူ"

"အမယ်လေး ... ဒုက္ခပါပဲ"

ဒေါ်ဖြူဖြူသစ် လက်ထဲကဖုန်း ပြုတ်ကျသွားသည်။ လူလည်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားသည်။

"ဟင် ... ဖြူ"

"မာမီ"

"ဘွား"

အိချိုကလွဲရင် ကျန်မိသားစုဝင်တွေ ဒေါ်ဖြူဖြူသစ်အား ဝိုင်းသွားသည်။ အိချိုကတော့ ဇာတ်စပ်ပွဲခန်းမထဲက လှည့်ထွက်လာလိုက်သည်။ ဒီပွဲမှာ အိချိုနဲ့ သိတဲ့သူလည်း သိပ်မရှိဘူးလေ။

ဒေါ်ဖြူဖြူသစ်က ရှော့ခ်ရသွားကာ ဆေးရုံတင်လိုက်ရသည်။ စိတ်ရောလူပါ ဗုန်းဗုန်းလဲသွားသည်။

ဒါပေမဲ့ သာသာ့ ခံစားချက်ကို သိနေကြတော့ ဦးသစ်မောင်ရော စုံစုံကပါ သာသာ့ကို အပြစ်မတင်ကြပါ။ ရှင်လွှတ်ကြသည်။





အိချိုကတော့ သားကြီးကို နှစ်သိမ့်ရတာပေါ့လေ။ အမိက ကာယကံရှင်က သားကြီးလေ။

"သားကြီး တော်တော် စိတ်မကောင်းဖြစ်သွားလား သား"

"မဖြစ်ပါဘူး မေမေ။ တကယ်ဆို ညီလေးအတွက်ပဲ စိတ်မကောင်းဖြစ်တာပါ။ သား ခင်မဒီယည်ကို ဘွားစီစဉ်လို့သာ ယူမယ်ပြောတာ။ တကယ်တမ်း သားစိတ်ထဲမှာ သိင်္သဘောမကျဘူး။ သာသာလည်း သဘောကျမယ်မထင်ဘူး။ သူ ဘွားကို ပညာပြချင်လို့သာ ယူတာ"

"သားရေ ဖူးစာလို့ပဲ ပြောရမှာပေါ့။ သူတို့ ဖူးစာပါကြလို့ပါ။ ဘာပဲဖြစ်ဖြစ် မေမေကတော့ သာသာ့ကိုလည်း ဆုံးမရမယ်။ ချစ်ချစ် မချစ်ချစ် ကိုယ်ယူထားတဲ့ မိန်းမကို ကြင်ကြင်နာနာ ဆက်ဆံပြီး သာယာတဲ့ အိမ်ထောင်ရေး ထူထောင်ဖို့ပေါ့။ ခင်မဒီထည်ကို ဒုတိယအိချို မဖြစ်စေချင်ဘူး"

"မေမေရယ်"

နောက်တော့ သားကြီးအတွက် စီစဉ်ထားတဲ့ မင်္ဂလာပွဲဟာ သတို့သမီးကအစ အားလုံး သားငယ်အတွက် ဖြစ်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖြူဖြူသစ်ကတော့ စိတ်ထိခိုက်ကာ အိပ်ရာထဲ မှန်းမှန်းသား လဲတော့သည်။

သာသာကလည်း ပထမတော့ ခင်မဒီထည်ကို မကျေနပ်မာတ်ခံတွေနဲ့ ယူခဲ့ပေမယ့် မိခင်ရဲ့ဆုံးမမှုကြောင့် ကြင်ကြင်နာနာ ဆက်ဆံပါသည်။

ဒေါ်ဖြူဖြူသစ်ကတော့ သာသာနဲ့ ခင်မဒီထည်ကို အသိအမှတ် မပြုသလို အလာလည်းမခံပါ။ ထို့ပြင် စုံစုံအတွက် ခင်မဒီထည်ထက်သာသော ချွေးမလောင်းမျိုးကို ရှာနေပြန်ပါပြီ။ ဒီအချိန်ထိ မာန်မချသလို တရားလည်း မရသေးသော ဒေါ်ဖြူဖြူသစ် တစ်ယောက် မောဟ အမှောင်တွေ ဖုံးလွှမ်းနေတုန်းပါပဲ။

❖ ❋ ❖





သားငယ်တို့ ဇနီးမောင်နှံတောင် ဟန်းနီးမွန်းထွက်သွားပါပြီ။

သားကြီးက အိချို့ အခန်းထဲ ဝင်လာသည်။

"မေမေ ... အဘွားကတော့ သားအတွက် အိမ်ထောင်ဖက်ထပ်ရှာနေပြန်ပြီ"

အိချိုက အပြုံးလေးနဲ့ပဲ နားထောင်နေသည်။

"ခင်မဒီထည်ထက် သာတဲ့သူကို ရှာနေတယ်တဲ့။ သားတော့ မေမေ့ကို ရိုကျိုးမယ့် အိမ်ထောင်ဖက်မျိုးပဲ လိုချင်တယ်"

"သား ဖူးစာပါရင် ရှောင်လွှဲလို့ မရဘူး။ အတိတ်ကရေစက်၊ ရေးရေစက်ပေါ့ သားရယ်။ ဒီဘဝမှာ အကြောင်းပါရမယ့်သူ ရှိပြီးသား။ အဲဒါကို ဘေးလူက ဖန်တီးလို့မရသလို ပြောင်းလဲလို့လည်း မရဘူး။ သား ဖူးစာရှင်နဲ့သား



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာဆီမှာ ရောက်နေရင်တောင် အချိန်ကျရင်တော့ ဆုံကိုဆုံရမှာပဲ သား"

"ဖူးစာဆိုတာ တကယ်ရှိလား မေမေ"

"သားက အနောက်တိုင်းက သိပ်ကိုလက်တွေ့ကျတဲ့ပညာတွေကို သင်ထားတာဆိုတော့ မေမေ ပြောတာတွေကို လက်ခံနိုင်ဖို့ ခဲယဉ်းနေမှာပေါ့။ ဗုဒ္ဓဘာသာအရ ကြည့်မယ်ဆိုရင် အတိတ်ကံနဲ့ အတိတ်ကံရဲ့ အကျိုးဆက်ဆိုတာ အမှန်တကယ် ရှိတာပေါ့ သားရယ်။ ခံရမယ့်အချိန်ရောက်ရင် ရှောင်ပြေးလို့ မရသလို လွတ်မြောက်ချိန် တန်ရင်လည်း အချိန်တိကျတယ် သား။ ဆုံစည်းရမယ့်ကံပါရင် ဆုံကြရသလို ခွဲချိန်တန်ရင်လည်း ဘာနဲ့များဆွဲထားလို့ရမှာလဲ။ ဒါတွေကို ဘာသာရေး လိုက်စားလေ နားလည်လာလေပေါ့ သားရေ"

"မေမေ"

"ပြော သား"

"သားလေ ကုမ္ပဏီက စာရေးမလေး တစ်ယောက်ကို သဘောကျနေတာ။ ရိုးရိုးအေးအေးလေး မေမေ"





"အင်း ... သားကို မေမေနဲ့တူတယ် ထင်တာ။ တကယ်ပဲ ဖအေတူသား ဖြစ်နေခဲ့တာကိုး။ မေမေကတော့ ဘာမှမပြောဘူး သား။ သားတို့ တတ်ထားတဲ့ ပညာတွေနဲ့ပဲ ဝေဖန်ပိုင်းခြားပါ။ ဘာပဲလုပ်လုပ် သေချာတော့ စဉ်းစားပေါ့ သားရယ်။ မေမေကတော့လေ သူဌေးမပဲဖြစ်ဖြစ် စာရေးမပဲဖြစ်ဖြစ် ချွေးမဖြစ်လာရင် မေမေ့သမီးလို့ သတ်မှတ်မှာပါ"

"သားလေ ... အဘွား နောက်တစ်ကြိမ် ပြုလဲမှာလည်း ကြောက်နေတာ"

"သား အဘွားခများလည်း သနားပါတယ်လေ၊ စိတ်မထားတတ်တော့ ခံနေရတာပေါ့"

"မေမေ အဘွားကို မုန်းလား"

"မမုန်းပါဘူး သား၊ မေမေက ဥပေက္ခာပြုနိုင်သွားပြီလေ။ မုန်းတဲ့အဆင့်က လွတ်မြောက်သွားတာပေါ့ သားရယ်"

သားက သူမကို ငေးကြည့်နေခဲ့ပါသည်။ တော်တော်ကို ခန့်ငြိစတရားနဲ့ ပြည့်စုံသော မိခင်ကို အံ့ဩမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်ထဲမှာ ဒီလောက် သည်းခံနိုင်တာ။ ပုထုဇဉ်ဖြစ်ပြီး လူ့ဝတ်ကြောင်ဘ၀နဲ့ သည်းခံနိုင်တဲ့ မိခင်ကို လေးစားပြီးရင်း လေးစားမိသည်။

အဘွားက ဘယ်လောက်ပဲ အချစ်တွေပုံအောပေးပါစေ။ မေမေကိုပဲ ပိုချစ်သည်။ အတ္တကြီးလွန်းတဲ့ အဘွားကို တစ်ခါတလေ လန့်တောင် လန့်မိသည်။

အဘွားသာ မေမေ့တစ်ဝက်လောက် ငြိမ်းချမ်းရင် သူတို့မိသားစု တော်တော်ပျော်စရာကောင်းမှာ။

ဦးသစ်မောင်မောင်ကတော့ ပိုမိုပြင်းထန်လာတဲ့ မိသားစုတွင်းက အတွင်းကြိတ်လှိုက်လောင်မှုတွေကို တော်တော်စိတ်ညစ်သွားသည်။

❖ ❋ ❖





သူ့အဘွား မစီစဉ်ရသေးခင်မှာပဲ သူချစ်တဲ့သူကို လက်ထပ်ခွင့် တောင်းခံခဲ့သော သားကြီးကိုကြည့်ကာ သူ့အဘွား တော်တော်ပေါက်ကွဲပါတော့သည်။

"နင်တို့က အချိုးသားတွေပဲ။ နောက်ဆုံးတော့ ငါ့ရင်ကို ဒီနည်းနဲ့ စုံကန်တာပေါ့။ ဟုတ်လား ပြည့်စုံသစ်မောင်"

"သားကို နားလည်ပေးပါ အဘွား"

"ဘာကို နားလည်ပေးရမှာလဲ။ ငါက အကောင်းဆုံးတွေ လုပ်ပေးတာကို နင်တို့တွေက ဖျက်လိုဖျက်ဆီးတွေ လုပ်နေကြတာ။ အဲဒါကို ငါက ဘာကို နားလည်ပေးရမှာလဲ"

"အဘွားရယ် ... သားတို့က ငွေကြေးချမ်းသာပြီးသားပါ။ စိတ်ချမ်းသာဖို့ပဲ လိုတော့တာလေ။ စိတ်မချမ်းသာရင် ဘာလုပ်မှာလဲ အဘွားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း … အောက်တန်းစား စိတ်ဓာတ်တွေနဲ့ ငါ့ကိုလာ မပြောနဲ့။ နင်က ငတုံး။ နင့်အတွက် ငါရှာပေးထားတဲ့ ရှယ်အိမ်ထောင်ဖက်ကို နင့်ညီက ဖြတ်ခုတ်သွားတာကို နင်က ရုံးက စာရေးမကို ယူဦးမလို့။ နင်လောက်တုံးတာ မရှိဘူး။ မယူရဘူး။ ငါပေးစားတဲ့ မိန်းမနဲ့ပဲ ယူရမယ်။ ဖအေလို အချိုးမျိုး မချိုးနဲ့နော် စုံစုံ"

"သားကို ခွင့်လွှတ်ပါ အဘွား။ သား မစုကိုပဲ ရွေးပါရစေ။ အဘွားရယ် စိတ်ကို အေးချမ်းအောင်ပဲ ထားပါနော်"

"မင်း ပြောလို့မရဘူးလား စုံစုံ။ မင်းအဖေကိုယ်စားအနေနဲ့ ငါ မင်းအပေါ် မျှော်လင့်ချက်တွေ အများကြီး ထားခဲ့တာ စုံစုံ"

"အဘွား … ခင်မဒီထည်က အဘွားကို ဘယ်တော့မှ ခြေဆုပ်လက်နယ် ပြုစုမှာ မဟုတ်ဘူး၊ ပိုက်ဆံအကုန်ခံပြီး နာ့စ်ပဲ ငှားပေးမှာ။ မစုကတော့ အဘွားကို ကိုယ်တိုင်ပြုစုမှာ"

"မလိုပါဘူး။ ငါလိုချင်တာ မြေးချွေးမ။ အိမ်ဖော်သာသာ အဆင့် မဟုတ်ဘူး။ ကိုယ့်အလုပ်သမား မဟုတ်ဘူး။





ကိုယ်နဲ့ အဆင့်တူ အတန်းတူ ပွဲလယ်တင့်မယ့်သူမျိုးပဲ ဖြစ်ရမယ်။ မင်းအဖေကိုကြည့်။ ပွဲထုတ်လို့မရတဲ့ မိန်းမကို ယူပြီး ပွဲတက်တော့ ရှုစန်နဲ့"

"သားကတော့ ဖေဖေ့လို မလုပ်ဘူး။ မစုကို ပွဲထုတ်မှာပါ။ ကြင်ကြင်နာနာနဲ့ သာယာပျော်ရွှင်တဲ့ အိမ်ထောင်ရေးကို တည်ဆောက်မှာပါ။ သားလိုချင်တာ ပခုံးချင်းယှဉ်မယ့် အိမ်ထောင်ဖက် မဟုတ်ဘူး။ သားကို မှီခိုမယ့် အိမ်ထောင်ဖက်ပါ ဘွား"

ဒေါ်ဖြူဖြူသစ် ဘာမှမပြောတော့။ ဒေါသတွေ၊ အတ္တတွေ၊ မာနတွေက အထွတ်အထိပ် ရောက်သွားလို့ ဒေါသလည်း ဆက်မထွက်နိုင်တော့။ အတ္တလည်း ဆက်မကြီးနိုင်တော့။

ထိုအချိန်ကတည်းက ဘယ်သူ့ကိုမှ စကားဆက်မပြောတော့။

သားကိုရော မြေးကိုပါ သူမဆီ အလာမခံတော့။

ဦးထွန်းမောင် တစ်ယောက်ကိုပဲ စကားပြောသည်။

နေမကောင်းလို့ နာ့စ် ငှားထားရသည်။ ဦးထွန်းမောင်ကတော့ သူမကို စိတ်လျှော့ဖို့ အမြဲနှစ်သိမ့် ပေးမနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဦးထွန်းမောင်ကိုယ်တိုင် မိန်းမဖြစ်သူရဲ့အတွက်ကို သိနေလို့ ဘာမှမပြောဘဲ လွှတ်ထားခဲ့တာပါ။

တကယ်တော့ တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ ကြိုတင်ရိပ်မိခဲ့သည်။ ခေါင်းမာပြီး စိတ်ကြီးလွန်းတဲ့ မိန်းမကို မနိုင်လို့ လွှတ်ထားလိုက်ရတာပါ။

"မဖြူရေ ... စိတ်လျှော့လိုက်ပါကွာ။ မင်းရင်ကမွေးတဲ့ သားတောင် မင်းစိတ်ကြိုက် မဖန်တီးနိုင်ခဲ့ဘူးလေ။ မြေးဆိုတော့ ပိုဆိုးပေါ့"

❖ ❃ ❖





စုံစုံက လက်ထပ်ခွင့် တောင်းတဲ့အခါ မစုက ခါးခါးသီးသီးကို ငြင်းပါသည်။ မစုဆိုတာ သာမန်စာရေးမလေးပါ။ ရုပ်ကလေးလှတာနဲ့ သဘောမနောကောင်းတာလေးကလွဲရင် ပညာရေးကလည်း သာမန်ဘွဲ့ရလေး။

လူမှုအဆင့်အနေအထားကလည်း လူလတ်တန်းစားလို့တောင် မဆိုနိုင်။ ဆင်းရဲရှာသည်။

ဒီလိုမိန်းကလေးမျိုးက ကုမ္ပဏီပိုင်ရှင်ကို ငြင်းသည်ဆိုတော့ အားလုံးက အံ့သြကုန်သည်။

"မစု ကျွန်တော် တကယ် မစုကို လက်ထပ်မှာပါ"

"ယုံပါတယ် ဆရာ။ ဒါပေမဲ့ ကျွန်မဘဝနဲ့ ဆရာ့ဘဝ မိုးနဲ့မြေလို ကွာခြားပါတယ် ဆရာ။ မတူညီတဲ့ လူတန်းစားမို့ စုကပဲ စိတ်ပင်ပန်းမှာပါ။ လူ့အပင်ပန်း ခံနိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ။ စိတ်အပင်ပန်း မခံနိုင်ပါဘူး။ ကိုယ်နဲ့ အနေအထား တူတဲ့သူကိုယူပြီး အတူရုန်းကန် တည်ဆောက်ရတာက လူပင်ပန်းပေမယ့် စိတ်ချမ်းသာမှာပါ။ ဆရာ့ကိုတော့ မယူရဲဘူး။ ကျွန်မ ဒုတိယဒေါ်အိရှိ မဖြစ်ချင်ဘူး ဆရာ"

"ဘာ"

"ဟုတ်တယ် ဆရာ။ ကျွန်မ ဆရာ့ကို ဘယ်တော့မှမယူဘူး"

စုံစုံတစ်ယောက် တော်တော်ကြေကွဲသွားပါသည်။

တကယ်တော့ စုစုကို ဒေါ်ဖြူဖြူသစ်ကတစ်ဖက်၊ လှည့်သွေးထိုးတာပါ။ မကျန်းမာတဲ့ စုစုဖခင်အတွက် ဆေးဖိုးတွေ ပေးပြီး ပ,ထုတ်ပစ်တာ။ နောက်တော့ စုစုကို ထွက်စာပါ တင်နိုင်းကာ တစ်ဖက်လှည့်နဲ့ အလုပ်ပါ ထုတ်ပစ်လိုက်သည်။

"တစ်ခါပဲ ခံမယ်။ နှစ်ခါ မခံဘူး"

ထို့နောက်မှာတော အသည်းတွေ ကွဲနေတဲ့ စုံစုံကို ပညာတတ် သူဌေးသမီးတစ်ယောက်နဲ့ ပေးစားပစ်လိုက်သည်။

စုံစုံ့မင်္ဂလာပွဲကို ဒိတ်ဒိတ်ကြဲ ကျင်းပပစ်လိုက်တာပေါ့။ ပြီးစီးသွားမှပဲ ရင်ထဲမှာ ကျေနပ်သွားတော့သည်။





ပြီးတော့ ပိုင်ဆိုင်သမျှ အားလုံး စုံစုံ့ကို အမွေပေးလိုက်သည်။

သာသာကတော့ ဦးသစ်မောင် ပိုင်ဆိုင်သလောက်ထဲက တစ်ဝက်ပဲ ရတော့မည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



သားတွေ အသီးသီး အိမ်ထောင်ကျ၍ အိမ်ခွဲသွား

ကြပြီ။

အစစအရာရာလည်း အဆင်ပြေသွားကြပါပြီ။

ထိုညမှာ သူမ ကိုသစ်နဲ့ စကားပြောဖို့ စောင့်နေခဲ့

သည်။

ကိုသစ်ကလည်း စောစောပြန်လာခဲ့ပါသည်။

"မိန်းမရေ ကိုယ်တို့အပြင်မှာ ဒင်နာသွားစားရအောင်"

"ဟင့်အင်း ... ကျွန်မ အိမ်မှာပဲစားမယ်"

"လာပါ မိန်းမရယ်၊ သားတွေအိမ်ထောင်ကျကုန်တော့ မင်းလည်း လောလောဆယ် အထီးကျန်မှာပေါ့။ ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် ဖေးမရင်း ချစ်ချစ်ခင်ခင်နေကြရအောင်ကွာ၊ ကိုယ့်ကိုလည်း ခွင့်လွှတ်လိုက်ပါတော့"





"ကျွန်မလည်း ပြောစရာရှိလို့ စောင့်နေတာ။ ကိုသစ်ရေ ကျွန်မလေ ရှင်ရက်စက်သမျှ သည်းခံပြီး နေခဲ့တာ ကျွန်မ သားတွေကြောင့်ပါ။ အခု ကျွန်မသားတွေ သူတို့အိမ်ထောင်နဲ့သူတို့ အဆင်ပြေသွားကြပြီ။ ကျွန်မလက်က လွတ်သွားပြီ။ ကျွန်မ ဒီနေ့အတွက် သည်းခံခဲ့တာ။ အခု ကျွန်မအတွက် လွတ်မြောက်ရမယ့်နေ့ကို ရောက်ပြီ"

"ဘာတွေ ပြောနေတာလဲ"

"ကျွန်မကို သီလရှင်ဝတ်ခွင့် ပေးပါ"

"ဟာ ... မဟုတ်တာကွာ"

"ကျွန်မ ဘာသာရေးနဲ့ ပျော်မွေ့နေပါပြီ။ ကျွန်မကို လွတ်မြောက်ခွင့်ပေးပါ။ ခွင့်ပြုပေးပါ"

"မဟုတ်သေးပါဘူး။ ကိုယ်က ဘယ်လိုနေရမှာလဲ"

"ရှင်ကြိုက်သလိုနေပါ။ ရှင် စွစန်နဲ့ လက်ထပ်ချင်ရင်လည်း သဘောပါ"

"ကိုယ် စွစန်ကို ယူချင်ရင် လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်ကတည်းက ယူခဲ့တယ်။ ကိုယ်က မင်းကိုပဲချစ်ခဲ့တာ။ တကယ်တမ်း ပြောရမယ်ဆိုရင် မင်းကို တန်ဖိုးထားပြီး သိမ်းထားခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ရှင်က နိုပ်စက်ခဲ့တာပါ။ အရင်ကလည်း ကျွန်မ မပြောဘူးပါတယ်။ ရှင်က ချစ်လို့နိုပ်စက်တာ။ ကျွန်မက ရှင့်ကို မချစ်ဘဲနဲ့ သည်းခံခဲ့ရတာလို့လေ။' ကျွန်မ စုစုကို သိပ်သဘောကျတယ်။ စုစု သားကြီးကို ငြင်းသလို ကျွန်မသာ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က ရှင့်ကို ငြင်းနိုင်ခဲ့ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ"

"အိချိုရယ် ... မင်း အဲလောက်တောင် စိတ်ဆင်းရဲခဲ့တာလား။ ကိုယ် မင်းကို ပြည့်ပြည့်စုံစုံ လိုလေသေးမရှိ ထားခဲ့တယ်လေ"

"လူချမ်းသာရုံနဲ့ စိတ်ချမ်းသာတာမှ မဟုတ်တာ။ လူရော စိတ်ပါ ချမ်းသာတဲ့ရှင်က ဘယ်ကိုယ်ချင်းစာတတ်မလဲလေ။ အလုပ်အကိုင်မရှိဘဲ အိမ်မှာ ကလေးထိန်းနေရတဲ့ မိန်းမတွေကို မှိုခိုတဲ့။ အဲဒီ မှိုနိုမိန်းမချော ယောကျ်ားကို ပြောရေးဆိုခွင့်ရှိရင် တော်သေးတာပေါ့။ ယောကျ်ားက အဖက်မလုပ် ချောင်ထိုးထားတဲ့အပြင်ကို အပြင်မှာ ပွဲတက် မိန်းမတစ်ယောက်ပါ ထပ်ထားသေးတာ။ အဲဒီမိန်းမဘယ်လောက် စိတ်ပင်ပန်း စိတ်ဓာတ်ကျခဲ့မလဲ ... ဟင်။





အဟင်း ... မှိုခိုတဲ့။ အဲဒီစကားလုံးကို ထက်မြက်တဲ့ မိန်းမတွေကတော့ ကြိုက်မယ် မထင်ဘူး။ သိပ်လည်တဲ့ မိန်းမတွေကြတော့ မှိုခိုအမည်ခံပြီး နောက်ကနေ ယောကျ်ားကို ကြိုးကိုင်ခြယ်လှယ်ကြတယ်။ ကျွန်မက သိပ်တော့ မထက်မြက်ပါဘူး။ ဒါပေမဲ့ ရှင့်ကိုတော့ မမှိုခိုချင်ခဲ့ဘူး။ ရှင့်ဆီမှာ ကျွန်မ မှိုခိုချင်စရာကောင်းတဲ့ မေတ္တာတရားတွေ မရှိဘူးလေ။ ရှင့်ရဲ့နွေးထွေးတဲ့ရင်ခွင်ကို ရှူစန် ခိုဖူးရင် ခိုဖူးလိမ့်မယ်။ ကျွန်မ မှိုခိုခွင့်ရခဲ့သလား။ ဒါပေမဲ့လေ ... ကျွန်မ ခုချိန်မှာ ရှင့်ကို စိတ်မဆိုးတော့ပါဘူး။ ဘာသာရေးကို ထဲထဲဝင်ဝင် လေ့လာလိုက်တော့ ဒါတွေက အတိတ်က ကိုယ်ပြုခဲ့ဖူးတဲ့ မကောင်းမှုကြောင့်လို့ပဲ မှတ်လိုက်ပါတယ်။ အားလုံးကို ခွင့်လွှတ်နိုင်သွားတယ်။ ဒါပေမဲ့ ဒီမှာ ရှင်နဲ့ဆက်ပေါင်းဖို့တော့ လုံးဝကို စိတ်မပါတော့ပါဘူး။ အခုချိန်မှာ ရှင်ပေးတဲ့ နွေးထွေးမှုက နှစ်ပေါင်းများစွာ အေးခဲခဲ့တဲ့ ကျွန်မ နှလုံးသားကို အရည်မပျော်နိုင်တော့ပါဘူး။ ကျွန်မကို လွှတ်မြောက်ခွင့် ပေးပါတော့။

"အိချို"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာဆက်ပြောရမှန်း မသိတော့။ သူမပြောတာ စကားကုန်နေပြီလေ။ ရင်ခွင်တစ်ခုလုံး ဗူးရှူးရှူး ပူလောင်နေသည်။

ဟုတ်ပါတယ်၊ သူတို့နှစ်ယောက် တစ်ခါမှ ကြည်ကြည်နူးနူး မနေခဲ့ဘူးသလို စကားလည်း တစ်ခါမှ မများဘူးခဲ့ပါ။

သူမဟာ သူပြုသမျှနု၊ သူထားရာနေ၊ သူစေရာသွား။ သူ့ကို တစ်ခါမှ အထွန့်မတက်ခဲ့။ ပြဿနာမရှာခဲ့။ သူကလည်း အဲလို မိန်းမမျိုးကိုပဲ လိုချင်ခဲ့တာလေ။ ခုတော့ သူမရင်ထဲမှာ အစိုင်အခဲကြီး ဖြစ်သွားပြီ။ အကြိမ်ကြိမ် မိုချခဲ့ရတဲ့ နာကျင်မှုတွေက ဆေးမတိုးတော့ပြီ။

သိပ်ထက်မြက်တဲ့ မိန်းမတွေက မိုခိုမဖြစ်ချင်ဘူးတဲ့။

သေချာတာပေါ့။

သိပ်လည်တဲ့ မိန်းမတွေကျတော့ မိုခိုချင်ယောင်ဆောင်ပြီး နောက်ကွယ်ကနေ ယောက်ျားကို ကြိုးကိုင်သတဲ့။

မှန်တာပေါ့။

အဲဒါကြောင့် အဲဒီလို မိန်းမတွေကို မယူခဲ့တာပေါ့။

သူ လိုချင်တာ တကယ့်မိုခိုစစ်စစ်။ ဒါပေမဲ့ သူမကလည်း သူ့ကို မမိုခိုချင်ခဲ့ဘူးတဲ့လေ။





"ကိုယ်နဲ့နည်းနည်းလောက် ထပ်နေပေးလို့ မရတော့ဘူးလား"

"ဟင့်အင်း"

"တစ်နှစ်လောက်ပါပဲ"

"တစ်ရက်တောင် မနေချင်တော့ပါဘူး"

"ကိုယ့်ကို အခွင့်အရေး မပေးတော့ဘူးလား"

"ရှင့်တုန်းကလည်း ကျွန်မကို အခွင့်အရေး မပေးခဲ့ဖူးပါဘူး"

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



သားတွေ သိတော့လည်း အံ့ဩကုန်ကြသည်။ ဒါပေမဲ့ သားငယ်က ပိုနားလည်သည်။

"မေမေက ဖေဖေ့ကို ဒီနည်းနဲ့ အနိုင်ယူတာ"

တဲ့လေ။ ဟုတ်မှာပါ။ ကိုသစ်မောင် သူမကိုလက်ထပ်ဖို့ ခေါ်သွားတဲ့နေ့ကတည်းက ကိုသစ်မောင် သူမကို တကယ်ချစ်တာကို ခံစားလို့ ရခဲ့ပါသည်။

ချစ်လျှက်နဲ့ ရက်စက်ခဲ့တာကိုသာ နားမလည်နိုင်ခဲ့တာပါ။

သူက ချစ်လို့ အနိုင်ယူခဲ့တာကို။

သူမကတော့ မချစ်ဘဲ သည်းခံခဲ့ရသည်။

ဘာတဲ့ ...။ သူတို့ ကမ္ဘည်းတပ်တာ။ Rough Love ဆိုပဲ။ ခပ်ကြမ်းကြမ်း ချစ်ခဲ့မိတာဆိုပဲ။ သူ့ အချစ်ကြမ်းတာကို သူမဘက်က ခံနိုင်ရည်မရှိဘဲ သည်းခံခဲ့ရတယ်။





သူခေါ်သွားတဲ့ နေ့ကတည်းက သတ္တိရှိရှိနဲ့ သူ့ကို ငြင်းဆန်နိုင်ခဲ့ရင် သူမ ခုလို အိမ်ထောင်ရေးမျိုးနဲ့ ကြုံရမှာ မဟုတ်။ ဒါပေမဲ့ ခုချိန်မှာတော့ သူမ သတ္တိတွေ၊ ခွန်အားအပြည့် ရှိနေပါပြီ။ ဒီအချိန်မှာတော့ ဘာမှင့်စရာ ညှာတာစရာလည်း မရှိတော့ပါပြီ။

ပြီးတော့ သူပေးခဲ့တဲ့ ရိုက်ခတ်မှုတွေက ဘာသာရေးလုပ်ဖို့ တွန်းအားတွေ ဖြစ်နေခဲ့၏။

အမှန်တိုင်း ဝန်ခံရရင် စိတ်ညစ်တာကို ဘာသာရေးနဲ့ ဖြေခဲ့တာပါ။ အိမ်ထောင်ရေးကို ဘာသာရေးနဲ့ ဖြေခဲ့တာပါ။ အိမ်ထောင်ရေး သာယာပျော်ရွှင်နေရင်တောင် ဘာသာရေးမှာ ခုလောက် စိတ်ရောက်မှာ မဟုတ်ပါ။ ခလုတ်ထိမှ အမိတသလိုမျိုးပေါ့။ အဆင်မပြေမှုတွေကြောင့် ဘာသာရေးလုပ်ရင်း အေးငြိမ်းခြင်းအစစ်ကို ရှာဖွေတွေ့ရှိခဲ့တာမို့ သူမ သူ့ကို ကျေးဇူးတောင် တင်မိပါသေးသည်။

သူနဲ့ဆက်နေချင်စိတ်ကတော့ မြူတစ်မှုန်စာတောင် မရှိတော့ပါဘူး။ ခုချိန်မှာ သူပေးလာတဲ့ နွေးထွေးမှုကလည်း သူမကို ဆွဲဆောင်နိုင်စွမ်း မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက သူမစိတ်ကို ခုမှ သိလိုက်ရကာ အရမ်းကို တုန်လှုပ်သွားသည်။ သားတွေကလည်း အိမ်ထောင်ခွဲသွားပြီ။ သူမကလည်း ခွဲခွာသွားတော့မည်။ သူ တစ်ယောက်တည်း ဘာလုပ်ရမလဲ။

သူမကို အကြိမ်ကြိမ် ချော့မော့တောင်းပန်သော်လည်း အရာမထင်တော့ပါ။ သူ့မှာ မျက်ရည်တွေတောင် ကျသည်။ ဘဝမှာ အမြဲလိုတရခဲ့တဲ့ သူတစ်ယောက်ရဲ့ ကျဆုံးခန်းက ဘယ်လိုမှ သနားစရာ မကောင်း။

"ရှင် ဘာလို့ ကျွန်မကို တောင်းပန်နေတာလဲ။ ကျွန်မ တုန်းက ကျွန်မကို ငဲ့ညှာဖို့ မတောင်းဆိုခဲ့ဘူးလေ။ မိန်းကလေးဖြစ်တဲ့ ကျွန်မတောင် ခံနိုင်ရည်ရှိခဲ့တယ်လေ"

"အိချိုရယ်"

"တကယ်တော့လေ။ ရှင်နဲ့ တကယ်လိုက်ဖက်တာ ရူစန်ပါ။ ရူစန်ကမှ ရှင်နဲ့ တကယ်ရှေ့သွားနောက်လိုက် ညီပြီး ပွဲလည်တင့်စေမယ့်သူပါ။ တကယ်တော့ အိမ်ထောင်ပြုကြတဲ့အခါမှာ ကိုယ်နဲ့ အနေအထားတူ၊ အဆင့်အတန်းတူတဲ့သူနဲ့ ယူကြတာသာ အကောင်းဆုံးပါ။ အလွှာမတူ





တဲ့ အခါကျတော့ ညှိလို့ရရင်တော့ ကောင်းတယ်၊ ညှိလို့ မရတဲ့အခါကျရင် နှစ်ဦးနှစ်ဖက်စလုံးအတွက် အဆင်မပြေဘူး။ ဒါပေမဲ့ ရှင်နဲ့ကျွန်မ အတိတ်က ရေစက်ရှိခဲ့ကြလို့ ဒီဘဝ ဒီလိုဆုံရတာ နေမှာပါလေ။ ပြီးပြီးတာတွေ မေ့ပစ်ပြီး အပြုံးနဲ့ပဲ ကျွန်မကို ခွင့်ပြုပေးပါ ကိုသစ်"

"ကိုယ် နားလည်သွားပြီ အိချို။ အိချိုကို လုံးဝတားလို့ ရမှာမဟုတ်တော့ဘူးဆိုတာ ကိုယ် ကောင်းကောင်းသဘောပေါက်သွားပြီ။ ကိုယ့်အပြစ်တွေပါ။ ကိုယ်စိတ်ချမ်းသာဖို့ပဲ ကြည့်ခဲ့မိတာ ကိုယ့်အမှားပါ။ ပြင်ဆင်ခွင့်တောင် မပေးတော့ဘူးလား"

"ကိုသစ် ... ကျွန်မသာ နွေးထွေးမှုကို လိုချင်ခဲ့ရင် အစကတည်းက ကြိုးစားခဲ့မှာပါ။ ကိုသစ်ကို ကျွန်မ မချစ်ဘဲ ယူခဲ့တယ်။ အိမ်ထောင်သည်ဘဝမှာ ကိုသစ်က ထပ်ပြီး ရက်စက်ခဲ့တယ်။ အိမ်ထောင်ရေးကို ကြောက်မက်ဖွယ် ငရဲတွင်းတစ်ခုလို မြင်သွားခဲ့တာ။ တကယ်တော့ သံသရာဆိုတာကြီးကိုက ကြောက်စရာ ကောင်းတာပါလေ။ အခု ကျွန်မက သံသရာဆိုတဲ့ မဆုံးနိုင်အောင် လည်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



စက်ဝိုင်းကြီးကနေ ထွက်ပေါက်ကို တွေ့သွားတာ ကိုသစ်ရဲ့။ လမ်းစလေး တွေ့နေမှတော့ သွားခွင့်ပေးပါနော်။ ကျွန်မဘဝမှာ တစ်ခါမှ မတောင်းဆိုဖူးဘူး။ အခုတောင်းဆိုတာလေးကို လိုက်လျောပေးပါ"

"ကောင်းပြီ။ အိချိုအတွက် ကိုယ်ကိုယ်တိုင် ကျောင်းဆောင်ဆောက်ပြီး လှူပေးမယ်"

"ဟင့်အင်း … ကိုသစ် လှူချင် တခြားမှာ လှူပါ။ အိချိုက တောရရိပ်သာ တစ်ခုခုမှာ သွားဝတ်မှာ။ သေချာတာက ရန်ကုန်လို မြို့ကြီးပြကြီးတွေနဲ့ မနီးတဲ့ နေရာတစ်ခုခုမှာပေါ့"

"တာဝန်မကျေခဲ့တဲ့ ကိုယ့်ကို ခွင့်လွှတ်ပါ"

"ဒါတွေက သံသရာတစ်ကွေ့ရဲ့ အကြွေးတွေပါ။ ကိုသစ်နဲ့ ကျွန်မကြား အကြွေးတွေ ကျေကောင်းပါရဲ့။ ကိုသစ်စွန့်ကို လက်ထပ်ချင်ရင်လည်း လက်ထပ်နိုင်ပါတယ်။ လုပ်ချင်သလိုလုပ်ပါ။ ကျွန်မနဲ့ ကိုသစ် ဒီဘဝအတွက်တော့ ဘာမှ မဆိုင်တော့ဘူးလို့ ကျွန်မ နှလုံးသွင်းလိုက်ပြီ"





"တစ်ခုတော့ မေးချင်သေးတယ်။ ကိုယ်က ကိုယ့်ကိုမိုနိုမယ့် မိန်းမကို ယူခဲ့တာ။ မင်းက ကိုယ့်ကို မိုနိုချင်စိတ် နည်းနည်းတောင် မရှိခဲ့ဘူးလား"

"သိပ်ထက်မြက်တဲ့ မိန်းမတွေက ယောကျ်ားတစ်ယောက်ရဲ့နောက်ကွယ်မှာ မိုနိုမလုပ်ချင်ကြဘူး။ သိပ်လည်တဲ့ မိန်းမတွေကျတော့ မိုနိုချင်ယောင်ဆောင်ပြီး ယောကျ်ားကို နောက်ကနေ ကောင်းကောင်း ကြိုးကိုင်တယ်။ သိပ်ကိုလည်ပြီး ထက်မြက်တဲ့ ပညာတတ်မိန်းမကတော့ သူ့မိသားစုဘဝကို ထိပ်ဆုံးရောက်အောင် တွန်းပို့နိုင်တယ်။ ဒါပေမဲ့ အဲလိုမိန်းမမျိုးရဲ့ အိမ်ထောင်ဦးစီးကလည်း သူ့ထက် ပိုတော်နေရမယ်။ မဟုတ်ရင်တော့ အိမ်ထောင်ဦးစီးဘဝကနေ သူမရဲ့အလုပ်သမားဘဝကို အလိုလို လျှောကျသွားနိုင်တယ်။ ဘာမှ အဖြစ်မရှိတဲ့ မိန်းမတွေကတော့ မိုနိုစစ်စစ်တွေပေါ့။ မိုနိုချင်စိတ်ကတော့ ဘယ်မိန်းမမှာမှ ရှိမှာမဟုတ်ဘူး။ မတတ်သာလို့ အိမ်ထောင်စုစာရင်းမှာ မိုနိုလို့ တစ်ဖက်သတ် စာရင်းသွင်းခံရပေမယ့် သားသမီးရေး၊ အိမ်ထောင်ရေး။ လူမှုရေး စသဖြင့် အဲဒီမိန်းမက



www.burmeseclassic.com

www.burmeseclassic.com



အကုန်တာဝန်ယူထားရတာလေ။ ပိုက်ဆံမရှာနိုင်ပေမယ့် အိမ်ထောင်ဦးစီး အေးအေးဆေးဆေး စီးပွားရှာနိုင်အောင် ကျန်တဲ့ကိစ္စအဝဝကို တာဝန်ယူထားရတာလည်း အဲဒီမှိုမှိုတွေပဲပေါ့။ မဟာဝါဒ လက်ကိုင်ထားတဲ့ ကိုသစ်လို ယောကျ်ားမျိုး နားလည်အောင် ရှင်းပြတာပါ။ ကျွန်မကို ခွင့်ပြုပေးလို့ ကျေးဇူးတင်ပါတယ်။ ကိုသစ်ကို ကျွန်မ တစ်ခါမှ မကန်တော့ဘူးပေမယ့် အခု ဒီနေ့ ကန်တော့ပြီး နှုတ်ဆက်ပါ ဘယ်။ ကျွန်မလည်း ပြုံးပြုံးလေး ကန်တော့မယ်။ ကိုသစ်လည်း ပြုံးပြုံးလေးပဲ ကန်တော့ခံပေးပါ။

❖ ✱ ❖

မွေးမြူလာန်းဆန်း ဘာဝပန်းကို
ထာဝရ ပန်ဆင်နိုင်ကြပါစေ

ရွှန်းရမိုး
22nd Dec' 14

ပေးစာများ၊ အကြံပြုစာများ၊ မိတ်ဆက်စာများ ပေးပို့လိုလျှင်
အမှတ်-၉/၁၁၊ လွှာ(ဂ)၊ ဇေယျ ဝတီလမ်း (ဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။